စတုတ္ထမနောဒ္ဓါရ မရဏာသန္နဝိထိ၌ ဘဝင်္ဂစလနဟု ဆိုအပ်သော မနောဒ္ဓါရ၌ ထင်ခြင်းသို့ ရောက်လာသော ပစ္စုပ္ပန်ပဋ္ဌာရုံ ပစ္စုပ္ပန်ရုပ် ဓမ္မာရုံ ကမ္မနိမိတ် ဂတိနိမိတ်တို့သည် စိတ္တက္ခဏ ၁၇-ချက် ခဏငယ် ၅၁-ချက်အသက်ပြည့်ကြကုန်သည် ဖြစ်၍

ပဋ္ဌိသန္ဓေနောင် ဆဋ္ဌမဘဝင်၏ ဘင်ခဏနှင့်အတူ ပြိုင်၍ချုပ်ကြကုန်၏။

မနောဒ္ဓါရမရဏာသန္နဝီထိစိတ်တို့၏ အာရုံကို ပြဆိုခြင်း....

မနောဒ္ဓါရမရဏာသန္နဝီထိစိတ်တို့သည် ကုသိုလ်ဇောစာ၍ သေသောသူဖြစ်အံ့....

(၁) အတိတ်ဖြစ်သော ကာမကုသိုလ်ကံ၊

(၂) ပစ္စုပ္ပန်ဖြစ်သော ပဉ္စာရုံ ရုပ်ဓမ္မာရုံ ကုသိုလ် ကမ္မနိမိတ်၊

(၃) အတိတ် ဖြစ်သော ပဉ္စာရုံ ရုပ်ဓမ္မာရုံ ကုသိုလ် ကမ္မနိမိတ်၊

(၄) ပစ္စုပ္ပန်ဖြစ်သော ပဉ္စာရုံ ရုပ်ဓမ္မာရုံ ကုသိုလ် ဂတိနိမိတ်၊

(၅) အတိတ် ဖြစ်သော ပဉ္စာရုံ ရုပ်ဓမ္မာရုံ ကုသိုလ် ဂတိနိမိတ်၊

တို့တွင် တပါးပါးကို အာရုံပြု၍ဖြစ်ကြကုန်၏။ **အကုသိုလ်ဇော စောၗ် သေသော၍သူဖြစ်အံ့....**

(၁) **အတိတ်ဖြစ်သော အကုသိုလ်ကံ၊**

(၂) ပစ္စုပ္ပန် ဖြစ်သော ပဉ္စာရုံ ရုပ်ဓမ္မာရုံ **အကုသိုလ် ကမ္ম**နိမိတ်၊

(၃) **အတိတ်ဖြစ်သော** ပဉ္စာရုံ ရုပ်**ဓမ္မာ**ရုံ **အ**ကုသိုလ် ကမ္ম**နိ**မိတ်၊

(၄) ပစ္စုပ္ပန်ဖြစ်သော ပဋ္ဌာန်ရုံ ရုပ်ဓမ္မာရုံ အကုသိုလ် ၈တို နိမိတ်၊

(၅) အတိတ်ဖြစ်သော ပဋ္ဌာန်ရုံ ရုပ်ဓမ္မာရုံ အကုသိုလ် ၈တို နိမိတ်၊

တို့ဝှင် တပါးပါးကို အာရုံပြု၍ ဖြစ်ကြကုန်၏။

ရှေဘဝင် နောက်ဘဝင် ဝုတိစိတ်တို့သည် ပစ္စုပ္ပန်ဘဝ ပဋ္ဌိသန္ဓေစိတ်၏ အာရုံကိုပင်လျှင် အာရုံပြု၍ဖြစ်ကြကုန်၏။

ဘဝသစ်၌ ကာမပဋ္ဌိသန္ဓေစိတ် ၁၀-တို့သည် မနောဒ္ဓါရိက မရဏာသန္နဇော်သည် ယူအပ်သောအတိတ်ကံ ၂-မျိုး၊ကမ္မနိမိတ်လေးမျိုး၊ ဂတိနိမိတ်လေးမျိုးတို့တွင် တပါးပါးကို အာရုံပြု၍ ဖြစ်ကြကုန်၏။ မနောဒ္ဓါရာဝဇ္ဇန်း၊ ဘဝနိကန္တိကလောဘဇော ၇-ကြိမ်တို့သည် ဘဝသစ် ပဋ္ဌိသန္ဓေနာမကွန္ဒာ ကမ္မဇရုပ်ကို အာရုံပြု၍ ဖြစ်ကြကုန်၏။ ဘဝသစ်၌ ဘဝင်စိတ်တို့သည် ပဋ္ဌိသန္ဓေစိတ်၏ အာရုံကိုပင်လျှင် အာရုံပြု၍ ဖြစ်ကြကုန်၏။

မနောဒ္ဓါရမရဏာသန္နဝိထိစိတ်တို့၏ မှီရာဝတ္ထုကိုပြဆိုခြင်း....

မနောဒ္ဓါရာဝဇ္ဇန်း၊ မရဏာသန္နဇော၊ တဒါရုံ၊ ရှေဘဝင်၊ နောက်ဘဝင်၊ ဝုတိစိတ်တို့သည် စုတိစိတ်မှ ပြန်၍ ရေတွက်အပ်သည်ရှိသော် ၁၇-ချက်မြောက်သောစိတ်၏ ဥပါဒ်ခဏနှင့် အတူပြိုင်၍ ဖြစ်သော ဟဒယဝတ္ထုကို မှီ၍ဖြစ်ကြကုန်၏။ ပဌမဘဝင်စိတ်တို့သည် ပဋ္ဌိသန္ဓေစိတ်၏ ဥပါဒ်ခဏနှင့်အတူပြိုင်၍ ဖြစ်သော ဟဒယဝတ္ထုကို မှီ၍ဖြစ်ကြကုန်၏။ ဒုတိယဘဝင် အစရှိသော နောက်နောက်သော ဘဝင် ၁၅-ချက်၊ မနောဒ္ဓါရာဝဇ္ဇန်း၊ ဘဝ

နိုကန္ဒိုက လောဘဇော အစဦးသော စိတ်တို့သည်မိမိ မိမိတို့၏ခွေ့ အနန္တရစိတ်၏ ဥပါဒ်ခဏနှင့် အတူပြိုင်၍ဖြစ်သော ဟဒယဝတ္ထု ကို မှီ၍ ဖြစ်ကြကုန်၏။

ကာမ ၁၁-ဘုံမှ စုတေ၍ ကာမ ၁၁-ဘုံ၌ ဖြစ်လတ်သော ပုဂ္ဂိုလ်၏ မရဏာသန္န ဝိထိပြီး၏။

:-o-:

ကာမသုဂတိ ၇-ဘုံမှ စုတေ၍ အသညသတ် ကြဉ်သော ရူပ ၁၅-ဘုံ၌ ဖြစ်လတ်သော ပုဂ္ဂိုလ်၏မရဏာသန္နဝိထိဖြစ်ပုံကား ...

နာ-ဒ-မ-မရဏာသန္နကုသိုလ်ဇော ၅-ကြိမ်၊ ကာမတိဟိတ် စုတိတကြိမ်၊ ရူပပဋိသန္ဓေတကြိမ်၊ ရူပဘဝင် ၁၅-ကြိမ်၊ ၁၆-ကြိမ်၊ မနောဒ္ဒါရာဝဇ္ဇန်း၊ ဘဝနိကန္တိကလောဘဇော ၇-ကြိမ်၊ ထို့နောင် ရူပဘဝင် ၅-ခုတို့တွင် တခုခုသည် ဘဝင် ဘဝင်ဟု ဘဝင်ကိုစွ ဖြစ်ထိုက်သမျှ ဖြစ်၍ချုပ်၏။

အာရုံကို ပြဆိုခြင်း....

ဤ မရဏာသန္နဝိထိ၌ နာ-ဒ-မ စုတိစိတ်တို့သည် ဘဝ၏ အစ ပဋိသန္ဓေစိတ်၏ အာရုံကိုပင်လျှင် အာရုံပြု၍ ဖြစ်ကြကုန်၏။ (o၊)အတိတ်ဖြစ်သောကံ ကမ္မနိမိတ် ဂတိနိမိတ် သုံးပါးတို့တွင် တပါးပါးကို အာရုံပြု၍ ဖြစ်ကြကုန်၏။

မနောဒ္ဒါရာဝဇ္ဇန်း မရဏာသန္နကုသိုလ်ဇောတို့သည် ပဌမ စျာန်သုံးဘုံ၌ ဖြစ်လတ်သောသူ ဖြစ်အံ့။ ကသိုဏ်းပညတ် ၁o-ပါး၊ အသုဘပညတ် ၁o-ပါး၊ ကာယဂတာသတိ၏ အာရုံ

ဖြစ်သော ဆံပင် အစရှိသော ကာယကောဋ္ဌာသပညတ်၊ အာနာ-ပါနသုတိ၏ အာရုံဖြစ်သော ထွက်သက် ဝင်သက် ပညတ်၊ မေတ္တာ၏အာရုံဖြစ်သော ခပ်သိမ်းသော သုခိတ ဒုက္ခိတသတ္တဝါ ပညတ်၊ ကရုဏာ၏ အာရုံဖြစ်သော ခပ်သိမ်းသော ဒုက္ခိတ သတ္တဝါပညတ်၊ မုဒိတာ၏ အာရုံဖြစ်သော ခပ်သိမ်းသော သုခိတသတ္တဝါပညတ်၊ ဤ ၂၅ ပါးသော ပညတ်အာရုံတို့တွင် တပါးပါးသော ပညတ်အာရုံကို အာရုံပြု၍ ဖြစ်ကြကုန်၏။

ဒုတိယစျာန်သုံးဘုံ၊တတိယစျာန်သုံးဘုံ၌ ဖြစ်လတံ့သောသူ ဖြစ်အံ့၊ ကသိုဏ်းပညတ် ၁၀-ပါး၊ အာနာပါနသတိ၏ အာရုံ ဖြစ်သော ထွက်သက် ဝင်သက်ပညတ်၊ မေတ္တာ၏အာရုံဖြစ်သော ခပ်သိမ်းသော သုခိတ ဒုက္ခိတ သတ္တဝါပညတ်၊ ကရုဏာ၏အာရုံ ဖြစ်သော ခပ်သိမ်းသော ဒုက္ခိတသတ္တဝါပညတ်၊ မုဒိတာ၏ အာရုံဖြစ်သော ခပ်သိမ်းသော သုခိတသတ္တဝါပညတ်၊ ဤ ၁၄ ပါးသော ပညတ်အာရုံတို့တွင် တပါးပါးသော ပညတ်အာရုံကို အာရုံပြု၍ ဖြစ်ကုန်၏။

ဝေဟပ္ဖိုလ်ဘုံ၊ သုဒ္ဓါဝါသ ၅-ဘုံ၌ ဖြစ်လတံ့သောသူ ဖြစ်အံ့။ ကသိုဏ်းပညတ် ၁၀-ပါး၊ အာနာပါနသတိ၏ အာရုံ ဖြစ်သော ထွက်သက် ဝင်သက်ပညတ်၊ ဥပေက္ခာ၏အာရုံဖြစ်သော ခပ်သိမ်းသော သုခိတ ဒုက္ခိတသတ္တဝါပညတ်၊ ဤ ၁၂-ပါးသော ပညတ်အာရုံတို့တွင် တပါးပါးကို အာရုံပြု၍ ဖြစ်ကြကုန်၏။

ဘဝသစ်၌ ပဋိသန္ဓေ၊ ဘဝင် ၁၅ ချက်၊ ၁၆ ချက်၊ ဘဝ နိကန္တိကလောဘတော၏ နောက်၌ ဖြစ်သော ဘဝင်တို့သည်

မနောဒ္ဒါရမရဏာသန္နကုသိုလ်ဇောသည် ယူအပ်ပြီးသော ပဌမစျာန်ဝိပါက်ပဋိသန္ဓေဖြစ်အံ့၊ ၂၅ ပါးသော ပညတ်အာရုံ။ ဒုတိယ တတိယ စတုတ္ထစျာန်ဝိပါက်ပဋိသန္ဓေဖြစ်အံ့၊ ၁၄ ပါးသော ပညတ်အာရုံ။ ပဉ္စမစျာန်ဝိပါက်ပဋိသန္ဓေဖြစ်အံ့၊ ၁၂ ပါးသော ပညတ်အာရုံတို့တွင် တပါးပါးသော ပညတ်အာရုံကို အာရုံပြု၍ ဖြစ်ကြကုန်၏။

မနောဒ္ဒါရာဝဇ္ဇန်း၊ ဘဝနိကန္တိကလောဘဇော ၇ ကြိမ်တို့သည် ဘဝသစ်ရူပပဋိသန္ဓေနှာမကွန္ဒာကမ္မဇရူပ်ကို အာရုံပြု၍ ဖြစ်ကြကုန်၏။ ဘဝသစ်၌ ဘဝင်စိတ်တို့သည် ပဋိသန္ဓေစိတ်၏ အာရုံကိုပင်လျှင် အာရုံပြု၍ ဖြစ်ကြကုန်၏။

မှီရာဝတ္ထုကို ပြဆိုခြင်း....

ဤ မရဏာသန္နဝီထိ၌ နာ-ဒ-မ-မရဏာသန္နကုသိုလ်ဇော၊ စုတိစိတ်တို့သည် စုတိစိတ်မှ ပြန်၍ ရေသည်ရှိသော် ၁၇ ချက်မြောက်သော စိတ်၏ ဥပါဒ်ခဏနှင့်အတူ ပြိုင်၍ ဖြစ်ကြသော ဟဒယဝတ္ထုကိုမှီ၍ ဖြစ်ကြကုန်၏။

ဘဝသစ်၌ ပဋိသန္ဓေစိတ်တို့သည် မိမိ မိမိတို့၏ ဥပါဒ်ခဏနှင့်အတူ ပြိုင်၍ဖြစ်သော ဟဒယဝတ္ထုကိုမှီ၍ ဖြစ်ကြကုန်၏။ ဘဝင် ၁၅ ချက်၊ ၁၆ ချက်၊ မနောဒ္ဒါရာဝဇ္ဇန်း၊ ဘဝနိကန္တိကဇလောဘဇော၊ ဘဝင်စိတ်တို့သည် မိမိ မိမိတို့၏ ရှေအနန္တရစိတ်၏ ဥပါဒ်ခဏနှင့်အတူ ပြိုင်၍ဖြစ်သော ဟဒယဝတ္ထုကို မှီ၍ ဖြစ်ကြကုန်၏။

ကာမသုဂတိဘုံမှ စုတေ၍ အသညသတ်ဘုံ၌ ဖြစ်လတံ့သော ဗုဒ္ဓိုလ်၏ မရဏာသန္နဝိထိဖြစ်ပုံကား....

နာ-ဒ-မ-မရဏာသန္နကုသိုလ်ဧာ ၅ ကြိမ်၊ ကာမတိဟိတ် စုတိတကြိမ်၊ ထို့နောင် ရူပါဝစရပဋိသန္ဓေမစျာန် ကုသိုလ်စေတနာသည် ဖြစ်စေအပ်သော ဇီဝိတနဝက ကလာပ်ရုပ်သည် ပဋိသန္ဓေကိစ္စတကြိမ်၊ ထို့နောင် အစစ္ဓာသော ဇီဝိတနဝက ကလာပ်ရုပ်၏ ဌီမှစ၍ အဆုံးစွန်သော ဇီဝိတနဝက ကလာပ်ရုပ်၏ ဌီတိုင်အောင် ပဝတ္တိအခါ၌ (၁) ဇီဝိတနဝက ကလာပ်၊ (၂) ဥတုဇသုဒ္ဓဋ္ဌက ကလာပ်၊ (၃) ဥတုဇလဟုတာဒိကော ဒသက ကလာပ်တို့သည် ဘဝင်ကိစ္စ ဖြစ်ထိုက်သမျှ ဖြစ်၍ချုပ်၏။ ဘဝ၏အဆုံး၌ ဇီဝိတနဝက ကလာပ်ရုပ်သည် စုတိကိစ္စ ဖြစ်၍ ချုပ်၏။

အာရုံကို ပြဆိုခြင်း....

ဤ မရဏာသန္နဝိထိ၌ နာ-ဒ-မ-စုတိစိတ်တို့သည် ဘဝ၏အစ ပဋိသန္ဓေ၏ အာရုံကိုပင်လျှင် အာရုံပြု၍ ဖြစ်ကြကုန်၏။ (၀၁) အတိတ်ဖြစ်သောကံ ကမ္မနိမိတ် ဂတိနိမိတ်သုံးပါးတို့တွင် တပါးပါးကို အာရုံပြု၍ ဖြစ်ကြကုန်၏။

ပဋိသန္ဓိ ဘဝင်ဆု၊ တဏှာ ဝေစန မာနသံ။
ကေမေ၀ တထေ၀ေကာ၊ ဝိသယဠေက ဇာတိယံ-ထေ၀ကာ။

မနောဒ္ဒါရာ၀ဇ္ဇန်း၊ မရဏာသန္နကုသိုလ်ဧာတို့သည် သမာန ၀ါဒအားဖြင့် ၀ါယောကသိုဏ်းပညတ်၊ ကေစိ၀ါဒအားဖြင့် အာကာသကသိုဏ်းပညတ်ကို အာရုံပြု၍ ဖြစ်ကြကုန်၏။

မှီရာဝတ္ထုကို ပြဆိုခြင်း....

နာ ဒ-မ-မရဏာသန္နကုသိုလ်ဇော ၅ ကြိမ်၊ စုတိစိတ်တို့သည် စုတိစိတ်မှ ပြန်၍ ရေသည်ရှိသော် ၁၇ ချက်မြောက်သောစိတ်၏ ဥပါဒ်ခဏနှင့်အတူ ပြိုင်၍ဖြစ်သော ဟဒယဝတ္ထုကိုမှီ၍ ဖြစ်ကြကုန်၏။

ကာမသုဂတိ ၇ ဘုံမှစုတေ၍ အရူပလေးဘုံ၌ ဖြစ်လတံ့သော ပုဂ္ဂိုလ်၏ မရဏာသန္နဝီထိဖြစ်ပုံကား....

နာ ဒ-မ-မရဏာသန္နကုသိုလ်ဇော ၅ ကြိမ်၊ အရူပဝိညာဏ်ခန္ဓာ ၄ ကြိမ်၊ အရူပဘဝင် ၁၅ ကြိမ်၊ ၁၆ ကြိမ်၊ မနောဒ္ဒါရာဝဇ္ဇန်း၊ ဘဝနိကန္တိကသောဘဇော ၇ ကြိမ်၊ ထို့နောင် အရူပဘဝင်လေးခုဘို့တွင် တခုခုသည် ဘဝင် ဘဝင်ဟု ဘဝင်ကိစ္စ ဖြစ်ထိုက်သမျှ ဖြစ်၍ချုပ်၏။

ဤ မရဏာသန္နဝီထိ၌ အာရုံအားဖြင့် နာ ဒ စုတိစိတ်တို့သည် ဘဝ၏သစ် ပဋိသန္ဓေစိတ်၏ အာရုံကိုပင်လျှင် အာရုံပြု၍ ဖြစ်ကြကုန်၏။ (ဝါ)အတ်တ်ဖြစ်သောကံ ကမ္မနိမိတ် ဂတိနိမိတ်တို့တွင် တပါးပါးကို အာရုံပြု၍ ဖြစ်ကြကုန်၏။

မနောဒ္ဒါရာဝဇ္ဇန်း၊ မရဏာသန္နကုသိုလ်ဇောတို့သည် အာ-ကာသာနဉ္စာယတနဘုံ၌ ဖြစ်လတံ့သောသူ ဖြစ်အံ့။ အာကာသကသိုဏ်းကြီးသော ကသိုဏ်း ၉ ပါးတို့တွင် တပါးပါးကို ခွါ၍ ရအပ်သော ကောင်းကင်ပညတ်ကမ္မနိမိတ်။ ဝိညာဏဉ္စာယတနဘုံ၌ ဖြစ်လတံ့သောသူ ဖြစ်အံ့၊ အတိတ်ဖြစ်သော အာကာသာ

နဋ္ဌာယဘနကုသိုလ်ကမ္မနိမိတ်။ အာကိဉ္စညာယတနဘုံ၌ ဖြစ်လတံ့သောသူ ဖြစ်အံ့၊ အာကာသာနဋ္ဌာယဘနစျာန်၏ မရှိခြင်းတည်းဟူသော နတ္ထိဘော ပညတ် ကမ္မ နိမိတ်။ နေဝသညာနာသညာယတနဘုံ၌ ဖြစ်လတံ့သောသူဖြစ်အံ့၊အတိတ်ဖြစ်သော အာကိဉ္စညာယတန ကုသိုလ်ကမ္မနိမိတ်ကို အာရုံပြု၍ ဖြစ်ကြကုန်၏။

မှိုရာဝတ္ထုကို ပြဆိုခြင်း....

နာ-၃-မ-မရဏာသန္နကုသိုလ်ဇော ၅ ကြိမ်၊ စုတိစိတ်တို့သည် စုတိစိတ်မှ ပြန်၍ ဓရသည်ရှိသော် ၁၇ ချက်မြောက်သော စိတ်၏ ဥပါဒ်ခဏနှင့်အတူ ပြိုင်၍ဖြစ်သော ဟဒယဝတ္ထု မှီ၍ ဖြစ်ကြကုန်၏။

အာရုံကို ပြဆိုခြင်း....

အာကာသာနဋ္ဌာယတန ပဋိသန္ဓေ စိတ်သည် မနောဒ္ဒါရိကမရဏာသန္န ကုသိုလ်ဇောသည် ယူအပ်သော အာကာသကသိုဏ်းကြဉ်သော ကသိုလ်း ၉-ပါးတို့တွင် တပါးပါးကို ခွါ၍ ရဒေါင်သော ကောင်းကင်ပညတ်ကမ္မနိမိတ်ကို အာရုံပြု၍ ဖြစ်၏။

ဝိညာဏဋ္ဌာယတနပဋိသန္ဓေစိတ်သည် မနောဒ္ဒါရိကမရဏာသန္နကုသိုလ်ဇောသည် ယူအပ်သော အတိတ်ဖြစ်သော အာကာသာနဋ္ဌာယဘနကုသိုလ်ကမ္မနိမိတ်ကို အာရုံပြု၍ ဖြစ်၏။

အာကိဉ္စညာယတနပဋိသန္ဓေစိတ်သည် အာကာသာနဋ္ဌာယတနစျာန်၏ မရှိခြင်းတည်းဟူသော နတ္ထိဘောပညတ်ကမ္မနိမိတ်ကို အာရုံပြု၍ ဖြစ်၏။

နေ၀သညာနာသညာယတနပဋိသန္ဓေစိတ်သည် မနောဒ္ဓါရိ ကမရဏာသန္နကုသိုလ်ဇောသည် ယူအပ်သော အတိတ်ဖြစ်၍သော အာဂတိဥာဏ်ယတနကုသိုလ်ကမ္မနိမိတ်ကို အာရုံပြု၍ ဖြစ်၏။

ဘ၀၀င် ၁၅-ကြိမ်၊ ၁၆-ကြိမ်နှင့် ဘ၀နိကန္တိကလောဘဇော၏ နောက်ဌာဖြစ်သော ဘ၀၀င်စိတ်တို့သည် ဘ၀သစ်ပဋိသန္ဓေစိတ်၏ အာရုံကိုပင်လျှင် အာရုံပြု၍ ဖြစ်ကြကုန်၏။ မနောဒ္ဓါဝုဝဇ္ဇန်း ဘ၀နိကန္တိက လောဘဇော တို့သည် အရူပပဋိသန္ဓေနာမကွန္ဓာကို အာရုံပြု၍ ဖြစ်ကြကုန်၏။ ပဋိသန္ဓေ၊ ဘ၀၀င် ၁၅ ကြိမ်၊ ၁၆-ကြိမ်၊ မနောဒ္ဓါဝုဝဇ္ဇန်း၊ ဘ၀နိကန္တိကလောဘဇော၊ ဘ၀၀င်စိတ်တို့သည် ဝတ္ထုရူပ်ကို မမှီပဲ ဖြစ်ကုန်၏။

ရူပဘုံသားတို့၏ မရဏာသန္နဝိထိသုံးမျိုးကား....

(၁) အသညသတ် အကနိဋ္ဌကြဉ်သော ရူပ ၁၄-ဘုံမှ စုတေ၍ အသညသတ်ကြဉ်သော ရူပ ၁၅-ဘုံ၌ ဖြစ်လတ်သော ပုဂ္ဂိုလ်၏ မရဏာသန္နဝိထိ။

(၂) ဝေဟပ္ဖိုလ်တိုင်အောင်သော ရူပါ၀စရ ၁၀-ဘုံမှ စုတေ၍ အရူပ ၄-ဘုံ၌ ဖြစ်လတ်သော ပုဂ္ဂိုလ်၏ မရဏာသန္နဝိထိ။

(၃) ဝေဟပ္ဖိုလ်တိုင်အောင်သော ရူပါ၀စရ ၁၀-ဘုံ အသညသတ်ဘုံမှ စုတေ၍ ကာမသုဂတိ ၇-ဘုံ၌ ဖြစ်လတ်သော ပုဂ္ဂိုလ်၏ မရဏာသန္နဝိထိ တည်း။

ထိုတွင်-

(၁) အသည္ယတ် အကနိဋ္ဌကြဉ်သော ရူပ ၁၄-ဘုံမှ စုတေ၍ အသည္ယတ်ကြဉ်သော ရူပ ၁၅-ဘုံ၌ ဖြစ်လတ်သော ပုဂ္ဂိုလ်၏ မရဏာသန္နဝီထိ ဖြစ်ပုံကား-နာ-၁-မ-မရဏာသန္နကုသိုလ်ဇော ၅-ကြိမ်၊ ရူပစုတိတကြိမ်၊ ရူပပဋိသန္ဓေတကြိမ်၊ ရူပဘဝင် ၁၅-ကြိမ်၊ ၁၆-ကြိမ်၊ ဘဝနိကန္တိကလောဘဇော ၇-ကြိမ်၊ ထို့နောင် ရူပဘဝင် ၅-ခုတို့တွင် တခုခုသည် ဘဝင်ဘဝင်ဟု ဘဝင်ကိစ္စ ဖြစ်ထိုက်သမျှ ဖြစ်၍ချုပ်၏။

ဤ မရဏာသန္နဝီထိ၌ နာ-၁-စုတိစိတ်တို့သည် ဘဝ၏ အစပဋိသန္ဓေစိတ်၏ အာရုံကိုပင်လျှင် အာရုံပြု၍ ဖြစ်ကြကုန်၏။ မနောဒ္ဓါဆုဝင်္ဂန်း၊ မရဏာသန္နကုသိုလ်ဇောတို့သည် ပဌမစျာန်သုံးဘုံ၌ ဖြစ်လတ်သောသူ ဖြစ်အံ့၊ ပထဝီကသိုဏ်း အစရှိသော ၂၅-ပါးသော ပညတ်ကမ္မနိမိတ်။ ဒုတိယစျာန်သုံးဘုံ၊ တတိယစျာန်သုံးဘုံ၌ ဖြစ်လတ်သောသူ ဖြစ်အံ့၊ ပထဝီကသိုဏ်း အစရှိသော ၁၄-ပါးသော ပညတ်ကမ္မနိမိတ်၊ ဝေဟပ္ဖလ်ဘုံ၊ သုဒ္ဓါဝါသ ၅-ဘုံ၌ ဖြစ်လတ်သောသူ ဖြစ်အံ့၊ ပထဝီကသိုဏ်း အစရှိသော ၁၂-ပါးသော ပညတ်ကမ္မနိမိတ်။ ဤ ၂၆-ပါးသော ပညတ်ကမ္မနိမိတ်တို့တွင် တပါးပါးကို အာရုံပြု၍ ဖြစ်ကြကုန်၏။

ဤနည်းအားဖြင့် နာ-၁-မ-မရဏာသန္နကုသိုလ်ဇော စုတိစိတ်တို့သည် ခုကိစိတ်မှ ပြန်၍ ရေဆည်ရှိသော် ၁၇-ချက်မြောက်သော စိတ်၏ ဥပါဒေကနှင့်အတူ ပြိုင်၍ဖြစ်သော ဟဒယဝတ္ထုကို မှီ၍ ဖြစ်ကြကုန်၏။

အာရုံအားဖြင့် ရူပပဋိသန္ဓေစိတ် ၅-ခုတို့သည် ပဋ္ဌမစျာန်ဝိပါက်ပဋိသန္ဓေဖြစ်အံ့၊ မနောဒ္ဒါရိကမရဏာသန္နကုသိုလ်ဇောသည် ယူအပ်သော ပထဝီကသိုဏ်း အစရှိသော ၂၅-ပါးသော ပညတ်ကမ္မနိမိတ်။ ဒုတိယစျာန်ဝိပါက်၊ တတိယစျာန်ဝိပါက်၊ စတုတ္ထစျာန်ဝိပါက်ပဋိသန္ဓေ ဖြစ်အံ့၊ ပထဝီကသိုဏ်း အစရှိသော ၁၄-ပါးသော ပညတ်ကမ္မနိမိတ်။ ပဉ္စမစျာန်ဝိပါက်ပဋိသန္ဓေ ဖြစ်အံ့၊ ပထဝီကသိုဏ်း အစရှိသော ၁၂-ပါးသော ပညတ်ကမ္မနိမိတ်။ ဤ ၂၆ ပါးသော ပညတ်ကမ္မနိမိတ်တို့တွင် တပါးပါးကို အာရုံပြု၍ ဖြစ်ကြကုန်၏။

ဘဝင် ၁၅ ကြိမ်၊ ၁၆ ကြိမ်နှင့် ဘဝနိကန္တိကလောဘဇော၏ နောက်၌ဖြစ်သော ဘဝင်စိတ်တို့သည် ဘဝသစ်ပဋိသန္ဓေစိတ်၏ အာရုံကိုပင်လျှင် အာရုံပြု၍ ဖြစ်ကြကုန်၏။ မနောဒ္ဒါရုဝဇ္ဇန်း၊ ဘဝနိကန္တိကလောဘဇော်တို့သည် ရူပပဋိသန္ဓေနာမကွန္ဓာကမ္မဇရူပ်ကို အာရုံပြု၍ ဖြစ်ကြကုန်၏။

မှီရာအားဖြင့် ရူပပဋိသန္ဓေစိတ် ၅ ခုတို့သည် မိမိ မိမိတို့၏ ဥပါဒိဒ်ခဏနှင့်အတူ ပြိုင်၍ဖြစ်သော ဟဒယဝတ္ထုကို မှီ၍ ဖြစ်ကြကုန်၏။ ဘဝင် ၁၅ ကြိမ်၊ ၁၆ ကြိမ်၊ မနောဒ္ဒါရုဝဇ္ဇန်း၊ ဘဝနိကန္တိကလောဘဇော်တို့သည် မိမိ မိမိတို့၏ ရှေ့အနိန္တရစိတ် ဥပါဒိဒ်ခဏနှင့်အတူ ပြိုင်၍ဖြစ်သော ဟဒယဝတ္ထုကို မှီ၍ ဖြစ်ကြကုန်၏။

(၂) ဝေဟပ္ဖုလ်တိုင်အောင်သော ရူပါဝစရ ၁၀ ဘုံမှ စုတေ၍ အရူပလေးဘုံ၌ ဖြစ်လတံ့သော ပုဂ္ဂိုလ်၏ မရဏာသန္န

ဝီထိ ဖြစ်ပုံကား-နာ-ဒ-မ-မရဏာဝသန္နကုသိုလ်ဇော ၅ ကြိမ်၊ ရူပစုတိဘကြိမ်၊ အရူပပဋိသန္ဓေတကြိမ်၊ အရူပဘဝင် ၁၅ ကြိမ်၊ ၁၆ ကြိမ်၊ မဒနာဒ္ဒါဆုဝဇ္ဇန်း၊ ဘဝနိကန္တိကလောဘဇော ၇ ကြိမ်၊ အရူပဘဝင်လေးခုတို့တွင် တခုခုသည် ဘဝင် ဘဝင်ဟု ဘဝင်ကိစ္စ ဖြစ်ထိုက်သမျှ ဖြစ်၍ချုပ်၏။

ဤ မရဏာဝသန္နဝီထိ၌ နာ-ဒ-စုတိစိတ်တို့သည် ဘဝ၏အစ ပဋိသန္ဓေစိတ်၏ အာရုံကိုပင်လျှင် အာရုံပြု၍ ဖြစ်ကြကုန်၏။ မနောဒ္ဒါဆုဝဇ္ဇန်း မရဏာဝသန္နကုသိုလ်ဇောတို့သည် အာကာသာနဉ္စာယတနဘုံ၌ ဖြစ်လတံ့သောသူ ဖြစ်အံ့၊ အာကာသကသိုဏ်း ကြဉ်သော ကသိုဏ်း ၉ ပါးတို့တွင် တပါးပါးကို ခွဲ၍ ရအပ်သော ဓာတ်ကင်းကင်ပညတ်ကမ္မဋ္ဌာန်မိတ်။ ဝိညာဏဉ္စာယတနဘုံ၌ ဖြစ်လတံ့သောသူ ဖြစ်အံ့၊ အတိတ်ဖြစ်သော အာကာသာနဉ္စာယတနကုသိုလ်ကမ္မဋ္ဌာန်မိတ်။ အာကိဉ္စညာယတနဘုံ၌ ဖြစ်လတံ့သောသူ ဖြစ်အံ့၊ အာကာသာနဉ္စာယတနစျာန်၏ မရှိခြင်းတည်းဟူသော နတ္ထိဘောပညတ်ကမ္မဋ္ဌာန်မိတ်။ နေဝသညာနာသညာယတနဘုံ၌ ဖြစ်လတံ့သောသူဖြစ်အံ့၊ အတိတ်ဖြစ်သော အာကိဉ္စညာယတနကုသိုလ် ကမ္မဋ္ဌာန်မိတ်တို့တွင် တပါးပါးကို အာရုံပြု၍ ဖြစ်ကြကုန်၏။

မိုဃုအားဖြင့် နာ-ဒ-မ-မရဏာဝသန္နကုသိုလ်ဇော၊ စုတိစိတ်တို့သည် စုတိစိတ်မှ ပြန်၍ ရေသည်ရှိသော် ၁၇-ချက်မြောက်သော ဝိတ်၏ ဥပါဒ်ခဏနှင့်အတူ ပြိုင်၍ဖြစ်သော ဟဒယဝတ္ထုကိုမှီ၍ ဖြစ်ကြကုန်၏။

အာရုံအားဖြင့် အာကာသာနဉ္စာယတနပဋိသန္ဓေ စိတ်သည် မနောဒ္ဒါရိုကမရဏာဝသန္နကုသိုလ်ဇောသည် ယူအပ်သော အာ

ကာသကသိုဏ်း ကြဉ်သော (ပ)ပညာ်ကမ္မနိမိတ်ကို အာရုံပြု၍ ဖြစ်၏။ ဝိညာဏ်ဥာယတနပဋ္ဌိသန္ဓေစိတ်သည် (ပ) ကုသိုလ်ကမ္မနိမိတ်ကို အာရုံပြု၍ ဖြစ်၏။ အာကိဉ္စညာယတနပဋ္ဌိသန္ဓေစိတ်သည် (ပ) နတ္ထိဘောပညတ်ကမ္မနိမိတ်ကို အာရုံပြု၍ ဖြစ်၏။ နေဝသညာနာသညာယတနပဋ္ဌိသန္ဓေစိတ်သည် (ပ) ကုသိုလ်ကမ္မနိမိတ်ကို အာရုံပြု၍ ဖြစ်၏။

ဘဝင် ၁၅ ကြိမ်၊ ၁၆ ကြိမ်နှင့် ဘဝနိကန္တိကလောဘဇော၏ နောက်ဌ်ဖြစ်သော ဘဝင်စိတ်တို့သည် ဘဝသစ်ပဋ္ဌိသန္ဓေစိတ်၏ အာရုံကိုပင်လျှင် အာရုံပြု၍ ဖြစ်ကြကုန်၏။ မနောဒ္ဒါရာဝဇ္ဇန်း ဘဝနိကန္တိကလောဘဇောတို့သည် အရူပပဋ္ဌိသန္ဓေနာမကွန္ဓာကို အာရုံပြု၍ ဖြစ်ကြကုန်၏။

မှီရာအားဖြင့် ပဋ္ဌိသန္ဓေ ဘဝင် မနောဒ္ဒါရာဝဇ္ဇန်း ဘဝနိကန္တိကလောဘဇော ဘဝင်စိတ်တို့သည် ဝတ္ထုရူပ်ကို မမှီဘဲဖြစ်ကြကုန်၏။

(၃) ဝေဟပ္ဖိုလ်တိုင်အောင်သော ရူပါဝစရ ၁ဝဘုံမှစုံတေ၍ကာမသုဂတိ၇-ဘုံ၌ဖြစ်လတံ့သော ပုဂ္ဂိုလ်၏ မရဏာသန္န ဝိထိဖြစ်ပုံကား နှ-ဒ-မ-မရဏာသန္နကုသိုလ်ဇော ၅-ကြိမ်၊ ရူပဇောတိတကြိမ်၊ သဟိတ်ကာမ ပဋ္ဌိသန္ဓေ တကြိမ်၊ သဟိတ်ကာမဘဝင် ၁၅-ကြိမ်၊ ၁၆-ကြိမ်၊ မနောဒ္ဒါရာဝဇ္ဇန်း၊ ဘဝနိကန္တိကလောဘဇော ၇-ကြိမ်၊ ထို့နောင်သဟိတ်ကာမဘဝင် ၈-ခုတို့တွင် တခုခုသည် ဘဝင် ဘဝင်ဟု ဘဝင်ကိစ္စ ဖြစ်ထိုက်မျှ ဖြစ်၍ ချုပ်၏။

ဤမရဏာသန္နဝိထိဌ် နှ-ဒ-စုတိစိတ်တို့သည် ဘဝ၏အစ ပဋိသန္ဓေစိတ်၏ အာရုံကိုပင်လျှင် အာရုံပြု၍ဖြစ်ကြကုန်၏။ မနောဒ္ဓါရုဝဇ္ဇန်း၊ မရဏာသန္နကုသိုလ်ဇောတို့သည် အတိတ်ဖြစ်သော ကုသိုလ်၊ အကုသိုလ်၊ ကုသိုလ်ဂတိနိမိတ် သုံးပါးတို့တွင် တပါးပါးကို အာရုံပြု၍ ဖြစ်ကြကုန်၏။

မိုဃုအားဖြင့် နှ-ဒ-မ-မရဏာသန္န ကုသိုလ်ဇော၊ စုတိစိတ်တို့သည် စုတိစိတ်မှ ပြန်၍ ရေသည်ရှိသော် (ပ) ဖြစ်ကြကုန်၏။

အာရုံအားဖြင့် သဟိတ် ကာမ ပဋိသန္ဓေစိတ် ဂ-ခုတို့သည် မနောဒ္ဓါဝိထိက မရဏာသန္န ကုသိုလ်ဇောသည် ယူအပ်သော အတိတ်ဖြစ်သော ကုသိုလ်၊ အကုသိုလ် ဂတိနိမိတ် သုံးပါးတို့တွင် တပါးပါးကို အာရုံပြု၍ ဖြစ်ကြကုန်၏။

ဘဝင် ၁၅-ကြိမ်၊ ၁၆-ကြိမ်၊ ဘဝနိကန္တိက လောဘဇော၏ နောက်ဌာဖြစ်သော ဘဝင်စိတ်တို့သည် ဘဝသစ် ပဋိသန္ဓေစိတ်၏ အာရုံကိုပင် အာရုံပြု ဖြစ်ကြကုန်၏။ မနောဒ္ဓါဝုဝဇ္ဇန်း ဘဝနိကန္တိက လောဘဇောတို့သည် သဟိတ်ကာမ ပဋိသန္ဓေ နာမကွန္ဒာ ကမ္မဇရူပ်ကို အာရုံပြု၍ ဖြစ်ကြကုန်၏။

မိုဃုအားဖြင့် သဟိတ်ကာမ ပဋိသန္ဓေစိတ် ဂ-ခု ဟူသည် ပိပိ မိမိတို့၏ ဥပါဒ်ဧကန္တ အတူပြိုင်၍ဖြစ်သော ဟေတုယဒယဝတ္ထုကို မှီ၍ ဖြစ်ကြကုန်၏။ ဘဝင် ၁၅-ကြိမ်၊ ၁၆-ကြိမ်၊ မနောဒ္ဓါဝုဝဇ္ဇန်း၊ ဘဝနိကန္တိက လောဘဇော ဘဝင်စိတ်တို့သည် ပိပိ မိမိတို့၏ ရှေအနန္တရစိတ်၏ ဥပါဒ်ဧကန္တ-အတူပြိုင်၍ ဖြစ်သော ယဒယဝတ္ထုကိုမှီ၍ ဖြစ်ကြကုန်၏။

အသည္ယဘ်ာဘုံမှ စုံတေ၍ ကာမသုဂတိ ၇-ဘုံ၌ ဖြစ်လတံ့ သောပုဂ္ဂိုလ်၏ မရဏာသန္နဝိထိဖြစ်ပုံကား....ဇီဝိတနဝကကလာပ်ရုပ် စုတိဘကြိမ်၊ သဟိတ်ကာမ ပဋိသန္ဓေတကြိမ်၊ သဟိတ်ကာမဘဝင် ၁၅-ကြိမ်၊ ၁၆-ကြိမ်၊ မနောဒ္ဒါရာဝဇ္ဇန်း၊ ဘဝနိကန္တိကလောဘဇော ၇-ကြိမ်၊ ထို့နောင် သဟိတ် ကာမဘဝင် ဂ-ခုတို့တွင် (ပ) ချုပ်၏။

ဤမရဏာသန္နဝိထိ၌ ဇီဝိဘနဝကကလာပ်ရုပ် စုတိတို့သည် အနာရမ္မဏာဖြင့်၍ အာရုံမရှိဘဲဖြစ်၏။

မှီရာအားဖြင့် ကလာပ်တူ မဟာဘူတ်ကို မှီ၍ဖြစ်၏။

သဟိတ်ကာမပဋိသန္ဓေစိတ် ဂ-ခုတို့သည် အပရာပရိယ ကုသိုလ်စေတနာကံသည်သာလျှင် ထင်စေအပ်သောကံ ကမ္မနိမိတ် ဂတိနိမိတ် သုံးပါးတို့တွင် တပါးပါးကို အာရုံပြု၍ ဖြစ်ကြကုန်၏။ ဘဝင် ၁၅-ကြိမ်၊ ၁၆-ကြိမ်နှင့် ဘဝနိကန္တိက လောဘဇော၏ နောက်၌ဖြစ်သော ဘဝင်စိတ်တို့သည် ဘဝသစ် ပဋိသန္ဓေစိတ်၏ အာရုံကိုပင်လျှင် အာရုံပြု၍ဖြစ်ကြကုန်၏။ မနောဒ္ဒါရာဝဇ္ဇန်း ဘဝနိကန္တိကလောဘဇောတို့သည် သဟိတ်ကာမ ပဋိသန္ဓေ နာမကွန္ဓာ ကမ္မဇရုပ်ကို အာရုံပြု၍ ဖြစ်ကြကုန်၏။

မှီရာအားဖြင့် သဟိတ်ကာမပဋိသန္ဓေစိတ် ဂ-ခုတို့သည် မိမိ မိမိတို့၏ (ပ) ကုန်၏။ ဘဝင်၁၅-ကြိမ်၊ ၁၆-ကြိမ် မနောဒ္ဒါရာဝဇ္ဇန်း ဘဝနိကန္တိက လောဘဇော ဘဝင်စိတ်တို့သည် မိမိ မိမိတို့၏ ရှေးအနန္တရစိတ်၏ ဥပါဒ် ခဏနှင့် အတူပြိုင်၍ ဖြစ်သော ဟာဒယဝတ္ထုကို မှီ၍ဖြစ်ကြကုန်၏။

ရူပမရဏာ သန္နဝိထိပြီး၏။

ဃ-၀-ဃ

အရူပမဂ္ဂဏာသန္ဓိ

အရူပဘုံသားတို့၏ မရဏာသန္ဓိ

(၁) အရူပလေးဘုံမှ စုတေ၍ အရူပလေးဘုံ၌ ဖြစ်လတံ့သော ပုဂ္ဂိုလ်၏ မရဏာသန္ဓိ၊

(၂) အရူပလေးဘုံမှ စုတေ၍ ကာမသုဂတိ ၇-ဘုံ၌ ဖြစ်လတံ့သော ပုဂ္ဂိုလ်၏ မရဏာသန္ဓ ဝိထိ တည်း၊

(၁) အရူပလေးဘုံမှ စုဘေ၍ အရူပလေးဘုံ၌ ဖြစ်လတံ့သော ပုဂ္ဂိုလ်၏ မရဏာသန္ဓဝိထိ ဖြစ်ပုံကား၊ အရူပဘဝင်စလုံ ၁-မ-မရဏာသန္ဓ ကုသိုလ်ဇော ၅-ကြိမ်၊ အရူပစုတိ တကြိမ်၊ အရူပပဋိသန္ဓေ တကြိမ်၊ အရူပဘဝင် ၁၅-ကြိမ်၊ ၁၆-ကြိမ် မနောဒ္ဓါဝုဝဇ္ဇန်း၊ ဘဝနိကန္တိက လောဘဇော ၇-ကြိမ်၊ ထို့နောင် အရူပဘဝင် လေးခုတို့တွင် (ပ) ချုပ်၏။

ဤမရဏာသန္ဓဝိထိ၌ နာ-၁-စုတိစိတ်တို့သည် ဘဝ၏အစ ပဋိသန္ဓေစိတ်၏ အာရုံကိုပင်လျှင် အာရုံပြု၍ ဖြစ်ကြကုန်၏။ မနောဒ္ဓါဝုဝဇ္ဇန်း၊ မရဏာသန္ဓကုသိုလ်ဇောတို့သည် အာကာသနဉ္စာယတနဘုံ၌ ဖြစ်လတံ့သောသူဖြစ်အံ့၊ အာကာသကသိုဏ်း ကြဉ်သော (ပ) ကမ္မဋ္ဌာန်မိတ်။ ဝိညာဏဉ္စာယတနဘုံ၌ ဖြစ်လတံ့သောသူဖြစ်အံ့ အတိတ်ဖြစ်သော (ပ) ကုသိုလ်ကမ္မဋ္ဌာန်မိတ်။ အာကိဉ္စညာယတနဘုံ၌ ဖြစ်လတံ့သောသူ ဖြစ်အံ့၊ (ပ) နတ္ထိဘောဝပညတ် ကမ္မဋ္ဌာန်မိတ်၊ နေဝသညာနာသညာယတနဘုံ၌ ဖြစ်လတံ့သောသူ ဖြစ်အံ့၊ (ပ) ကုသိုလ်ကမ္မဋ္ဌာန်မိတ်ဘို့တွင် တပါးပါးကို အာရုံပြု၍ ဖြစ်ကြကုန်၏။

အာကာသာနဉ္စာယတနပဋိသန္ဓေ စိတ်သည် မနောဒ္ဓါရိုက မရဏာသန္နကုသိုလ်ဇောသည် ယူအပ်သော အာကာသကသိုဏ်းကြဉ်သော (ပ) ပညတ်ကမ္မနိမိတ်ကို အာရုံပြု၍ ဖြစ်၏။ ဝိညာဏဉ္စာယတနပဋိသန္ဓေစိတ်သည် မနောဒ္ဓါရိုကမရဏာသန္နကုသိုလ်ဇောသည် ယူအပ်သော (ပ) ကုသိုလ်ကမ္မနိမိတ်ကို အာရုံပြု၍ ဖြစ်၏။ အာကိဉ္စညာယတနပဋိသန္ဓေစိတ်သည် မနောဒ္ဓါရိုက (ပ) နတ္ထိဘော်ပညတ်ကမ္မနိမိတ်ကို အာရုံပြု၍ဖြစ်၏။နေဝသညာနာသညာယတနပဋိသန္ဓေစိတ်သည် မနောဒ္ဓါရိုက (ပ) ကုသိုလ်ကမ္မနိမိတ်ကို အာရုံပြု၍ ဖြစ်၏။ ဘဝင် ၁၅ ကြိမ်၊ ၁၆ ကြိမ်နှင့် ဘဝနိကန္တိကလောဘဇော၏ နောက်၌ဖြစ်သော ဘဝင်စိတ်တို့သည် ဘဝသစ်ပဋိသန္ဓေစိတ်၏ အာရုံကိုပင်လျှင် အာရုံပြု၍ ဖြစ်ကြကုန်၏။ မနောဒ္ဓါရုဝင်ငုန်း ဘဝနိကန္တိကလောဘဇောတို့သည် အရူပပဋိသန္ဓေနှာမကဒ္ဒန္ဓာကို အာရုံပြု၍ ဖြစ်ကြကုန်၏။

ဤ ဝိထိ၌ ပဋိသန္ဓေဘဝင်စုတိတို့သည် ဝတ္ထုရူပ်ကို မမှီပဲ ဖြစ်ကြကုန်၏။

(၂) အရူပလေးဘုံမှစုတေ၍ ကာမသုဂတိ ၇-ဘုံ၌ ဖြစ်လတံ့သော ပုဂ္ဂိုလ်၏ မရဏာသန္နဝိထိ ဖြစ်ပုံကား-အရူပဘဝဂ်စလုန ၃ မ မရဏာသန္နကုသိုလ်ဇော ၅-ကြိမ်၊ အရူပစုတိတကြိမ်၊ ကာမတိဟိတ်ပဋိသန္ဓေတကြိမ်၊ ကာမတိဟိတ်ဘဝင် ၁၅-ကြိမ်၊ ၁၆-ကြိမ်၊ ဘဝနိကန္တိကလောဘဇော ၇-ကြိမ်၊ ထို့နောင် ကာမတိဟိတ်ဘဝင်လေးခုတို့တွင် (ပ) ချုပ်၏။

ဤ မရဏသန္ဓေပေါ်ထိ၌ နဒ စုတိစိတ်တို့သည် ဘဝ၏အစ ပဋိသန္ဓေစိတ်၏ အာရုံကိုပင်လျှင် အာရုံပြု၍ ဖြစ်ကြကုန်၏။ **မနောဒ္ဒါရာဝဇ္ဇန်း** မရဏာသန္နကိုသိုလ်ဇောတို့သည် **အတိတ်** ဖြစ်သောကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်သုံးပါးတို့တွင် တပါးပါးကို အာရုံပြု၍ ဖြစ်ကြကုန်၏။

နဒ-မ-မရဏာသန္နကုသိုလ်ဇော၊ စုတိစိတ်တို့သည် ဝတ္ထုရုပ်ကို မပြုပဲ ဖြစ်ကြကုန်၏။

ကာမဘဝဟိတ်ပဋိသန္ဓေစိတ် လေးခုတို့သည် မနောဒ္ဒါရိက **မရဏာသန္နကုသိုလ်ဇောသည်** ယူအပ် မယူအပ်သော **အတိတ်** ပဋိပွန်ဖြစ်သောကံ ကမ္မနိမိတ် ဂတိနိမိတ်သုံးပါးတို့တွင် တပါးပါးကိုအာရုံပြု၍ ဖြစ်ကြကုန်၏။ ဘဝင် ၁၅-ကြိမ်၊ ၁၆-ကြိမ်၊ ဘဝနိကန္တိကလောဘဇော၏ **နောက်ဦးဖြစ်သော** ဘဝင်စိတ်တို့သည် ဘဝသင်ပဋိသန္ဓေစိတ်၏ **အာရုံ**ကိုပင်လျှင် **အာရုံ**ပြု၍ ဖြစ်ကြကုန်၏။ **မနောဒ္ဒါရာဝဇ္ဇန်း** ဘဝနိကန္တိကလောဘဇောတို့သည် **ကာမတိဟိတ်**ပဋိသန္ဓေနှာမကွန္ဒာ **ကမ္မ**ဇရုပ်ကို **အာရုံ**ပြု၍ ဖြစ်ကြ ကုန်၏။

မိုဃ်ရာသီ၊ ဝေးဖြင့် ကာမတိဟိတ်ပဋိသန္ဓေလေးခုတို့သည် မိမိ မိမိ ဘို့၏ (ပ) ဖြစ်ကုန်၏။ ဘဝင် ၁၅-ကြိမ်၊ ၁၆-ကြိမ်၊ **မနော**ဒ္ဒါရာဝဇ္ဇန်း၊ ဘဝနိကန္တိကလောဘဇော၊ ဘဝင်စိတ်တို့သည် မိမိ ဝိပိတ်ဘို့၏ **ရှေ**အနန္တရစိတ်**၏** (ပ) ဖြစ်ကြကုန်**၏**။

ဘရှုပမရဏာသန္နဝိထိ ပြီး**၏**။

ရဟန္တာမရဏာသန္နဝိထိ

ရဟန္တာပုဂ္ဂိုလ်တို့၏ မရဏာသန္နဝိထိသည် အကျဉ်းအားဖြင့် သုံးမျိုး-(၁) ကာမဘုံသား ရဟန္တာပုဂ္ဂိုလ်တို့၏ မရဏာသန္နဝိထိ၊ (၂) ရူပဘုံသား ရဟန္တာပုဂ္ဂိုလ်တို့၏ မရဏာသန္နဝိထိ၊ (၃) အရူပဘုံသား ရဟန္တာပုဂ္ဂိုလ်တို့၏ မရဏာသန္နဝိထိဘည်း။ ထိုတွင်-

(၁) ကာမဘုံသားရဟန္တာပုဂ္ဂိုလ်ဘို့၏မရဏာသန္နဝိထိသည်....

၁။ တဒါရုံနောင် စုတိကျ၍ ပရိနိဗ္ဗာန်ပြုသော ရဟန္တာပုဂ္ဂိုလ်၏ မရဏာသန္နဝိထိ။

၂။ တဒါရုံနောင် ဘဝင်၊ဘဝင်နောင် စုတိကျ၍ ပရိနိဗ္ဗာန်ပြုသော ရဟန္တာပုဂ္ဂိုလ်၏ မရဏာသန္နဝိထိ။

၃။ ဇောနောင် စုတိကျ၍ ပရိနိဗ္ဗာန်ပြုသော ရဟန္တာပုဂ္ဂိုလ်၏ မရဏာသန္နဝိထိ။

၄။ ဇောနောင် ဘဝင်၊ ဘဝင်နောင် စုတိကျ၍ ပရိနိဗ္ဗာန်ပြုသော ရဟန္တာပုဂ္ဂိုလ်၏ မရဏာသန္နဝိထိ-

ဟူ၍ လေးမျိုးရှိ၏။ ထို လေးမျိုးတို့တွင်-

(၁) တဒါရုံနောင် စုတိကျ၍ (ပ) ဝိသိ ဖြစ်ပုံကား-ကာမတိဟိတ်ဘဝဂ်စလုန -ဒ-မ- မရဏာသန္နဟသိတုပ္ပါဒ် မဟာကြိယာဇော ၅-ကြိမ်၊ တဒါရုံ ၂-ကြိမ်၊ ကာမတိဟိတ်စုတ် တကြိမ် တည်း။

(၂) တဒါရုံနေ့:င် ဘဝင်၊ ဘဝင်နောင် စုတိကျ၍(ပ)ဝိထိ ဖြစ်ပုံကား-ကာမတိဟိတ်ဘဝဂ်စလန ဒ-မ- မရဏာသန္နဟသိ တုပ္ပါဒ် မဟာကြိယာဇော ၅-ကြိမ်၊ တဒါရုံ ၂-ကြိမ်၊ ကာမ တိဟိတ်ဘဝင်တကြိမ်၊ စုတိတကြိမ် တည်း။

(၃) ဇောနောင် စုတိကျ၍ (ပ) ဝိထိဖြစ်ပုံကား-ကာမ တိဟိတ် ဘ.ဝဂ်စလန ဒ မ မရဏာသန္နဟသိတုပ္ပါဒ် မဟာ ကြိယာဇော ၅-ကြိမ်၊ ကာမတ်ိဟိတ်စုတိတကြိမ် တည်း။

(၄) ဇောနောင် ဘဝင်၊ ဘဝင်နောင် စုတိကျ၍ (ပ)ကား ကာမတ့ိဟိတ်ဘဝဂ်စလန ဒ မ မရဏာသန္နဟသိတုပ္ပါဒ် မဟာ ကြိယာဇော ၅-ကြိမ်၊ ကာမတိဟိတ်ဘဝင်တကြိမ်၊ စုတိတကြိမ် တည်း။

(အချို့ ရဟန္တာများ ဟသိတုပ္ပါဒ်ဇောကျ၍ အချို့ ရဟန္တာများ မဟာကြိယာဇောကျသည်။)

ဤ မရဏာသန္နလေးဝိထိတို့၌ အာရုံအားဖြင့် ဘဝင်စုတိစိတ် တို့သည် ဘဝ၏အစ ပဋိသန္ဓေစိတ်၏ အာရုံကိုပင်လျှင် အာရုံပြု၍ ဖြစ်ကြကုန်၏၊ (တနည်း) အတိတ်ဖြစ်သော ကုသိုလ်ကံ၊ကုသိုလ် ကမ္မနိမိတ်၊ ကုသိုလ်ဂတိနိမိတ်သုံးပါးတို့တွင် တပါးပါးကို အာရုံ ပြု၍ ဖြစ်ကြကုန်၏၊ မနောဒ္ဒါရုဝဇ္ဇန်း၊ မရဏာသန္နဇောတို့သည် မနောဒ္ဒါရ၌ ထင်ခြင်းသို့ ရောက်လာသော တေဘူမကသင်္ခါရဟု ဆိုအပ်သော နာမ်ရုပ်တရားတို့တွင် တပါးပါးကို အာရုံပြု၍ ဖြစ်ကြကုန်၏၊

မှီရာအားဖြင့် ဘဝင်၊ မနောဒ္ဒါရာဝဇ္ဇန်း၊ မရဏာဝသန္နဇော၊ တဒါရုံ၊ စုတ်စိတ်တို့သည် စုတိစိတ်မှ ပြန်၍ ရောသည်ရှိသော် ၁၇-ချက်မြောက်သော စိတ်၏ ဥပါဒ်ခဏနှင့်အတူ ပြိုင်၍ဖြစ်သောဟဒယဝတ္ထုကိုမှီ၍ ဖြစ်ကြကုန်၏။

၂။ ရူပဘုံသား ရဟန္တာတို့၏ မရဏာဝသန္နဝိထိသည်....

(၁) ဇောနောင် စုတိကျ၍ ပရိနိဗ္ဗာန်ပြု ရဟန္တာ၏မရဏာဝသန္နဝိထိ။

(၂) ဇောနောင် ဘဝင် ဘဝင်နောင် စုတိကျ၍ ပရိနိဗ္ဗာန်ပြုသော ရဟန္တာပုဂ္ဂိုလ်၏ မရဏာဝသန္နဝိထိ

ဟူ၍ နှစ်မျိုးရှိ၏။ ထို နှစ်မျိုးတို့တွင်....

(၁) ဇောနောင် စုတိကျ၍ ပရိနိဗ္ဗာန်ပြုသော ရဟန္တာပုဂ္ဂိုလ်၏ မရဏာဝသန္နဝိထိ ဖြစ်ပုံကား ရူပဘဝင်စလန ၃ မ မရဏသန္န မဟာကြိယာဇော ၅ ကြိမ်၊ ရူပစုတိတကြိမ် တည်း။

(၂) ဇောနောင် ဘဝင်၊ ဘဝင်နောင် စုတိကျ၍ ပရိနိဗ္ဗာန်ပြုသော ရဟန္တာပုဂ္ဂိုလ်၏ မရဏာဝသန္နဝိထိ ဖြစ်ပုံကား ရူပဘဝင်စလန ၃ မ မရဏာဝသန္န မဟာကြိယာဇော ၅ ကြိမ်၊ ရူပဘဝင်ဘကြိမ်၊ စုတိတကြိမ် တည်း။

(ဟသိတ္ထပ္ပါဒိဇော လည်း ရနိုင်၏။)

ဤ မရဏာဝသန္နနှစ်ဝိထိတို့၌ အာရုံအားဖြင့် ဘဝင်၊ စုတိစိတ်တို့သည် ဘဝ၏အစ ပဋိသန္ဓေစိတ်၏ အာရုံကိုပင်လျှင် အာရုံပြု၍ ဖြစ်ကြကုန်၏။ (၀၊) ပဌမစျာန်ဝိပါက် ဘဝင်စုတိစိတ်ဖြစ်အုံ၊

ဗဟုဝိကသိုက်း အစရှိသော ၂၅-ပါးသော ပညတ်ကမ္မနိမိတ်။ ဒုတိယစျာန် ဝိပါက် ထတိယစျာန်ဝိပါက်၊ စတုတ္ထစျာန် ဝိပါက်၊ ဘဝင်၊ စုတိစိတ်ဖြစ်အံ့၊ ပထဝီကသိုက် အစရှိသော ၁၄ ပါးသော်ပညတ် ကမ္မနိမိတ်။ ပဉ္စမစျာန်ဝိပါက်၊ ဘဝင်၊ စုတိစိတ်ဖြစ်အံ့၊ ပထကသိုက်း အစရှိသော ၁၂-ပါးသော ပညတ် ကမ္မနိမိတ်၊ ဤ ၂၆-ပါးသော ပ္ပညတ်ကမ္မနိမိတ်တို့တွင် တပါးပါးကို အာရုံပြု၍ ဖြစ်ကြကုန်၏။ မနောဒ္ဓါရုဝဇ္ဇန်း မရဏာသန္နဇော တို့သည် မနောဒ္ဓါရုဒ္ဓထင်ခြင်းသို့ ရောက်လာသော တေဘူမက သင်္ခါရဟုဆိုအပ်သော နာမ်တရား ရုပ်တရားတို့ကွင် တပါးပါးကို အာရုံပြု၍ ဖြစ်ကျကုန်၏။

ဤရှေးအားဖြင့် ဘဝင် နောဒ္ဓါရုဝဇ္ဇန်း၊ မရဏာသန္နဇော၊ စုတိစိတ်တို့သည် စုတိစိတ်မှ ပြန်၍ရှေသည်ရှိသော် (ပ) ကုန်၏။

၄။ အရူပဘုံသား ရဟန္တာပုဂ္ဂိုလ်တို့၏ မရဏာသန္နဝိထိသည်....

(၁) ဇောနောင် စုတိကျ၍ ပရိနိဗ္ဗာန်ပြုသော ရဟန္တာပုဂ္ဂိုလ်၏ မရဏာသန္နဝိထိ။

(၂) ဇောနောင်ဘဝင်၊ ဘဝင်နောင်စုတိကျ၍ ပရိနိဗ္ဗာန်ပြုသော ရဟန္တာပုဂ္ဂိုလ်၏ မရဏာသန္နဝိထိ။

ဟူ၍ နှစ်မျိုးရှိ၏၊ ထိုနှစ်မျိုးတွင်....

(၁) ဇောနောင်စုတိကျ၍ (ပ) ဖြင့်ပုံကား အရူပဘဝဂ် စလန ၁-မ- မရဏာသန္န မဟာကြိယာဇော ၅-ကြိမ်၊ အရူပဘဝင်တကြိမ်၊ စုတိတကြိမ် တည်း။

ဤမရဏာသန္န နှစ်ဝိသိတို့၌ အာရုံအားဖြင့်ဘဝင်၊ စုတိစိတ်တို့သည် ဘဝ၏အစ ပဋိသန္ဓေစိတ်၏ အာရုံကိုပင်လျှင် အာရုံပြု၍ ဖြစ်ကြကုန်၏။ (၀၊) ပညတ် ကမ္မနိမိတ် မဟဂ္ဂုတ်ကမ္မနိမိတ်တို့ဟူ၍ ဘပါးပါးကို အာရုံပြု၍ ဖြစ်ကြကုန်၏၊ မနောဒ္ဒါရာ ဝဇ္ဇန်း၊ မရဏာသန္နဇောတို့သည် မနောဒ္ဒါရဌာနခြင်းသို့ ရောက်လာသော ဘဝူမကသင်္ခါရဟူဆိုအပ်သော နာမ်တရားတို့တွင် တပါးပါးကို အာရုံပြု၍ ဖြစ်ကြကုန်၏။

ဘဝင်၊ မနောဒ္ဒါရာဝဇ္ဇန်း၊ မရဏာသန္နဇော၊ စုတိစိတ်တို့သည် ဝတ္ထုရုပ်ကို မမှီဘဲ ဖြစ်ကြကုန်၏။

မရဏာသန္န ဝိသိ ပြီး၏။

၃-ဝ-၃

ပစ္စာသန္န မရဏာသ ဘသ ဝိသိစိတ္တာ ဝသာနေ ဘဝင်ကွယယ ဝါ စဝနေ ဝ ဒေသနေ ပစ္စုပ္ပန္န ဘာဝပရိဒေသာသာနဘူတံ စုတိစိတ္တံ ဥပ္ပဇ္ဇိတ္ဝာ နိရုဇ္ဈတိ။ ဤပါဠိဖြင့် စုတိစိတ်ဖြစ်ပုံကို ပြတော်မူ၏။

တသ္မိံ နိရုဒ္ဓါဝသာနေ တသာနန္တရမေव တထာဂတိတ် အာရမ္မဏံ အာရဗ္ဘ သဝတ္ထုကံ အဝတ္ထုကမေဝ ဝါ ယသာ ရုဟံ အဝိဇ္ဇာနုသယပရိဂ္ဂဟိတေန တဏှာနုသယ မူလကေန သင်္ခါရေန ဇနိယမာနံ သမ္မယုတ္တေဟိ ပရိဂ္ဂယှမာနံ သဟဇာတာနမင်္ဂေါနတာဝေန ပုဗ္ဗင်္ဂမဘူတံ ဘဝန္တရ ပဋိသန္ဓာနဝသေန ပဋိသန္ဓိသင်္ခါတံ မာနသံ ဥပ္ပဇ္ဇမာန မေဝ ပတိဋ္ဌာတိ ဘဝန္တရေ ဤပါဠိဖြင့် ပဋိသန္ဓေစိတ်ဖြစ်ပုံကို ပြတော်မူ၏။

မရဏာသန္နဝိထိယံ ပနေတ္ထ မန္ဒပ္ပဝတ္တာနိ ပဠေဝ ဇဝနာနိ ပါဠိကပ်ိတဗ္ဗာနိ။ တသ္မာ ယဒိ ပစ္စုပ္ပန္နာရမ္မဏေသု အာဝဇ္ဇိတ မာဝဇ္ဇတေသု ဧရန္ဧ်ဿ ဝေ မရဏံ ဟောတိ။ တဒါ ပဋိသန္ဓိ ဘဝင်္ဂါနမ္ပိ ပစ္စုပ္ပန္နာ ရမ္မဏတာ လဗ္ဘတိယေဝ ကတ္ထ ကာမာ ဝစရပဋိသန္ဓိယာ ဆဒ္ဒါရဂ္ဂဟိတံ ကမ္မနိမိတ္တံ ဂတိနိမိတ္တဉ္စ ပစ္စုပ္ပန္န မတိတာရမ္မဏံ ဥပလဗ္ဘတိ။ ကမ္မံ ပန အတီတမေဝ၊ တဉ္စ မနောဒ္ဒါရဂ္ဂဟိတံ၊ တာနိ ပန သဗ္ဗာနိပိ ပရိတ္တဓမ္မဘူတာနေဝ ရမ္မဏာနိ။ ဤပါဠိဖြင့် အရူပပဋိသန္ဓေ ဘဝင် စုတိစိတ်တို့၏ ပစ္စုပ္ပန်ကမ္မနိမိတ် ပစ္စုပ္ပန် ဂတိနိမိတ် အတိတ်ကမ္မနိမိတ် အတိတ် ဂတိနိမိတ် အာရုံ၌ ဖြစ်နိုင်ကြောင်းကို ပြတော်မူ၏။

ရူပါဝစရ ပဋိသန္ဓိယာ ပန ပညတ္တိဘူတံ ကမ္မနိမိတ္တမေဝါ ရမ္မဏံ ဟောတိ။ ဤပါဠိဖြင့် ရူပပဋိသန္ဓေ ဘဝင် စုတိစိတ်တို့၏ အာရုံကို ပြတော်မူ၏။

တထာ အာရုပ္ပပဋိသန္ဓိယာ စ မဟဂ္ဂတဘူတံ ပညတ္တိဘူတဉ္စ ကမ္မနိမိတ္တမေ ဝါ ရမ္မဏံ ဟောတိ။ ဤပါဠိဖြင့် ရူပပဋိသန္ဓေ ဘဝင် စုတိစိတ်တို့၏ အာရုံကို ပြတော်မူ၏။

အဓိပ္ပါယ်ကား...

အာကာသာနဉ္စာယတန အာကိဉ္စညာယတန ပဋိသန္ဓေ ဘဝင် စုတိစိတ်ဖြစ်အံ့ ပညတ်နိမိတ်ကို အာရုံပြု၍ဖြစ်၏။ ဝိညာဏဉ္စာယတန၊ ဓနဝသညာ နာသညာယတနပဋိသန္ဓေ ဘဝင်စုတိစိတ် ဖြစ်အံ့၊ မဟဂ္ဂုတ် ကမ္မနိမိတ်အာရုံကို အာရုံပြု၍ ဖြစ်၏ဟူလို။

မရဏာဝသန္တဝိထိဌ် စုတိနောင်ပဋိသန္ဓေဖြစ်ပုံကို အကျဉ်းချုပ်အားဖြင့် ပြဆိုခြင်း

အာရုပ္ပစုတိယာ ဟောန္တိ၊ ဟေဋ္ဌိမာ ရုပ္ပဝဋ္ဋိတာ။
ပရ မာရုပ္ပသန္ဓိ စ၊ တထာ ကာမတိဟေတုကာ။

အရူပစုတိလေးခု၏ နောက်၌ ဖြစ်ကောင်းသော ပဋိသန္ဓေကား ၈။ အရူပ ပဋိသန္ဓေလေး၊ ကာမတိဟိတ် ပဋိသန္ဓေ လေးခုတည်း။

အကျယ်အားဖြင့် ...

(၁) အာကာသာနဉ္စာယတနတုံမှ စုတေသော တိဟိတ်ပုထုဇဉ် ပုဂ္ဂိုလ်၏ အာကာသာနဉ္စာယတန စုတိ၏နောက်၌ ဖြစ်ကောင်းသော ပဋိသန္ဓေကား ၈။ အရူပပဋိသန္ဓေလေး၊ ကာမတိဟိတ် ပဋိသန္ဓေလေးခုတည်း။

(၂) သောဘာပန် သကဒါဂမ်၊ အနာဂါမ် ပုဂ္ဂိုလ်တို့၏ အာကာသာနဉ္စာယတန စုတိ၏နောက်၌ ဖြစ်ကောင်းသော ပဋိသန္ဓေကား လေး၊ အရူပပဋိသန္ဓေ လေးခုတည်း။

(၃) ရဟန္တာပုဂ္ဂိုလ်၏ အာကာသာ နဉ္စာယတန စုတိ၏ နောက်၌ ဖြစ်ကောင်းသော ပဋိသန္ဓေကားမရှိ။

(၁) ဝိညာဏဉ္စာယတနတုံမှ စုတေသော တိဟိတ် ပုထုဇဉ် ပုဂ္ဂိုလ်၏ ဝိညာဏဉ္စာယတနစုတိ၏နောက်၌ ဖြစ်ကောင်းသော ပဋိသန္ဓေကား ၇။ ဝိညာဏဉ္စာယတန၊ အာကိဉ္စညာယတန၊ နေဝသညာနာသညာယတန ပဋိသန္ဓေ၊ ကာမတိဟိတ် ပဋိသန္ဓေ လေးခုတည်း။

(၂) သောတာပန် သကဒါဂါမ် အနာဂါမ် ပုဂ္ဂိုလ်တို့၏ ဝိညာဏဋ္ဌာယတန စုတိ၏နောက်၌ ဖြစ်ကောင်းသော ပဋိသန္ဓေကား ၃။ ဝိညာဏဋ္ဌာယဘန အာကိဉ္စညာယတန နေဝသညာနာသညာယတန ပဋိသန္ဓေတည်း။

(၃) ရဟန္တာ ပုဂ္ဂိုလ်၏ ဝိညာဏဋ္ဌာယတန စုတိ၏နောက်၌ ဖြစ်ကောင်းသော ပဋိသန္ဓေကား မရှိ။

(၁) အာကိဉ္စညာယတနဘုံမှ စုတေသော တိဟိတ်ပုထုဇဉ် ပုဂ္ဂိုလ်တို့၏ အာကိဉ္စညာယတန စုတိ၏ နောက်၌ ဖြစ်ကောင်းသော ပဋိသန္ဓေကား ၆။ အာကိဉ္စညာယတန နေဝသညာနာသညာယတနပဋိသန္ဓေ၊ ကာမတိဟိတ် ပဋိသန္ဓေလေးခုတည်း။

(၂) သောတာပန် သကဒါဂါမ် အနာဂါမ် ပုဂ္ဂိုတို့၏ အာကိဉ္စညာယတန စုတိ၏နောက်၌ ဖြစ်ကောင်းသော ပဋိသန္ဓေကား ၂။ အာကိဉ္စညာယတန၊ နေဝသညာ နာသညာယတန ပဋိသန္ဓေတည်း။

(၃) ရဟန္တာပုဂ္ဂိုလ်၏ အာကိဉ္စညာယတနစုတိ၏ နောက်၌ ဖြစ်ကောင်းသော ပဋိသန္ဓေကားမရှိ။

(၁) နေဝသညာ နာသညာယဘနဘုံမှစုတေသောတိဟိတ် ပုထုဇဉ် ပုဂ္ဂိုလ်၏ နေဝသညာနာသညာယတနစုတိ၏ နောက်၌ ဖြဲးကောင်းသော ပဋိသန္ဓေကား ၅၊ နေဝသညာ နာသညာ ယဘန ပဋိသန္ဓေ၊ ကာမတိဟိတ် ပဋိသန္ဓေလေးခုတည်း။

(၂) သောတာပန် သကဒါဂါမ် အနာဂါမ် ပုဂ္ဂိုလ်တို့၏ နေဝသညာ နာသညာယတနစုတို၏ နောက်၌ ဖြစ်ကောင်းသော ပဋိသန္ဓေကား ၁။ နေဝသညာ နာသညာယတန ပဋိသန္ဓေ တခုသာတည်း။

(၃) ရဟန္တာပုဂ္ဂိုလ်၏ နေဝသညာ နာသညာယတနစုတို၏ နောက်၌ ဖြစ်ကောင်းသော ပဋိသန္ဓေကားမရှိ။

ရူပါဝစရ စုတိယာ ဟာန္တိ အဟေတုရဟိတာ၁သိယုံ–

ရူပစုတိ ၅-ခု၏ နောက်၌ဖြစ်ကောင်းသော ပဋိသန္ဓေကား ၁၇။ မဟာဝိပါက် ပဋိသန္ဓေ ၈။ ရူပပဋိသန္ဓေ ၅၊ အရူပပဋိသန္ဓေ လေးခုတည်း။

အကျယ်အားဖြင့်....

ပဌမစျာန်သုံးဘုံမှ စုတေသော တိဟိတ်ပုထုဇဉ် ပုဂ္ဂိုလ်၏ ပဌမစျာန် ဝိပါက်စုတို၏ နောက်၌ ဖြစ်ကောင်းသော ပဋိသန္ဓေကား ၁၇။ မဟာဝိပါက်ပဋိသန္ဓေ ၈၊ ရူပပဋိသန္ဓေ ၅၊ အရူပပဋိသန္ဓေ လေးခုတည်း။ သောတာပန် သကဒါဂါမ် အနာဂါမ် ပုဂ္ဂိုလ်တို့၏ ပဌမစျာန် ဝိပါက်စုတို၏ နောက်၌ ဖြစ်ကောင်းသော ပဋိသန္ဓေကား ၉။ မဟဂ္ဂုတ်ပဋိသန္ဓေ ၉-ခုတည်း။ ရဟန္တာ ပုဂ္ဂိုလ်၏ ပဌမစျာန် ဝိပါက် စုတို၏ နောက်၌ဖြစ်ကောင်းသော ပဋိသန္ဓေကား မရှိ။

ဒုတိယာစျန်သုံးဘုံမှ စုတေသော တိဟိတ်ပုထုဇဉ် ပုဂ္ဂိုလ်၏ ဒုတိယစျာန် ဝိပါက် တတိယစျာန်ဝိပါက်စုတို၏ နောက်၌ ဖြစ်ကောင်းသော ပဋိသန္ဓကား ၁၇။ မဟာဝိပါက်ပဋိသန္ဓေ ၈၊

ရူပပဋ္ဌိသန္ဓေ ၅၊ အရူပပဋ္ဌိသန္ဓေ လေးခုဘည်း။ သောတာပန် သကဒါဂါမ်အနာဂါမ်ပုဂ္ဂိုလ်တို့၏ ဒုတိယစျာန် ဝိပါက် တ၊တိယ စျာန်ဝိပါက်စုတိ၏ နောက်၌ဖြစ်ကောင်းသောပဋ္ဌိသန္ဓေကား ဂ။ ပဌမစျာန် ကြဉ်သောရူပပဋ္ဌိသန္ဓေလေး၊ အရူပပဋ္ဌိသန္ဓေ လေးခု တည်း။ ရဟန္တာ ပုဂ္ဂိုလ်၏ ဒုတိယစျာန် ဝိပါက် တတိယစျာန် ဝိပါက် စုတိ၏နောက်၌ ဖြစ်ကောင်းသော ပဋ္ဌိသန္ဓေကား မရှိ။

တတိယစျာန်သုံးဘုံမှ စုတေသော တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်၏ စတုတ္ထစျာန်ဝိပါက်စုတိ၏ နောက်၌ ဖြစ်ကောင်းသော ပဋ္ဌိသန္ဓေ ကား ၁၇။ မဟာဝိပါက်ပဋ္ဌိသန္ဓေ ဂ၊ ရူပပဋ္ဌိသန္ဓေ ၅၊ အရူပ ပဋ္ဌိသန္ဓေလေးခုတည်း။ သောတာပန် သကဒါဂါမ် အနာဂါမ် ပုဂ္ဂိုလ်တို့၏ စတုတ္ထစျာန်ဝိပါက်စုတိ၏ နော်ကျ်ခ် ဖြစ်ကောင်း သော ပဋ္ဌိသန္ဓေကား ၆။ စတုတ္ထစျာန်ဝိပါက် ပဉ္စမစျာန်ဝိပါက် ပဋ္ဌိသန္ဓေ အရူပပဋ္ဌိသန္ဓေလေးခုဘည်း။ ရဟန္တာပုဂ္ဂိုလ်၏ စတုတ္ထ စျာန် ဝိပါက်စုတိ၏ နောက်၌ ဖြစ်ကောင်းသော ပဋ္ဌိသန္ဓေကား မရှိ။

ဝေဟပ္ဖိုလ်ဘုံမှ စုတေသော တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်၏ ပဉ္စမ စျာန်ဝိပါက်စုတိ၏ နောက်၌ ဖြစ်ကောင်းသော ပဋ္ဌိသန္ဓေကား ၁၇။ မဟာဝိပါက်ပဋ္ဌိသန္ဓေ ဂ၊ ရူပပဋ္ဌိသန္ဓေ ၅၊ အရူပပဋ္ဌိသန္ဓေ လေးခုဘည်း။ သောတာပန် သကဒါဂါမ် အနာဂါမ်ပုဂ္ဂိုလ်တို့၏ ပဉ္စမစ္စျာန်ဝိပါက်စုတိ၏ နောက်၌ ဖြစ်ကောင်းသော ပဋ္ဌိသန္ဓေ ကား ၁ ။ ပဉ္စမစ္စျာန်ဝိပါက်ပဋ္ဌိသန္ဓေတည်း။ ရဟန္တာပုဂ္ဂိုလ်၏ ပဉ္စမစ္စျာန်ဝိပါက်စုတိ၏ နောက်၌ ဖြစ်ကောင်းသော ပဋ္ဌိသန္ဓေ ကား မရှိ။

အသည္ယတ်ဘုံမှစုတေသော သုဂတိအဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်၏ ဇီဝိတနဝကကလာပ်ရုပ်စုတို၏ နောက်၌ ဖြစ်ကောင်းသော ပဋ္ဌိသန္ဓေကား ၈။ မဟာဝိပါက်ပဋ္ဌိသန္ဓေ ၈-ခုတည်း။

အဝိဟာဘုံမှ စုတေသော အနာဂါမ်ပုဂ္ဂိုလ်၏ ပဉ္စမ်စျာန်ဝိပါက်စုတို၏ နောက်၌ ဖြစ်ကောင်းသော ပဋ္ဌိသန္ဓေကား ၁။ အတပ္ပါ သုဒဿာ သုဒဿီ အကနိဋ္ဌဘုံတို့၌ ဖြစ်ကောင်းသော ပဉ္စမစျာန် ဝိပါက်ပဋ္ဌိသန္ဓေတည်း။

အတပ္ပါဘုံမှ စုတေသော အနာဂါမ်ပုဂ္ဂိုလ်၏ ပဉ္စမစျာန်ဝိပါက်စုတို၏ နောက်၌ ဖြစ်ကောင်းသော ပဋ္ဌိသန္ဓေကား ၁။ သုဒဿာ သုဒဿီ အကနိဋ္ဌဘုံတို့၌ ဖြစ်ကောင်းသော ပဉ္စမစျာန် ဝိပါက်ပဋ္ဌိသန္ဓေတည်း။

သုဒဿာဘုံမှ စုတေသော အနာဂါမ်ပုဂ္ဂိုလ်တို့၏ ပဉ္စမစျာန်ဝိပါက်စုတို၏ နောက်၌ ဖြစ်ကောင်းသော ပဋ္ဌိသန္ဓေကား ၁။ သုဒဿီ အကနိဋ္ဌဘုံတို့၌ ဖြစ်သော ပဉ္စမစျာန် ဝိပါက်ပဋ္ဌိသန္ဓေတည်း။

သုဒဿီဘုံမှ စုတေသော အနာဂါမ်ပုဂ္ဂိုလ်တို့၏ ပဉ္စမစျာန်ဝိပါက်စုတို၏ နောက်၌ ဖြစ်ကောင်းသော ပဋ္ဌိသန္ဓေကား ၁။ အကနိဋ္ဌဘုံ၌ဖြစ်သော ပဉ္စမစျာန်ဝိပါက်ပဋ္ဌိသန္ဓေတည်း။

အဝိဟာအတပ္ပါ သုဒဿာ သုဒဿီ အကနိဋ္ဌဘုံတို့မှ စုတေသော ရဟန္တာပုဂ္ဂိုလ်၏ ပဉ္စမစျာန်ဝိပါက်စုတို၏ နောက်၌ ဖြစ်ကောင်းသော ပဋ္ဌိသန္ဓေကား မရှိ။

ဤ ဖြေကို။

:-o-:

သဗ္ဗာကာမတိဟေတုမှာ

ကာမတိဟိတ်စုတိလေးခု၏ နောက်၌ ဖြစ်ကောင်းသော ပဋ္ဌိသန္ဓေကား ၂၀။ နာမ်ပဋ္ဌိသန္ဓေ ၁၉၊ ရုပ်ပဋ္ဌိသန္ဓေ ၁-တည်း။

အကျယ်အားဖြင့်ကား....

ကာမသုဂတိ ၇-ဘုံမှ စုတေသော တိဟိဘ်ပုထုဇဉ်ပုဂ္ဂိုလ်၏ ကာမတိဟိတ်စုတိလေးခု၏ နောက်၌ ဖြစ်ကောင်းသော ပဋ္ဌိသန္ဓေကား ၂၀။ နာမ်ပဋ္ဌိသန္ဓေ ၁၉၊ ရုပ်ပဋ္ဌိသန္ဓေ ၁-တည်း။

သောတာပန် သကဒါဂါမ်ပုဂ္ဂိုလ်တို့၏ ကာမတိဟိတ် စုတိလေးခု၏ နောက်၌ ဖြစ်ကောင်းသော ပဋ္ဌိသန္ဓေကား ၁၃။ မဟာဝိပါက်ဉာဏသမ္ပယုတ်ပဋ္ဌိသန္ဓေလေး၊ မဟာဂ္ဂုတ်ပဋ္ဌိသန္ဓေ ၉-ခုတည်း။

အနာဂါမ်ပုဂ္ဂိုလ်၏ ကာမတိဟိတ်စုတိလေးခု၏နောက်၌ ဖြစ်ကောင်းသောပဋ္ဌိသန္ဓေကား ၉၊ မဟာဂ္ဂုတ်ပဋ္ဌိသန္ဓေ ၉-ခုတည်း။

ရဟန္တာပုဂ္ဂိုလ်၏ ကာမ တိဟိတ် စုတိလေးခု၏ နောက်၌ ဖြစ်ကောင်းသော ပဋ္ဌိသန္ဓေကား မရှိ။

ကာမေ သေဋ္ဌ ပဋိသန္ဓာ

ဒုဂ္ဂတိအဟိတ်စုတိ ၁၊ သုဂတိအဟိတ်စုတိ ၁၊ ဒ္ဝိဟိတ်စုတိ လေးခုတို့၏ နောက်၌ ဖြစ်ကောင်းသော ပဋ္ဌိသန္ဓေကား ၁၀။ ကာမပဋ္ဌိသန္ဓေ ၁၀ ထည်း။

ဣစ္ဆေစွဝံ ဂဟိဘဝဋ္ဌိသန္ဓိကာနံ ပန ပဋ္ဌိသန္ဓိနိရောဓာနန္တရတော ပဘုတိ တမေဝါရမ္မဏာ မာရဇ္ဇ တဒေဝ စိတ္တံ ယာဝ စုတိ စိတ္တုပ္ပါဒါ အသတ် ဝီထိစိတ္တုပ္ပါဒေ ဘဝသ အင်္ဂဘာဝေန ဘဝင်သန္တတိ သခ်ါတံ မဟနသ် အမ္ပောဓိန် နဒီသောတော ဝိယ ပဝတ္တတိ၊ ပရိယောသာနေ စ စဝနဝသေန စုတိစိတ္တံ ဟုတ္ဝာ နိရုဇ္ဈတိ။ ဤပါဠိဖြင့် ဘဝင်စိတ် စုတိစိတ်ဖြစ်ပုံကို ပြတော်မူ၏

ပြပုံကား....

ဘဝင်စိတ်တို့သည် ပဋိသန္ဓေ၏ နောက်ဦးလည်းကောင်း ဘဝင်၏ နောက်ဦးလည်းကောင်း, ဝုဋ္ဌေါ၏ နောက်ဦးလည်းကောင်း, ဇော၏ နောက်ဦးလည်းကောင်း, တဒါရုံ၏ နောက်ဦးလည်းကောင်း ဖြစ်ကုန်၏။ စုတိစိတ်တို့သည်ကား တဒါရုံ၏ နောက်ဦးလည်းကောင်း, ဇော၏ နောက်ဦးလည်းကောင်း, ဘဝင်၏ နောက်ဦးလည်းကောင်း ဖြစ်ကုန်၏။

တဒေတာပရံ ပဋိသန္ဓာဒယော ရထစက္ကမိဝ ယထာက္ကမံ ဝေ ပရိဝတ္တန္တာ ပဝတ္တန္တိ။

ပဋ္ဌသန္ဓိဘဝင် ဝီထိယော၊ စုတိ ဧဝဟ တထာ ဘဝန္တရေ။
ပုနသန္ဓိ ဘဝင် မိဗ္ဗယံ၊ ပရိဝတ္တတိ စိတ္တသန္ဓိတိ။

ဤပါဠိဖြင့် သံသရာစက်လည်ပုံကို ပြတော်မူ၏။

ပဋိသန္ဓိယ ပဝေနတ မန္ဒုဝံ၊ အဝိဂန္ဒာ ပဒမစ္ဆုတံ ဗုဓာ။
သုသမုဒ္ဓိနိသိနေဟဗန္ဓနာ၊ သမဓမ္မသန္ဓိ စိရုယသုဗ္ဗတာ။

ဤပါဠိဖြင့် သံသရာစက်ပြတ်ပုံကို ပြတော်မူ၏။

ဝိထိမုတ်ပိုင်း ပြီး၏။

ရုပ်ပိုင်း

ရူပသင်္ဂဟ ၅-မျိုး

သမုဒ္ဒေသာ ဝိဘာဂါစ၊ သမုဋ္ဌာန ကလာပတော။
ပဝတ္တိက္ကမတောစေတိ၊ ပဋ္ဌာ တတ္ထ သင်္ဂဟော-ဌ္ဌ။

ပဋ္ဌာ ၁အရကား....

(၁) ရူပသမုဒ္ဒေသ၊
(၂) ရူပဝိဘာဂ၊
(၃) ရူပသမုဋ္ဌာန၊
(၄) ရူပကလာပ၊
(၅) ရူပပဝတ္တိက္ကမ တည်း။

ရူပသမုဒ္ဒေသ

ရုပ် ၂၈-ကား နိပ္ဖန္နရုပ် ၁၈၊ အနိပ္ဖန္နရုပ် ၁၀-တည်း။
ဘူတပ္ပသာဒ ဝိသယာ၊ ဘာဝေ ဟေ၊ ဒယမိစ္ဆပိ။
ဒ္ဒိ ဝိ ဘာ ဟာ ရူ ပေ ဟိ၊ ဘ ဋ္ဌ ရ သ ဝိ ခံ တ ထာ၊

နိုပ္ဖန္ဒရုပ်ကား ၁၈ ....

ဘူတရုပ် ၄၊ ပသာဒရုပ် ၅၊ ဝိသယရုပ် ၇၊ ဘာဝရုပ် ၂၊ ဟဒယရုပ် ၁၊ ဇီဝိတရုပ် ၁၊ အာဟာရရုပ် ၁-တည်း။

ပထဝီခေါတု၊ အာပေါခေါတု၊ တေဇောခေါတု၊ ဝါယောခေါတု ဘူတရုပ် နာမ။

ဘူတရုပ်ကား ၄-ပါး....

ပထဝီခေါတ်
အာပေါခေါတ်
တေဇောခေါတ်
ဝါယောခေါတ် တည်း။

စက္ခု၊ သောတံ၊ ဃာနံ၊ ဇိဝှါ၊ ကာယော ပသာဒရုပ် နာမ၊

ပသာဒရုပ်ကား ၅-ပါး....

စက္ခုပသာဒရုပ်
သောတပသာဒရုပ်
ဃာနပသာဒရုပ်
ဇိဝှါပသာဒရုပ်
ကာယပသာဒရုပ် တည်း။

ရူပံ၊ သဒ္ဒေါ၊ ဂန္ဓော၊ ရသော၊ အာပေါခေါတု ဝိဝဇ္ဇိတံ ဘူတတ္တယသင်္ခါတံ ဖောဋ္ဌဗ္ဗံ ဂေါစရရူပံ နာမ။

ဓဂါစရရုပ်ကား ၇-ပါး....

ရူပါရုံ
သဒ္ဒါရုံ
ဂန္ဓာရုံ
ရသာရုံ
(ပထဝီ၊ တေဇော၊ ဝါယောဟု ဆိုအပ်သော)
ဖောဋ္ဌဗ္ဗာရုံ တည်း။

ဣတ္ထတ္တံ ပုရိသတ္တံ ဘာဝရူပံ နာမ။

ဘာဝရုပ်ကား ၂-ပါး....

ဣတ္ထိဘာဝရုပ်
ပုမ္ဘာဝရုပ် တည်း။

ဟဒယဝတ္ထု ဟဒယရူပံ နာမ။

ဟဒယရုပ်ကား ၁ –

ဟဒယဝတ္ထု တည်း။

ဇီဝိတိန္ဒြိယံ ဇီဝိတရူပံ နာမ။

ဇီဝိတရုပ်ကား ....

ဇီဝိတန္ဒြေ တည်း။

ကဗဠိကာရော အာဟာရော အာဟာရရူပံ နာမ။

အာဟာရရူပ်ကား ၁....

ကဗဠိုကာရအာဟာရ တည်း။

ပရိစ္ဆေဒေါ စ ဝိညတ္တိ၊ ဝိကာရော လက္ခဏန္တိ စ။
အနိပ္ဖန္နာ ဒသာစေတိ၊ အဋ္ဌဝိသဘိဝိခံ ဘ**ဝေ**။

အနိပ္ဖန္နရူပ်**ကား ၁ ၀....**

ပရိစ္ဆေဒရူပ် ၁၊ ဝိညတ်ရူပ် ၂၊ ဝိကာရရူပ် ၅၊ လက္ခဏရူပ် ၄-ခု တည်း။

အာကာသ**ခ**ာတု ပရိစ္ဆေဒ**ရ**ူပံ နာ**မ**။

ပရိစ္ဆေဒရူပ်**ကား ၁....**

အာကာသ**ခ**ာတ် တည်း။

ကာယ**ဝ**ိ**ည**တ္တိ ဝ**စီ**ဝ**ိ**ည**တ္တိ ဝ**ိ**ည**တ္တိ**ရ**ူပံ **နာ**မ။

ဝိ**ည**တ်**ရ**ူပ်**ကား ၂....**

ကာယ**ဝ**ိ**ည**တ်
ဝစီ**ဝ**ိ**ည**တ် **တ**ည်း။

ရ**ူ**ပ**သ**ဒ **လ**ဟု**တ**ာ **မ**ုဒု**တ**ာ **က**မ္မ**ည**တာ **ဝ**ိ**ည**တ္တိ**ဒ**ွယ် ဝ**ိ**ကာ**ရ**ရ**ူ**ပံ **နာ**မ။

ဝိ**ကာ**ရ**ရ**ူ**ပ်**ကား ၅....**

ရ**ူ**ပ**သ**ဒ **လ**ဟု**တ**ာ
ရ**ူ**ပ**သ**ဒ **မ**ုဒု**တ**ာ

ရူပသဿကမ္မညတာ
ကာယဝိညတ်
ဝစီဝိညတ် တည်း၊

ရူပဿ ဥပစယော သန္တတိ ဇရတာ အနိစ္စတာ
လက္ခဏရူပံ နာမ။

လက္ခဏရုပ်ကား ၄...

ဥပစယ
သန္တတိ
ဇရတာ
အနိစ္စတာ တည်း။

ရူပသမุဋ္ဌေသ ပြီး၏။

:-o-:

ရူပဝိဘာဂ

သဗ္ဗဥ္ဇ ပနေတံ ရူပံ အဟေတုကံ သပ္ပစ္စယံ သာသဝံ သခ်ံတံ လောကိယံ ကာမာဝစရံ အနာရမ္မဏံ အပ္ပဟာတဗ္ဗ မေဝါတိ ဧကဝိဓမ္မိ အဗ္ဗတ္တိကဗာဟိရာဒိဝသေန ဗဟုဓာ ဘေဒံ ဂစ္ဆတိ။

အလုံးစုံ ၂၈-ပါးသော ရုပ်သည် အဟေတုကရုပ်,သပ္ပစ္စယရုပ်, သာသဝရုပ်, သခ်ံဘရုပ်, လောကိယရုပ်, ကာမာဝစရရုပ်, အနာရမ္မဏရုပ်, အပ္ပဟာတဗ္ဗရုပ် ဟူ၍ တပါးစီသာရှိသော်လည်း အဗ္ဗတ္တိကရုပ် ဗာဟိရရုပ် **အစရှိသည်တို့၏** အစွမ်းအားဖြင့် များသောအပြားရှိ၏။

ကထံ-အဘယ်သို့လျှင် အဋ္ဌတ္တိကရုပ် ဗဟိရရုပ် အစရှိသည်တို့၏ အစွမ်းအားဖြင့် မျှားသောအပြား ရှိသနည်းဟူမူ-

အဋ္ဌတ္တိက ၅၊ ဗဟိရ ၂၃

ပသာဒသင်္ခါတံ ပဋ္ဌဝိဓမ္မိ အဋ္ဌတ္တိကရူပံ နာမ၊ ဣတရံ ဗဟိရ ရူပံ။

ပသာဒရုပ် ၅-ခုသည် အဋ္ဌတ္တိကရုပ်မည်၏။ အဋ္ဌတ္တိကရုပ် ၅-ခုမှတပါး ၂၃-ပါးသော ရုပ်သည် ဗဟိရရုပ်မည်၏။

ဝတ္ထု ၆၊ အဝတ္ထု ၂၂

ပသာဒဟဒယ သင်္ခါတံ ဆဗ္ဗိဓမ္မိ ဝတ္ထု ရူပံ နာမ၊ ဣတရံ အဝတ္ထု ရူပံ။

စက္ခုပသာဒသည် စက္ခုဝတ္ထုရုပ် မည်၏။
သောတပသာဒသည် သောတဝတ္ထုရုပ် မည်၏။
ဃာနပသာဒသည် ဃာနဝတ္ထုရုပ် မည်၏။
ဇိဝှါပသာဒသည် ဇိဝှါဝတ္ထုရုပ် မည်၏။
ကာယပသာဒသည် ကာယဝတ္ထုရုပ် မည်၏။
ဟဒယဝတ္ထုဈသည် ဟဒယဝတ္ထုရုပ်မည်၏။

ဝတ္ထုရုပ် ၆-ခုမှတပါး ၂၂-ပါးသော ရုပ်သည် အဝတ္ထုရုပ် မည်၏။

ဒွါရ ၇၊ အဒွါရ ၁

ပသာဒဝိညတ္တိ သင်္ခါတံ သတ္တဝိဓမ္မံ ဒွါရရူပံ နာမ၊ ဣဘာရံ အဒွါရရူပံ။

စက္ခုပသာဒသည် စက္ခုဒွါရရုပ် မည်၏။
သောတပသာဒသည် သောတဒွါရရုပ် မည်၏။
ဃာနပသာဒသည် ဃာနဒွါရရုပ် မည်၏။
ဇိဝှါပသာဒသည် ဇိဝှါဒွါရရုပ် မည်၏။
ကာယပသာဒသည် ကာယဒွါရရုပ် မည်၏။
ကာယဝိညတ်သည် ကာယဒွါရရုပ် မည်၏။
ဝစီဝိညတ်သည် ဝစီဒွါရရုပ် မည်၏။

ဒွါရရုပ် ၇-ခုမှတပါး ၂၁-ပါးသော ရုပ်သည် အဒွါရရုပ် မည်၏။

ဣန္ဒြိယ ၈၊ အနိန္ဒြိယ ၂၀

ပသာဒ ဘာဝ ဇီဝိတ သင်္ခါတံ အဋ္ဌဝိဓမ္မံ ဣန္ဒြိယရူပံ နာမ၊ ဣတရံ အနိန္ဒြိယရူပံ။

စက္ခုပသာဒရုပ်သည် စက္ခုန္ဒြေ မည်၏။
သောတပသာဒရုပ်သည် သောတိန္ဒြေ မည်၏။
ဃာနပသာဒရုပ်သည် ဃာနိန္ဒြေ မည်၏။
ဇိဝှါ ပသာဒရုပ်သည် ဇိဝှိန္ဒြေ မည်၏။
ကာယပသာဒရုပ်သည် ကာယိန္ဒြေ မည်၏။

ဣတ္ထိဘာဝရုပ်သည် ဣတ္ထိနှင့် မည်၏။
ပုမ္ဘာဝရုပ်သည် ပုရိသ်နှင့် မည်၏။
ဇီဝိတရုပ်သည် ဇီဝိတိနှင့် မည်၏။

ဣန္ဒြိယရုပ် ၈-ခုမှတပါး ၂၀-သော ရုပ်သည် အနိန္ဒြိယရုပ် မည်၏။

သြဠာရိက ၁၂၊ သုခုမ ၁၆

ပသာဒ ဝိသယ သင်္ခါတံ ဒ္ဝါဒသဝိဓမ္မိ သြဠာရိကရူပံ သန္တိကေ ရူပံ သပ္ပဋိဃရူပဉ္စ၊ ဣဘရံ သုခုမရူပံ ဒူရေရူပံ အပ္ပဋိဃရူပဉ္စ။

ပသာဒရုပ် ၅-ခု, ဝိသယရုပ် ၇-ခုသည် သြဠာရိကရုပ်လည်း မည်၏။ သန္တိကေရုပ်လည်းမည်၏။ သပ္ပဋိဃရုပ်လည်း မည်၏။

သြဠာရိကရုပ် သန္တိကေရုပ် သပ္ပဋိဃရုပ်မှတပါး ၁၆-ပါးသော ရုပ်သည် သုခုမရုပ်လည်း မည်၏။ ဒူရေရုပ်လည်း မည်၏။ အပ္ပဋိဃရုပ်လည်း မည်၏။

ဥပါဒိန္နာ ၁၈၊ အနုပါဒိန္နာ ၁၅၊ ၁၃၊ ၁၂

ကမ္မဇံ ဥပါဒိန္နရူပံ၊ ဣတရံ အနုပါဒိန္နရူပံ။

ကမ္မဇရုပ် ၁၈-ခုသည် ဥပါဒိန္နရုပ် မည်၏။

ဥပါဒိန္နရုပ် ၁၈-ခုမှတပါး စိတ္တဇရုပ် ၁၅-ခု ဥတုဇရုပ် ၁၃-ခု အာဟာရဇရုပ် ၁၂-ခုသည် အနုပါဒိန္နရုပ် မည်၏။

သနိဒဿန ၁၊ အနိဒဿန ၂၇

ရူပါယတနံ သနိဒဿန ရူပံ၊ ဣတရံ အနိဒဿနရူပံ။ ရူပါရုံသည် သနိဒဿနရုပ် မည်၏။

သဒ္ဒနိဒဿနရုပ်မှတပါး ၂၇-ပါးသော ရုပ်သည် အနိဒဿနရုပ် မည်၏။

ဂေါစရဂ္ဂါဟိက ၅၊ အဂေါစရဂ္ဂါဟိက ၂၄

စက္ခာဒိဒ္ဒယံ အသမ္ပတ္တဝေသန ဃာနာဒိတ္တယံ သမ္ပတ္တဝေသနာတိ ပဋ္ဌဝိမ္ပိ ဂေါစရဂ္ဂါဟိကရူပံ၊ ဣတရံ အဂေါစရဂ္ဂါဟိကရူပံ။

စက္ခုပသာဒ၊ သောတပသာဒသည် အသမ္ပတ္တဂေါစရဂ္ဂါဟိကရုပ် မည်၏။ ဃာနပသာဒ၊ ဇိဝှါပသာဒ ကာယပသာဒသည် သမ္ပတ္တဂေါစရဂ္ဂါဟိကရုပ် မည်၏။

ဂေါစရဂ္ဂါဟိကရုပ် ၅-ခုမှတပါး ၂၃-ပါးသော ရုပ်သည် အဂေါစရဂ္ဂါဟိကရုပ် မည်၏။

အဝိနိဗ္ဘောဂ ဂ၊ ဝိနိဗ္ဘောဂ ၂၀

ဝဏ္ဏော၊ ဂန္ဓော၊ ရသော၊ ဩဇာ၊ ဘူတစတုက္ကဉ္စေတိ အဋ္ဌ ဝိဓမ္ပိ အဝိနိဗ္ဘောဂရူပံ၊ တရံ ဝိနိဗ္ဘောဂရူပံ။

ပထဝီ အာပေါ တေဇော ဝါယော ဝဏ္ဏ ဂန္ဓ ရသ ဩဇာ ဤ ၇-ပါးသော ရုပ်သည် အဝိနိဗ္ဘောဂ ရုပ် မည်၏။

အဝိနိဗ္ဘောဂရုပ် ၈-ခုမှတပါး ၂၀-သော ရုပ်သည် ဝိနိဗ္ဘောဂရုပ် မည်၏။

ရူပဝိဘာဂ ပြီး၏။

ဃ-၀-ဃ

ရူပသမုဋ္ဌာန

ကမ္မံ စိတ္တံ ဥတု အာဟာရောစေတိ စတ္တာရိ ရူပသမုဋ္ဌာနာနိ နာမ။

ရုပ်ကို ဖြစ်စေတတ်သော အကြောင်းတရားကား လေးပါး....

၁။ ကံ
၂။ စိတ်
၃။ ဥတု
၄။ အာဟာရ တည်း။

ကမ္မဇရုပ် ဖြစ်ပုံ

တတ္ထ ကာမာ၀စရံ ရူပါ၀စရဥေတိ ပဋ္ဌဝိသတိ ဝိဓမ္မိ ကုသလာ ကုသလကမ္မမဘိသင်္ခံတံ အဋ္ဌတ္တိကသန္တာနေ ကမ္မ သမုဋ္ဌာနရူပံ ပဋ္ဌိသန္ဓိ မုပါဒါယ ခဏေ ခဏေ သမုဋ္ဌာပေတိ။

ထိုလေးပါးသော အကြောင်းတရားတို့တွင် အကုသိုလ်ကံ ၁၂၊ ကာမကုသိုလ်ကံ ၈၊ ရူပကုသိုလ်ကံ ၅၊ ဤ ၂၅-ပါး အပြားရှိသောကံသည် အဋ္ဌတ္တသန္တာန်၌ ပဋ္ဌိသန္ဓေစိတ်၏ ဥပါဒ်

ခဏမှစ၍ စုတိစိတ်မှ ဖြန်၍ရှေသည်ရှိသော် ၁၇-ချက် မြောက်သော စိတ်၏ဥပါဒ်ခဏတိုင်အောင် ခဏတိုင်း ခဏံတိုင်း ကမ္မဇရုပ်ကို ဖြစ်စေ၏။

စိတ္တဇရုပ် ဖြစ်ပုံ

အာရုပ္ပဝိပါက ဒ္ဝိပဉ္စ ဝိညာဏဝေဒနာတံ ပဉ္စသတ္တတိဝိဓမ္မိ စိတ္တံ စိတ္တသ မုဒ္ဌာနရူပံ ပဌမဘဝင်္ဂမုပါဒါယ ဇာယန္တေ သမုဋ္ဌာပေတိ။

အရူပဝိပါက်လေးခု၊ ဒွေပဉ္စဝိညာဏ် ၁၀၊ ရဟန္တာတို့၏ စုတိစိတ်သည် ကြဉ်အပ်သော ၇၅-ပါး အပြားရှိသော စိတ်သည် ပဋိသန္ဓေနှောင် ပဌမဘဝင်၏ ဥပါဒ်ခဏမှ စ၍စုတိစိတ်၏ ဥပါဒ်ခဏတိုင်အောင် ဥပါဒ်ခဏတိုင်း ဥပါဒ်ခဏတိုင်း စိတ္တဇရုပ်ကို ဖြစ်စေ၏။

တတ္ထ အပ္ပနာဇဝနံ ဣရိယာပထမ္မိ သန္ဌာဝေတိ။

ထို ၇၅-ပါးသော စိတ်တို့တွင် အပ္ပနာဇော ၂၆-ခု သည် ဥပါဒ် ခဏံတိုင်း ခဏတိုင်း စိတ္တဇရုပ်ကိုလည်း ဖြစ်စေနိုင်၏။ ဣရိယာပုထ်ကိုလည်း ခိုင်စေနိုင်၏။

ဝေါဋ္ဌဗ္ဗန ကာမာဝစရဇဝနာဘိညာ ပန ဝိညတ္တိမ္မိ သမုဋ္ဌာပေန္တိ။

ဂုဏ်ဌေ၊ ကာမဇော ၂၉၊ အဘိညာဏ်ခြောက်တို့သည် ဥပါဒ်ခဏတိုင်း ခဏတိုင်း စိတ္တဇရုပ်ကိုလည်း ပြုပ်စေနိုင်၏။ ဣရိယာပုထ်ကိုလည်း ခိုင်စေနိုင်၏။ ကာယဝေါဟာရ ဝဇိဝိညတ်ကိုလည်း ပြုပ်စေနိုင်၏။

ခေသာမနဿဇဝနာနိ ပနေတ္ထ တေရသ ဟသနမ္မိ ဇဲနေန္တိ။ ဤဝုဋ္ဌော ကာမဇော ၂၉၊ အဘိညာဏ်ဒ္ဒေးတို့တွင် လောဘမူ သောမနဿ သဟဂုတ်ဇော ၄၊ ဟသိတုပ္ပါဒ်ဇော ၁၊ မူဟာ ကုသိုလ် သောမနဿ သဟဂုတ်ဇော ၄၊ မဟာကြီယာ သောမနဿ သဟဂုတ်ဇော ၄၊ ဤ ၁၃-ပါးသော စိတ်တို့သည် ဥပါဒ်ခဏတိုင်း ခဏတိုင်းစိတ္တဇရူပ်ကိုလည်းဖြစ်စေနိုင်၏။ ။ပ။ ပြုံးရယ်ခြင်းကိုလည်း ဖြစ်စေနိုင်၏။

ဥတုဇရူပ် ဖြစ်ပုံ

သီတုဏှောတုသမညာဘာ ဘေဇောခေါတု ဌိတိပတ္တာဝ ဥတု သမုဋ္ဌာနရူပံ အဗ္ဗတ္တဉ္ဉ ဗဟိဒ္ဓါစ ယထာရဟံ သမုဋ္ဌာပေတိ။

သီ ဥတု ဥဏှဥတု ဟု ဆိုအပ်သော တေဇောခေါတ်သည် ပဋ္ဌိသန္ဓေစိတ်၏ ဌိခဏသို့ ရောက်သည်ရှိသော် အဗ္ဗန္တသန္တာန်၌ ဥတုဇကလာပ်လေးစီး၊ ဗဟိဒ္ဓသန္တာန်၌ သုဒ္ဓဋ္ဌက၊ သဒ္ဒနဝက ဟူသော ဥတုဇကလာပ် နှစ်စီးကို ဖြစ်စေတတ်၏။

အာဟာရဇရူပ်ဖြစ်ပုံ

ဩဇာသင်္ခါတော အာဟာရော အာဟာရ သမုဋ္ဌာနရူပံ အဇ္ဈတ္တဉ္ဉ ဗဟိဒ္ဓါစ ယထာရဟံ သမုဋ္ဌာပေတိ။

ဩဇာဟုဆိုအပ်သော ကဗဠိကာရအာဟာရသည် မျိုသောကာလ၌ ဌိသို့ရောက်သည်ရှိသော် အာဟာရဇရူပ်ကို ဖြစ်စေ၏။

တတ္ထ ဟဒယ ဣန္ဒြိယရူပါနိ ကမ္မဇာနေ၀။

ထိုရုပ်အပေါင်းတို့တွင် ဟဒယရုပ် ၁၊ ဣန္ဒြိယရုပ် ၈၊ ဤ ၉-ပါးသော ရုပ်တို့သည် ကံကြောင့်သာ ဖြစ်ကုန်၏၊ (ဤ ၉-ပါးတို့သည်ကေဇရုပ်မည်၏။) စိတ်ဥတုအာဟာရအကြောင်း တရား၊ကြောင့်မဖြစ်။

ဝိညတ္တိဒ္ဒယံ စိတ္တဇမေ၀။

ဝိညတ်ရုပ် ၂-ခုသည် စိတ်ကြောင့်သာ ဖြစ်၏။ (ကေဇရုပ် ပင်တည်း။) ကံ ဥတု အာဟာရ ဤအကြောင်းသုံးပါးကြောင့် မဖြစ်။

သဒ္ဒေါ စိတ္တောတုဇော။

သဒ္ဒရုပ်သည် စိတ်ဥတုကြောင့် ဖြစ်၏။ (ဒ္ဒိဇရုပ်) ကံ အာ ဟာရကြောင့်မဖြစ်။

လဟုတာဒိတ္တယံ ဥတုစိတ္တာဟာရေဟိ သမ္ဘောတိ။

ရူပသဿလဟုတာ၊ ရူပဿမုဒုတာ၊ ရူပဿကမ္မညတာ ဤ သုံးပါးသောရုပ်သည် စိတ် ဥတု အာဟာရ ဤအကြောင်းတရား သုံးပါးကြောင့် ဖြစ်၏။ (တိဇရုပ်) ကံကြောင့် မဖြစ်။

အဝိနိဗ္ဘောဂ ရူပါနိ ၁၁၀ အာကာသဓာတု စ စတူဟိ သမ္ဘူတောနိ၊

အဝိနိဗ္ဘောဂရူပ် ၈-ခု၊ အာကာသဓာတ်၂ ဤ၉-ပါးသော ရုပ်တို့သည် ကံ စိတ် ဥတုအာဟာရ ဤအကြောင်းတရား လေး ပါးကြောင့် ဖြစ်ကုန်၏။ (စတုဇရုပ်)

လက္ခဏာရူပါနိ နာ ကုဘောစိ ဇာယန္တိ။

လက္ခဏာရုပ် လေးခုတို့သည် ကံ စိတ် ဥတု အာဟာရ ဤအကြောင်းတရား လေးပါးတို့ကြောင့် မဖြစ်ကုန်။

အဋ္ဌာရသပန္နရသ၊ ဘေရသ ဒ္ဒါဒသာတိစ။
ကမ္မစိတ္တောတုကာဟာရ၊ ဇာနိ ဟောန္တိ ယထာက္ကမံ။

ကမ္မဇရုပ်ကား ၁၈....

အဝိနိဗ္ဘောဂရုပ် ၈၊
အာကာသဓာတ် ၁၊
ဟဒယရုပ် ၁၊
ဇီဝိတိန္ဒြိယရုပ် ၈-ခု တည်း။

တတ္ထဟဒယ ဇီဝိတိန္ဒြိယရူပါနိ ကမ္မဇာနေ၀၊ အဝိနိဗ္ဘောဂရူပါနိစေ၀ အာကာသဓာတု စ စာဂူဟိ သမ္ဘူတာနိ၊ ထောက်။

စိတ္တဇရုပ်ကား ၁၅...

အဝိနိဗ္ဘောရုပ် ၈၊
အာကာသဓာတ် ၁၊
ဝိညတ်ရုပ် ၂၊
သဒ္ဒရုပ် ၁၊
ရူပသဿလဟုတာ၊
ရူပသဿမုဒုတာ၊
ရူပသဿကမ္မညတာ တည်း။

ဝိညတ္တိဒွယံ စိတ္တဇမေဝ။ သဒ္ဒေါ စိတ္တေဇောတုဇော။ လဟုတာ ဒိတ္တယံ ဥတုစိတ္တာဟာရေဟိ သမ္ဘောဘိ။ အဝိနိဗ္ဘောဂရူပါနိစေဝ အာကာသဓာတု စ စတူဟိသမ္ဘူတာနိ။ ထောက်။

ဥတုဇရုပ်ကား ၁၃....

အဝိနိဗ္ဘောဂရုပ် ၈၊
အာကာသဓာတ် ၁၊
သဒ္ဒရုပ် ၁၊
ရူပသဿလဟုတာ၊
ရူပသဿမုဒုတာ၊
ရူပသ်ကမ္မညတာ တည်း။

သဒ္ဒေါ စိတ္တေဇောတုဇော။ လဟုတာဒိတ္တယံ ဥတုစိတ္တာဟာရေဟိ သမ္ဘောတိ။ အဝိနိဗ္ဘောဂရူပါနိစေဝ အာကာသဓာတု စ စတူဟိ သမ္ဘူတာနိ-ထောက်။

အာဟာရဇရုပ်ကား ၁၂....

အဝိနိဗ္ဘောဂရုပ် ၈၊
အာကာသဓာတ် ၁၊
ရူပသဿလဟုတာ၊
ရူပသ်ဌမုဒုတာ၊
ရူပသ်ကမ္မညတာ တည်း။

လဟုတာဒိတ္တယံ ဥတုစိတ္တာဟာရေဟိ သမ္ဘောတိ။ အဝိနိဗ္ဘောဂ ရူပါနိစေဝ အာကာသဓာတု စ စတူဟိသမ္ဘူတာနိ။ ထောက်။

ဇာယမာနာဒိ ရူပါနံ၊ သဘာဝတ္တာဟိ ကေဝလံ။
လက္ခဏာနိ နဇာယန္တိ၊ ကေဟိစိတ္တိ ပကာသိတံ။

လက္ခဏာရုပ် **လေးခု**တို့သည် နိပ္ဖန္နရုပ်တို့၏ ဇာတိသဘော ဇရာသဘော မရဏသဘောမျှသာ ဖြစ်ခြင်းကြောင့် **အ**ကြောင်းတရား **လေးပါး**ကြောင့် မဖြစ်ကုန်။

ကေဇရုပ် စသည် ခဲ့ပြချက်

ဟဒယရုပ် ဣန္ဒြိယရုပ် ၈-ခု ဝိညတ်ရုပ် ၂ ဤ ၁၁-ပါးသည် **ကေ**ဇရုပ် **မ**ည်၏။

သဒ္ဒါရုံသည် ဒ္ဒိဇရုပ် **မ**ည်၏။

ရူပသဿလဟုတာ ရူပသဿမုဒုတာ ရူပသဿကမ္မညတာ ဤ ၃-ပါးသည် တိဇရုပ် **မ**ည်၏။

အဝိနိဗ္ဘောဂရုပ် ၈-ခု အာကာသဓာတ် ဤ ၉-ပါးသည် စတုဇရုပ် **မ**ည်၏။

လက္ခဏာရုပ် ၄-ခုသည် နကုဇောစိသမုဋ္ဌာန်ရုပ် **မ**ည်၏။

ရူပသမုဋ္ဌာန် ပြီးပြီ။

:-O-:

ရူပကလာပ

ကေုပ္ပါဒါ ကေနိရောဓာ ကေနိသဲယာ သဟဝုတ္တိနော ဇကဝိသတိ ရူပကလာပါနာမ။

ရုပ်ကလာပ်အင်္ဂါ ၄-ပါး—

၁။ တူသော ဖြစ်ခြင်း၊

၂။ တူသော ချုပ်ခြင်း၊

၃။ တူသော မှီရာ မဟာဘုတ်ရှိခြင်း၊

၄။ အတူတကွ ဖြစ်ပျက်ခြင်း ရှိကုန်သော ရုပ်အပေါင်း တို့သည် ၂၁-ပါးသော ရုပ်ကလာပ်တို့ မည်ကုန်၏။

တတ္ထ ဇီဝိတံ အဝိနိဗ္ဘောဂရူပဉ္စ စက္ခုနာသဟစက္ခုဒသကန္တိ ပဝုစ္စတိ။ တထာ သောတာဒီဟိ သဒ္ဒိ သောတဒသကံ ဃာန ဒသကံ ဇိဝှါဒသကံ ကာယဒသကံ ဣတ္ထိဘာဝဒသကံ ပုမ္ဘာဝ ဒသကံ ဝတ္ထုဒသက ဥတေတိ ယထာက္ကမံ ယောဇေတဗ္ဗံ၊ အဝိ နိဗ္ဘောဂရူပမေဝ ဇီဝိတေန သဟ ဇီဝိတနဝကန္တိ ပဝုစ္စတိ။ ဣမေ နဝ ကမ္မသမုဋ္ဌာနကလာပါ။

ကမ္မဇကလာပ် ၉-စည်း—

(၁) အဝိနိဗ္ဘောဂရုပ် ဂ၊ ဇီဝိတရုပ် ၁၊ စက္ခုပသာဒရုပ်၁၊ ဤရုပ် ၁၀-ခု အပေါင်းအစုသည် စက္ခုဒသက ကလာပ် မည်၏၊

(၂) အဝိနိဗျောဂရုပ် ၈၊ ဇီဝိတရုပ် ၁၊ သောတပသာဒရုပ် ၁၊ ဣရုပ် ၁၀-ခု အပေါင်းအစုသည် သောတဒသကကလာပ် မည်၏။

(၃) အဝိနိဗျောဂရုပ် ၈၊ ဇီဝိတရုပ် ၁၊ ဃာနပသာဒရုပ် ၁၊ ဣရုပ် ၁၀-ခု အပေါင်းအစုသည် ဃာနဒသကကလာပ် မည်၏။

(၄) အဝိနိဗျောဂရုပ် ၈၊ ဇီဝိတရုပ် ၁၊ ဇိဝှါပသာဒရုပ် ၁၊ ဣရုပ် ၁၀-ခု အပေါင်းအစုသည် ဇိဝှါဒသကကလာပ် မည်၏။

(၅) အဝိနိဗျောဂရုပ် ၈၊ ဇီဝိတရုပ် ၁၊ ကာယပသာဒရုပ် ၁၊ ဣရုပ် ၁၀-ခု အပေါင်းအစုသည် ကာယဒသက ကလာပ် မည်၏။

(၆) အဝိနိဗျောဂရုပ် ၈၊ ဇီဝိတရုပ် ၁၊ ဣတ္ထိဘာဝရုပ် ၁၊ ဣရုပ် ၁၀-ခု အပေါင်းအစုသည် ဣတ္ထိဘာဝဒသကကလာပ် မည်၏။

(၇) အဝိနိဗျောဂရုပ် ၈၊ ဇီဝိတရုပ် ၁၊ ပုမ္ဘာဝရုပ် ၁၊ ဣရုပ် ၁၀-ခု အပေါင်းအစုသည် ပုမ္ဘာဝဒသကကလာပ် မည်၏။

(၈) အဝိနိဗျောဂရုပ် ၈၊ ဇီဝိတရုပ် ၁၊ ဟဒယဝတ္ထုရုပ် ၁၊ ဣရုပ် ၁၀-ခု အပေါင်းအစုသည် ဝတ္ထုဒသကကလာပ် မည်၏။

(၉) အဝိနိဗ္ဘောဂရုပ် ၈၊ ဇီဝိတရုပ် ၁၊ ဣရိယာပထ်ရုပ် ၉-ခု အပေါင်းအစုသည်ဇီဝိတ နဝက ကလာပ် မည်၏။

အဝိနိဗ္ဘောဂရုပ် ပန သုဒ္ဓဋ္ဌက်၊ တဒေဝ ကာယ ဝိညတ္တိယာ သဟကာယဝိညတ္တိနဝက်၊ ဝစီဝိညတ္တိသဒ္ဒေဟိ သဟ ဝစီဝိညတ္တိ ဒသက်၊ လဟုတာဒီဟိ သဒ္ဒိ လဟုတာဒေကာဒသက်။ ကာယ ဝိညတ္တိလဟုတာဒိဒ္ဝါဒသက်။ ဝစီဝိညတ္တိသဒ္ဒလဟုတာဒိတေရ သက ဧဒ္ဓေဘိ ဆ စိတ္တာသမုဋ္ဌာနကလာပါ။

ဝိတ္ထာရကလာပ် ၆-ခည်း...

(၁) အဝိနိဗ္ဘောဂရုပ် ၈-ခုသည် သုဒ္ဓဋ္ဌက ကလာပ် မည်၏၊

(၂) အဝိနိဗ္ဘောဂရုပ် ၈-ခု ကာယဝိညတ် ၁၊ ဣရိယာပထ်ရုပ် ၉-ခု အပေါင်း အစုသည် ကာယဝိညတ္တိနဝက ကလာပ်မည်၏၊

(၃) အဝိနိဗ္ဘောဂရုပ် ၈၊ သဒ္ဒရုပ် ၁၊ ဝစီဝိညတ်ရုပ်၁၊ ဣရိယာပထ်ရုပ် ၁၀-ခု အပေါင်းအစုသည် ၈စီဝိညတ္တိ သဒ္ဒ ဒသက ကလာပ်မည်၏၊

(၄) အဝိနိဗ္ဘောဂရုပ် ၈၊ ရူပသာလဟုတာ၊ ရူပသမုဒုတာ ရူပသကမ္မညတာ၊ ဣရိယာပထ်ရုပ် ၁၁-ခုအပေါင်းအစု သည် လဟုတာဒိ ကောဒသက ကလာပ်မည်၏။

(၅) အဝိနိဗ္ဘောဂရုပ် ၈၊ ကာယဝိညတ်ရုပ် ၁၊ ရူပသာ လဟုတာ ရူပသမုဒုတာ ရူပသကမ္မညတာ ဣရိယာ

၁၂-ခုအပေါင်းအစုသည် ကာယဝိညတ္တိ လဟုတာဒိ ဒ္ဒါဒသက ကလာပ်မည်၏။

(၆) အဝိနိဗ္ဘောဂရုပ် ၈-ခု၊ ဝစီဝိညတ်ရုပ် ၁၊ သဒ္ဒရုပ် ၁၊ ရူပသဿလဟုတာ ရူပသမုဒုတာ၊ ရူပသကမ္မညတာ၊ ဤရုပ် ၁၃-ခု အပေါင်းအစုသည် ဝစီဝိညတ္တိသဒ္ဒလဟုတာဒိ တေရသက ကလာပ်မည်၏။

သုဒ္ဓဋ္ဌကံ သဒ္ဒနဝကံ လဟုတာဒေကာဒသကံ သဒ္ဒလဟုတာဒိ ဒ္ဒါဒသက ဥတို စတ္တာရော ဥတုသမုဋ္ဌာန ကလာပါ။

ဥတုဇကလာပ်လေးစည်း....

(၁) အဝိနိဗ္ဘောဂရုပ် ၈-ခုသည် သုဒ္ဓဋ္ဌကကလာပ်မည်၏။

(၂) အဝိနိဗ္ဘောဂရုပ် ၈-ခု သဒ္ဒရုပ် ၁၊ ဤ ရုပ် ၉-ခု အပေါင်းအစုသည် သဒ္ဒနဝကကလာပ် မည်၏။

(၃) အဝိနိဗ္ဘောဂရုပ် ၈၊ သဒ္ဒရုပ် ၁၊ ရူပသဿလဟုတာ ရူပသမုဒုတာ ရူပသကမ္မညတာ ဤရုပ် ၁၁-ခု အပေါင်း အစုသည် လဟုတာဒိ ဧကာဒသက ကလာပ်မည်၏။

(၄) အဝိနိဗ္ဘောဂရုပ် ၈၊ သဒ္ဒရုပ် ၁၊ ရူပသဿလဟုတာ ရူပသမုဒုတာ၊ ရူပသကမ္မညတာ ဤရုပ် ၁၂-ခု အပေါင်း အစုသည် သဒ္ဒ လဟုတာဒိ ဒ္ဒါဒသက ကလာပ်မည်၏။

သုဒ္ဓဋ္ဌကံ၊ လဟုတာ ဒေကာဒသက ဥတို ဒ္ဒေ အာဟာရ သမုဋ္ဌာန ကလာပါ။

အာဟာရဇကလာပ် ၂-စည်း....

(၁) အဝိနိဗ္ဘောဂရုပ် ဂ-ခုသည် သုဒ္ဓဋ္ဌက ကလာပ်မည်၏။

(၂) အဝိနိဗ္ဘောဂ ရုပ် ဂ၊ ရူပဿလဟုတာ ရူပဿမုဒု တာ ရူပဿကမ္မညတာ ဤရုပ် ၁၁-ခု အပေါင်း အစုသည် လဟုတာဒိ ကောဒသက ကလာပ်မည်၏။

တတ္ထ သုဒ္ဓဋ္ဌကံ သဒ္ဒနဝက ဥတေ ဒ္ဝေ ဥတုသမုဋ္ဌာနကလာ ပါ ဗဟိဒ္ဓါပိ လဗ္ဘန္တိ၊ အဝသေသာ ပန သဗ္ဗေပိ အဇ္ဈတ္တိက မေ ဝါတိ။

အဇ္ဈတ္တသန္တာန်ဌသာ ရကောင်း၍ ဗဟိဒ္ဓသန္တာန်ဌ မရကောင်းသော ရုပ်ကလာပ်စည်းကား ၁၉-စည်း၊ ကမ္မဇကလာပ် ၉-စည်း၊ စိတ္တဇကလာပ် ၆-စည်း၊ ဥတုဇ ကလာပ် ၂-စည်း၊ အာဟာရဇ ကလာပ် ၂-စည်း တည်း။

ဗဟိဒ္ဓသန္တာန်ဌသာ ရကောင်း၍ အဇ္ဈတ္တသန္တာန်ဌ မရကောင်းသော ရုပ်ကလာပ်ကားမရှိ။

အဇ္ဈတ္တ သန္တာန် ဗဟိဒ္ဓ သန္တာန် ၂-ပါးလုံးဌ ရကောင်းသော ရုပ်ကလာပ်ကား ၂-စည်း၊ ဥတုဇ သုဒ္ဓဋ္ဌက သဒ္ဒနဝက ကလာပ်တည်း။

ကမ္မဝိဇ္ဇောတုကာဟာရ၊ သမုဋ္ဌာနာ ယထာက္ကမံ။
နဝ ဆ စတုရော ဒ္ဝေကိ၊ ကလာပါ ဏေဝိသတိ။

ကလာပ်ကား ၂၁-စည်း

ကမ္မဇကလာပ် ၉-စည်း၊ စိတ္တဇကလာပ် ၆-စည်း၊ ဥတုဇ ကလာပ် ၄-စည်း၊ အာဟာရဇကလာပ် ၂-စည်းတည်း။

ကလာပါနံ ပရိစ္ဆေဒ၊ လက္ခဏတ္တာ ဝိစက္ခဏာ။
နု ကလာပဂ် မိစ္စာဟု၊ အာကာသံ လက္ခဏာနိ စ။

ကလာပ်တို့၏ တခုနှင့်တခု မရောယှက်ရအောင် ပိုင်းခြားကြောင်းမျှသာ ဖြစ်သောကြောင့် အာကာသ်ခေတ်ကို ကလာပ်၏ အင်္ဂါဟု မဆိုရ။

ကလာပ်တို့၏ ဥပါဒ် ဌိ ဘင်မျှသာဖြစ်ခြင်းကြောင့် (၀၊) ဂ.လာပ်တို့၏ ဇာတိ ဇရာမရဏ မျှသာ ဖြစ်ခြင်းကြောင့် လက္ခဏရုပ်လေးခုကို ကလာပ်၏ အင်္ဂါဟု မဆိုရ။

ရူပ ကလာပပြီး၏။

:-o-:

ရူပပဝတ္တိက္ကမ

သဗ္ဗာနိပိ ပနေတာနိ ရူပါနိ ကာမလောကေ ယဝတာရဟံ အန္ဒုနာနိ ပဝတ္တိယံ ဥပလဗ္ဘန္တိ။

ပဝတ္တိအခါ ကာမ ၁၁-ဘုံ၌ အလုံးစုံသော ရုပ်တို့ကိုရအပ်ကုန်၏။

ဃထာရဟံ အဓိပ္ပါယ်ကား...

ဒုဂ္ဂတိအဟိတ် သုဂတိအဟိတ် ပုထုဇဉ် ပုဂ္ဂိုလ်တို့အား စက္ခုပသာဒ၊ သောတပသာဒ၊ ဃာနပသာဒ၊ ဇိဝှါဘာဝ၊ ပုမ္အာဝရူပ်တို့ကို ရုံခါသာရကောင်း၏။ ရုံခါမရကောင်း။

ဒ္ဝိဟိတ် တိဟိတ် ပုထုဇဉ် ဖလဌာန် ပုဂ္ဂိုလ်လေးယောက်တို့အား မိန်းမဖြစ်အံ့၊ ပုမ္အာဝကြဉ် ၂၇-ပါးသော ရူပ်တို့ကိုသာ ရကောင်း၏။ ပုမ္အာဝ မရကောင်း။

ယောကျ်ားဖြစ်အံ့၊ ဇိဝှါဘာဝကြဉ် ၂၇-ပါးသော ရူပ်တို့ကိုသာ ရကော်င်း၏။ ဇိဝှါဘာဝ မရကောင်း။

ပဋ္ဌိသန္ဓေယံ ပန သံသေဒဇာနဉ္စ ဩပပါတိကာနဉ္စ စက္ခု သောတ ဃာန ဇိဝှါ ကာယ ဘာဝ ဝတ္ထုဒသကသင်္ခါတာနိ သတ္တဒသကာနိ ပါတုဘဝန္တိ ဥက္ကဋ္ဌဝသေန။ သုမကဝသေန ပန စက္ခုသောတ ဃာန ဘာဝဒသကာနိ ကဒါစိပိ နုလဗ္ဘန္တိ၊ တဿ ဘေသံ ဝသေန ကလာပဟာနိ ဝေဒိတဗ္ဗာနိ။

ပဋ္ဌိသန္ဓေအခါ ကာမ ၁၁-ဘုံ၌ သံသေဒဇသတ္တဝါ သုပပါတိကသတ္တဝါတို့အား ဥက္ကဋ္ဌ၏ အစွမ်းအားဖြင့် စက္ခုဒသက သောတဒသက ဃာနဒသက ဇိဝှါဒသက ကာယဒသက ဘာဝကသဒ္ဒုဒသက ကလာပ်ရူပ်တို့သည် ထင်ရှားဖြစ်ကုန်၏။

ကြမကင်း အစွမ်းအားဖြင့်ကား စက္ခုဒသက၊ သောတဒသက၊ ဃာနဒသက၊ ဘာဝဒသက ကလာပ်တို့သည် ရုံခါမဖြင့်ကုန်၊

(သံသေဒဇ=အညှို ရေဆိုး ရေပုင်းကို စွဲ၍ဖြစ်သော ပိုးလောက်ခြင် စသော သတ္တဝါများ။ သြပပါတိက=၁၅-နှစ် ၁၆-နှစ်အရွယ်-ကိုယ်ထင်ရှားဖြစ်သော သတ္တဝါများ။)

ဂဗ္ဘသေယ္ယကသတ္တာနံ ပန ကာယ ဘာဝ ဝတ္ထုဒသကသင်္ခါတာနိ တီဏိ ဒသကာနိ ပါတုဘဝန္တိ၊ တတ္ထာပိ ဘာဝဒသကံ ကဒါစိ နုလဗ္ဘတိ။ တတောပရံ ပဝတ္တိကာလေ ကမေန စက္ခုဒသကာဒီနိ စ ပါတုဘဝန္တိ။

ပဋိသန္ဓေအခါ ကာမ ၁၁-ဘုံ၌ ဂဗ္ဘသေယ္ယကသတ္တဝါတို့အား ဥက္ကဋ္ဌ၏ အစွမ်းအားဖြင့် ကာယဒသက၊ ဘာဝဒသက၊ ဝတ္ထုဒသက ကလာပ်တို့သည် ထင်ရှားဖြစ်ကုန်၏။

သြမက၏ အစွမ်းအားဖြင့်ကား ဘာဝဒသကကလာပ်သည် ရံခါ မဖြစ်။

စက္ခုဒသက၊ သောတဒသက၊ ဃာနဒသက၊ ဇိဝှါဒသက ကလာပ်တို့သည် ပဝတ္တိအခါ၌ ၇၇-ရက်သို့ ရောက်မှ ကံ၏ အစွမ်းသတ္တိကြောင့် ထင်ရှားဖြစ်ကုန်၏။

(ဂဗ္ဘသေယျက=မိခင်ဝမ်း၌ ပဋိသန္ဓေ တည်နေကြသော လူ ခွေးကြက် ဝက် စသော သတ္တဝါများ၊ ဥက္ကဋ္ဌ = အလွန် အများဆုံး၊ သြမက=လျှော့မည်ဆိုက လျှော့နိုင်သော။)

ကမ္မဇရုပ် ချုပ်ချိန်

ဣဒေဝံ ပဋိသန္ဓိ မုပါဒါယ ကမ္မသမုဋ္ဌာနာ။ မ့ရဏကာလေ ကမ္မဇရူပါနိ နုပ္ပဇ္ဇန္တိ၊ ပုရေတရ မုပ္ပန္နာနိ စ ကမ္မဇရူပါနိ စုတိ စိတ္တသမကာလမေဝ ပဝတ္တိတ္ဝာ နိရုဇ္ဈန္တိ။

ကမ္မဇရူပ်တို့သည် ပဋ္ဌိသန္ဓေစိတ်၏ ဥပါဒ်ခဏမှစ၍ စုတိစိတ်မှ ပြန်၍ ရေသည်ရှိသော် ၁၇-ချက်မြောက်သော စိတ်၏ ဥပါဒ် ခဏတိုင်အောင် ခဏတိုင်း ခဏတိုင်း ဆီမီးလျှံကဲ့သို့လည်းကောင်း၊ မြစ်ရေအလျင်ကဲ့သို့လည်းကောင်း မပြတ် ဖြစ်ကုန်၏။

စုတိစိတ်မှ ပြန်၍ ရေသည်ရှိခဲသော် ၁၇-ချက်မြောက် စိတ်၏ ဥပါဒ်ခဏနှင့် အတူပြိုင်၍ ဖြစ်ကြသော ကမ္မဇရူပ်တို့သည် စုတိစိတ်၏ ဘင်ခဏနှင့် အတူပြိုင်၍ ချုပ်ကြကုန်၏။

စိတ္တဇရူပ် ချုပ်ချိန်

ဒုတိယစိတ္တ မုပါဒါယ စိတ္တသမုဋ္ဌာနာ။
တတောပရံ စိတ္တဇာ ဟာရဇ ရူပဠ ဝေါစ္ဆိဇ္ဇတိ၊

စိတ္တဇရူပ်တို့သည် ပဋ္ဌိသန္ဓေနောင် ပဌမဘဝင်၏ ဥပါဒ်ခဏမှ စ၍ စုတိစိတ်၏ ဥပါဒ်ခဏတိုင်အောင် ဥပါဒ်ခဏတိုင်းခဏတိုင်း ဆီမီးလျှံကဲ့သို့လည်းကောင်း မြစ်ရေအလျင်ကဲ့သို့လည်းကောင်း မပြတ် ဖြစ်ကြကုန်၏။

စုတိစိတ်၏ ဥပါဒ်ခဏနှင့် အတူပြိုင်၍ ဖြစ်ကြသော စိတ္တဇရူပ်တို့သည် စုတိစိတ်၏ နောက်စိတ္တက္ခဏ ၁၆-ချက်ခန့် ကာလ၌ ချုပ်ကြကုန်၏။

ဥတုဇရူပ် ချုပ်ချိန်

ဒုတိကာလ မုပါဒါယ ဥတုသမုဋ္ဌာနာ၊
တတောပရံ ဥတုသမုဋ္ဌာန ရူပပရံပရာ ယာဝမတ
ကဋ္ဌေဝရသခ်ိတာ ပဝတ္တန္တိ။

ဥတုဇရူပ်တို့သည် ပဋ္ဌိသန္ဓေစိတ်၏ ဌီခဏမှစ၍ သေ၍ အကောင်ပုပ် ဖြစ်သည့်ဘိုင်အောင် ခဏတိုင်း ခဏတိုင်း ဆိမိုးလျှံ ကဲ့သို့သည်ကောင်း မြစ်ရေအလျှင်ကဲ့သို့သည်းကောင်း မပြတ် ဖြစ်ကြကုန်၏။

အာဟာရဇရူပ် ချုပ်ချိန်

သြဇာဖရဏ မုပါဒါယ အာဟာရ သမုဋ္ဌာနာစေတိ၊
တတောပရံ စိတ္တဇာ ဟာရဇ ရူပဋ္ဌ ဝေါစ္ဆိဇ္ဇတိ၊

အာဟာရဇရူပ်တို့သည် သြဇာပြန့်နှံ့သော ဌီခဏမှစ၍ စုတိ စိတ်၏ ဥပါဒါခဏတိုင်အောင် ခဏတိုင်း ခဏတိုင်း ဆိမိုးလျှံကဲ့သို့ လည်းကောင်း၊ မြစ်ရေ အလျှင်ကဲ့သို့ သည်းကောင်း မပြတ် ဖြစ်ကြကုန်၏။

စုတိစိတ်၏ ဥပါဒ်ခဏနှင့် အတူပြိုင်၍ ဖြစ်ကြသော အာဟာ ရဇရူပ်ဘို့သည် စုတိစိတ်၏နောက် စိတ္တက္ခဏ ၁၆-ချက်ခန့် ကာလ၌ ချုပ်ကြကုန်၏။

ဘဝတိုင်း၌လည်း ထိုတူဖြစ်ချုပ်

ဣဒေစ္ဆဝံ မဘသတ္တာနံ၊ ပုနဒေဝ ဘဝန္တရေ။
ပဋ္ဌိသန္ဓိ မုပါဒါယ၊ တထာရူပံ ပဝတ္တတိ။

ယခု ပစ္စုပ္ပန်ဘဝ၌ကမ္မဇရူပ် စိတ္တဇရူပ် ဥတုဇရူပ် အာဟာရဇ ရူပ်တို့သည် ဖြစ်ကြ ချုပ်ကြဘို့သကဲ့သို့ ဘဝတပါး၌လည်း ထို့အတူ ဖြစ်ကြ ချုပ်ကြကုန်၏။

ရူပ ၁၅ဘုံ၌ ဖြစ်ပုံ

ရူပလောကေ ပန ဃာန ဇိဝှါ ကာယ ဘာဝဒသကာနိ စေဝ အာဟာရဇ ကလာပါနိ စ နိ လဗ္ဘန္တိ၊ တသ္မာ တေသံ ပဋိသန္ဓိကာလေ စက္ခု သောတဝတ္ထုဝသေန တိဏိ ဒသကာနိ ဇိဝှါတနုဝကဥ္စေတိ စတ္တာရော ကမ္မသမုဋ္ဌာန ကလာပါ။

ပဝတ္တိယံ စိတ္တောတုသမုဋ္ဌာနာစ လဗ္ဘန္တိ။

အသညသတ်ကြဉ်သော ရူပ ၁၅-ဘုံ၌ ပဋိသန္ဓေအခါ ရကောင်းသော ရုပ်ကလာပ်ကား လေးစည်း။ စက္ခုဒသက၊ သောတဒသက၊ ဝတ္ထုဒသက၊ ဇိဝှါတနုဝက ကလာပ်တည်း၊

မရကောင်းသော ရုပ်ကလာပ်ကား ၅-စည်း။ ဃာနဒသက ဇိဝှါဒသက ကာယဒသက ဣတ္ထိဘာဝဒသက ပုမ္ဘာဝဒသက ကလာပ်တဲ့တည်း။

ပဝတ္တိအခါ ရကောင်းသော ရုပ်ကလာပ်ကား ၁၄-စည်း။ စက္ခုဒသက သောတဒသက ဝတ္ထုဒသက ဇိဝှါတနုဝက ကလာပ်၊ စိတ္တဇကလာပ် ၆-စည်း၊ ဥတုဇကလာပ် ၄-စည်းတည်း။

မရကောင်းသော ရုပ်ကလာပ်ကား ၇-စည်း၊ ဃာနဒသက ဇိဝှါဒသက ကာယဒသက ဣတ္ထိဘာဝဒသက ပုမ္ဘာဝဒသက အာဟာရဇကလာပ် ၂-စည်းတည်း။

အသညသတ်၌ ရုပ်ဖြစ်ပုံ

အသညသတ္တာနံ ပနစက္ခု သောတဝတ္ထုသဒ္ဒါနိပိ နိ လဗ္ဘန္တိ တထာ သဗ္ဗာနိပိ စိတ္တဇရူပါနိ၊ တသ္မာ တေသံ ပဋိသန္ဓိကာလေ

ဇီဝိတနဝကမေဝ၊ ပဝတ္တိယဉ္စ သဒ္ဒဝဇ္ဇိတံ ဥတုသမုဋ္ဌာနရူပံ အာတိရိစ္ဆတိ။

အသည္ယတ်ဘုံ၌ ပဋိသန္ဓေအခါ ရကောင်းသောရုပ်ကလာပ်ကား ၁၊ ဇီဝိတနဝကကလာပ်တည်း။

မရကောင်းသော ရုပ်ကလာပ်ကား ၈။ စက္ခုဒသက သောတဒသက ဃာနဒသက ဇိဝှါဒသက ကာယဒသက ဣတ္ထိဘावဒသက ပုမ္ဘာဝဒသက ဝတ္ထုဒသက ကလာပ်တည်း။

ပဝတ္တိ အခါ ရကောင်းသော ရုပ်ကလာပ်ကား ၃၊ ဇီဝိတနဝကကလာပ် ဥတုဇ သုဒ္ဓဋ္ဌက ကလာပ် ဥတုဇ လဟုတာဒိကောဒသက ကလာပ်တည်း။

မရကောင်းသော ရုပ်ကလာပ်ကား ၁၈၊ ဇီဝိတနဝက ကလာပ်ကြဉ်သော ကမ္မဇကလာပ် ၈-စည်း၊ စိတ္တဇကလာပ် ၆-စည်း၊ ဥတုဇကလာပ် ၂-စည်း၊ အာဟာရဇကလာပ် ၂-စည်းတည်း။

ရူပ်ဘုံ ၂၃-ဘုံ၌ ဖြစ်ပုံ

ဣစ္ဆေဝံ ကာမရူပါသညီသခ်ါတေသု တီသု ဌာနေသု ပဋိသန္ဓိ ပဝတ္တိဝသေန ဒုဝိဓာ ရူပပဝတ္တိ ဝေဒိတဗ္ဗာ။

ကာမဘုံ၌ ပဋိသန္ဓေအခါ ရကောင်းသော ရုပ်ကလာပ် ၈-စည်း၊ ဇီဝိတနဝကကလာပ်ကြဉ်သော ကမ္မဇကလာပ် ၈-စည်းတည်း။

ပဝတ္တိအခါ ရကောင်းသော ရုပ်ကလာပ်ကား ၂၁-စည်း တည်း။

အသည်သတ်ကြဉ်သော ရူပ ၁၅-ဘုံ၌ ပဋိသန္ဓေအခါ ရကောင်းသော ရုပ်ကလာပ်ကား ၄-စည်း။ စက္ခုဒသက သောတဒသက ဝတ္ထုဒသက ဇီဝိတနဝကကလာပ်တည်း။

ပဝတ္တိအခါ ရကောင်းသော ရုပ်ကလာပ်ကား ၁၄-စည်း၊ စက္ခုဒသက၊ သောတဒသက၊ ဝတ္ထုဒသက၊ ဇီဝိတနဝက ကလာပ်၊ စိတ္တဇကလာပ် ၆-စည်း၊ ဥတုဇကလာပ် ၄-စည်း တည်း။

အသည်သတ်ဘုံ၌ ပဋိသန္ဓေအခါ ရကောင်းသော ရုပ် ကလာပ်ကား ၁၊ ဇီဝိတနဝက ကလာပ်တည်း။

ပဝတ္တိအခါ ရကောင်းသော ရုပ်ကလာပ်ကား ၃-စည်း။ ဇီဝိတနဝကကလာပ်၊ ဥတုဇသုဒ္ဓဋ္ဌကကလာပ်၊ ဥတုဇလဟုတာဒိ ကောဒသကကလာပ်တည်း။

အဌဝိသတိ ကာမေသု၊ ဟောန္တိ တေဝီသရူပိသု။
သတ္တရသေဝ သညီနံ၊ ဆရူပေ နတ္ထိ ကိဉ္စိပိ။

အဌဝိသတိကာမေသု၌....

အဌဝိသဘိအရကား ၂၈-ပါးသော ရုပ်တည်း။

ဟောန္တိ တေဝီသရူပိသု၌....

တေဝီသအရကား ဃာန ဇိဝှါ ကာယ ဣတ္ထိဘာဝ ပုမ္ဘာဝ ကြဉ်သော ၂၄-ပါးသော ရုပ်ဘည်း။

သဘ္ဘရသေဝ သညီနံ ဌ....

သတ္တရသေဝ အရကား အဝိနိဗ္ဘောဂရုပ် ဂ၊ အာကာသ ဓာတ် ၁၊ ဇီဝိတရုပ် ၁၊ ရူပသမုဋ္ဌာန်တာ ရူပသမ္ဘဝတာ ရူပသမုဋ္ဌာန်တာ ရူပသမ္ဘဝတာ ရူပသ ကမ္မညတာ၊ လက္ခဏရုပ် လေးခုတည်း။

အရူပေ နတ္ထိ ကိဉ္စိပိ....

အ ရူပလေးတုံ့ဌ ရုံးကာင်းသော ရုပ်ကား မရှိ။

သဒ္ဒေါ ဝိကာရော ဇရတာ၊ မရဏဥောပ ပတ္တိယံ။
နာ လဗ္ဘန္တိ ပဝတ္တေ တု၊ နာ ကိဉ္စိပိ နာ လဗ္ဘတိ၊

ပဋ္ဌိသန္ဓေအခါ မရကောင်းသော ရုပ်ကား ဂ၊ သဒ္ဒရုပ် ၁၊ ဝိကာရရုပ် ၅၊ ဇရတာ၊ အနိစ္စတာတည်း။

ပဝတ္တိအခါ မရကောင်းသော ရုပ်ကား မရှိ။

ရူပပဝတ္တိကွမ ပြီး၏။

:-o-:

နိဗ္ဗာန်ကို ပြဆိုခြင်း

နိဗ္ဗာနံ ပန လောကုတ္တရသင်္ခါတံ စတုမဂ္ဂဉာဏေန သစ္ဆိကာ တဗ္ဗံ မဂ္ဂဖလာန မာရမ္မဏဘူတံ ဝါနသင်္ခါဘာယ တဏှာယ နိက္ခန္တတ္တာ နိဗ္ဗာနန္တိ ပဝုစ္စတိ။

(၁) လောကုတ္တရာဟု ဆိုအပ်သော (၂) လေးပါးသော မဂ်ဉာဏ်ဖြင့် မျက်မှောက်ပြုအပ်သော (၃) မဂ်ဖိုလ်တို့၏အာရုံ

ဖြစ်သော နိဗ္ဗာန်ကို ဝါနဟုဆိုအပ်သော တဏှာမှ ထွက်မြောက်ရာ ထွက်မြောက်ကြောင်းဖြစ်သောကြောင့် နိဗ္ဗာန်ဟူ၍ ဟောတော်မူအပ်၏။

ကာရဏပရိယာယနိဗ္ဗာန် ၂-မျိုး

တဒေတံ သဘာဝတော ကေဝိမဿ သဉ္ဇပါဒိသေသနိဗ္ဗာနမာတု အနုပါဒိသေသနိဗ္ဗာနမာတု စေတိ ဒုဝိဓံ ဟောတိ ကာရဏပရိယာယေန။

ထိုနိဗ္ဗာန်သည် သဘာဝအားဖြင့် တပါးသာ ဖြစ်သော်လည်း ကာရဏပရိယာယအားဖြင့် သဉ္ဇပါဒိသေသနိဗ္ဗာန်၊ အနုပါဒိသေသနိဗ္ဗာန်ဟူ၍ ၂-ပါး အပြားရှိ၏။ ထိုတွင်-

ခန္ဓာငါးပါး ထင်ရှားရှိစဉ် သိမြင်ရသော နိဗ္ဗာန်သည် သဉ္ဇပါဒိသေသနိဗ္ဗာန်မည်၏။

ခန္ဓာငါးပါး ထင်ရှားမရှိမှ သိမြင်သော နိဗ္ဗာန်သည် အနုပါဒိသေသနိဗ္ဗာန် မည်၏။

အာကာရဘေဒနိဗ္ဗာန် ၃-မျိုး

တထာ သုညတံ အနိမိတ္တံ အပ္ပဏိဟိတ ဘေဒေန တိဝိဓံ ဟောတိ အာကာရဘေဒေန။

ထိုနိဗ္ဗာန်သည် အာကာရဘေဒအားဖြင့် သုညတနိဗ္ဗာန်၊ အနိမိတ္တနိဗ္ဗာန်၊ အပ္ပဏိဟိတနိဗ္ဗာန် ဟူ၍ သုံးပါး အပြားရှိ၏။

ရာဂ ဒေါသ မောဟတို့မှ ဆိုက်သုဉ်းခြင်းသည် သုညတနိဗ္ဗာန် မည်၏။

ရာဂ ဒေါသ မောဟတည်းဟူသော အကြောင်းမှ ကင်းခြင်းသည် အနိမိတ္တနိဗ္ဗာန် မည်၏။

ရာဂ ဒေါသ မောဟတည်းဟူသော တောင့်တခြင်းမှ ကင်းခြင်းသည် အပ္ပဏိဟိတနိဗ္ဗာန် မည်၏။

ပဒ မစ္စုတ မစ္စုန္ဒံ၊
အသင်္ခတ မနုတ္တရံ။
နိဗ္ဗာန မိတိ ဘာသန္တိ၊
ဝါနမုတ္တာ မဟေသယော။

(၁) အစ္စုတံ=စုတေခြင်း မရှိသော

(၂) အစ္စုန္ဒံ =စုတိ ဟု-ဆိုအပ်သော အဆုံးကို လွန်သော

(၃) အသင်္ခတံ -ကံ စိတ် ဥတု အာဟာရ တည်းဟူသော အကြောင်းတရားတို့သည် မပြုပြင်အပ်သော

(၄) အနုတ္တရံ=မိမိထက် လွန်သော တရား မရှိသော

(၅) ပဒံ=မဂ် ဖိုလ်တို့၏ အာရုံဖြစ်သော တရားကို။ နိဗ္ဗာနံ = နိဗ္ဗာန်ဟူ၍၊ ဝါနမုတ္တာ = ဝါနဟု ဆိုအပ်သောတဏှာမှ လွတ်တော်မူကုန်သော၊ မဟေသယော=မြတ်စွာဘုရားတို့သည်။ဘာသန္တိ=ဟောတော်မူကုန်၏။

ဣတိ စိတ္တံ စေတသိကံ၊
ရူပံ နိဗ္ဗာန မိစ္စပိ။
ပရမတ္ထံ ပကာသေန္တိ၊
စတုဒ္ဓာ ဝ တထာဂတာ။

ဤသို့ ပြဆိုအပ်ပြီးသောနည်းဖြင့် လေးပါးကုန်သော စိတ်၊ စေတသိက် ရုပ် နိဗ္ဗာန်တို့သည် (၀ါအနုရုဒ္ဓါဆရာ ဟောတော်မူအပ်သော တရား မဟုတ်၊) ဘုရားရှင်တို့ ဟောတော်မူသော တရားမြတ် ဖြစ်ကုန်၏ ဟူလိုသော်။

ရုပ်ပိုင်းပြီး၏။

သမုဇ္ဈည်းပိုင်း

[အထက်တန်း သင်္ဂြိုဟ်အတွက် ကြိုဏင် လေ့လာရန် ဤသမုဇ္ဈည်းပိုင်းကို ဤစာအုပ်၌ ထည့်သွင်းဖော်ပြလိုက်ပါကြောင်း။]

ဒုါသတ္တာတိဝိမ္ဓာ ဝုတ္တာ၊ ဝတ္ထုမ္ဟာ သ လက္ခဏာ။
တေသံ ဒါနိ ယထာယောဂံ၊ ပဝက္ခာမိ သမုဇ္ဈယံ။

အာရမ္မဏ ဝိဇာနန၊ ဖုသန၊ ကက္ခဋ၊ သန္တိ အစရ္ဂိသော မိမိတို့၏ ကိစ္စလက္ခဏာဒုနှင့်တကွ ဖြစ်ကုန်သောစိတ် ၁၊ စေတသိက် ၅၂၊ နိပ္ဖန္နရူပ် ၁၈ နိဗ္ဗာန်အားဖြင့် ၇၂-ပါးသော တရားတို့ကို စုပေါင်း၍ ပြထား ပြကြောင်းဖြစ်သောကြောင့် သမုဇ္ဈယသင်္ဂဟ မည်၏။

အကုသလသင်္ဂဟ၊ မိဿကသင်္ဂဟ၊ ဗောဓိပက္ခိယသင်္ဂဟ၊ သဗ္ဗသင်္ဂဟ စေတိ သမုဇ္ဈယသင်္ဂဟ စတုဗိဓောဝေါဒိတဗ္ဗော။

သမုဇ္ဈယသင်္ဂဟကား လေးပါး....

၁။ အကုသလသင်္ဂဟ၊
၂။ မိဿကသင်္ဂဟ၊
၃။ ဗောဓိပက္ခိယသင်္ဂဟ၊
၄။ သဗ္ဗသင်္ဂဟ တည်း။

အကုသလသင်္ဂဟ

ကထံ-အဘယ်သို့လျှင် သမ္ဘုဇယသင်္ဂဟလေးပါး ပြားရပါ သနည်း။

အကုသလသင်္ဂဟော တာဝ စတ္တာရော အာသဝါ ကာမာ-သဝေါ ဘဝါသဝေါ ဒိဋ္ဌာသဝေါ အဝိဇ္ဇာသဝေါ။

အာသဝကား လေးပါး....

၁။ ကာမာသဝ၊

၂။ ဘဝါသဝ၊

၃။ ဒိဋ္ဌာသဝ၊

၄။ အဝိဇ္ဇာသဝ တည်း၊

တရားကိုယ်အားဖြင့် ၃-ပါး၊ ကာမာသဝ ဘဝါသဝကား လောဘ။ ဒိဋ္ဌာသဝကား ဒိဋ္ဌိ၊ အဝိဇ္ဇာသဝကား မောဟတည်း။

၄။ စတ္တာရော ဩဃာ ကာမောဃော ဘဝေါဃော ဒိဋ္ဌောဃော အဝိဇ္ဇောဃော။

ဩဃကား လေးပါး....

၁။ ကာမောဃ၊

၂။ ဘဝေါဃ၊

၃။ ဒိဋ္ဌောဃ၊

၄။ အဝိဇ္ဇောဃ တည်း။

တရားကိုယ်အားဖြင့် ၃-ပါး၊ ကာမော၊ ဘဝေါ၊ ကားလောဘ၊ ဒိဋ္ဌောကား ဒိဋ္ဌိ၊ အဝိဇ္ဇောကား မောဟတည်း။

စတ္တာရော ယောဂါ ကာမယောဂေါ ဘဝယောဂေါ ဒိဋ္ဌိယောဂေါ အဝိဇ္ဇာယောဂေါ။

ယောဂကား လေးပါး—

၁။ ကာမယောဂ၊

၂။ ဘဝယောဂ၊

၃။ ဒိဋ္ဌိယောဂ၊

၄။ အဝိဇ္ဇာယောဂ တည်း။

တရားကိုယ်အားဖြင့် ၃-ပါး၊ ကာမယောဂ ဘဝယောဂ ကား လောဘ၊ ဒိဋ္ဌိယောဂကား ဒိဋ္ဌိ၊ အဝိဇ္ဇာယောဂကား မောဟတည်း။

စတ္တာရော ဂန္ထာ အဘိဇ္ဈာ ကာယဂန္ထော ဗျာပါဒေါ ကာယဂန္ထော သီလဗ္ဗတပရာမာသော ကာယဂန္ထော ဣဒံသစ္စာဘိနိဝေသော ကာယဂန္ထော။

ဂန္ထကား လေးပါး....

၁။ အဘိဇ္ဈာကာယဂန္ထ၊

၂။ ဗျာပါဒကာယဂန္ထ၊

၃။ သီလဗ္ဗတပရာမာသကာယဂန္ထ၊

၄။ ဣဒံသစ္စာဘိနိဝေသကာယဂန္ထ တည်း။

တရားကိုယ်အားဖြင့် ၃-ပါး၊ အဘိဇ္ဈာကာယဂန္ထကား လောဘ၊ ဗျာပါဒကာယဂန္ထကား ဒေါသ၊ သီလဗ္ဗတပရာမာသ ကာယဂန္ထ ဣဒံသစ္စာဘိနိဝေသကာယဂန္ထကား ဒိဋ္ဌိတည်း။

စတ္တာရိ ဥပါဒါနာနိ ကာမုပါဒါနံ ဒိဋ္ဌုပါဒါနံ သီလဗ္ဗတုပါဒါနံ အတ္တဝါဒုပါဒါနံ။

ဥပါဒါန်ကား လေးပါး....

၁။ ကာမုပါဒါန်၊
၂။ ဒိဋ္ဌုပါဒါန်၊
၃။ သီလဗ္ဗတုပါဒါန်၊
၄။ အတ္တဝါဒုပါဒါန် တည်း။

တရားကိုယ်အားဖြင့် ၂-ပါး၊ ကာမုပါဒါန်ကား လောဘ၊ ဒိဋ္ဌုပါဒါန် သီလဗ္ဗတုပါဒါန် အတ္တဝါဒုပါဒါန်ကား ဒိဋ္ဌိတည်း။

ဆ နိဝရဏာနိ ကာမစ္ဆန္ဒနိဝရဏံ ဗျာပါဒနိဝရဏံ ထိနမိဒ္ဓနိဝရဏံ ဥद္ဓစ္စကုက္ကုစ္စနိဝရဏံ ဝိစိကိစ္ဆာနိဝရဏံ အဝိဇ္ဇာနိဝရဏံ။

နိဝရဏကား ၆-ပါး....

၁။ ကာမစ္ဆန္ဒနိဝရဏ၊
၂။ ဗျာပါဒနိဝရဏ၊
၃။ ထိန မိဒ္ဓနိဝရဏ၊
၄။ ဥဒ္ဓစ္စကုက္ကုစ္စနိဝရဏ၊
၅။ ဝိစိကိစ္ဆာနိဝရဏ၊
၆။ အဝိဇ္ဇာနိဝရဏ တည်း။

တရားကိုယ်အားဖြင့် ၈ - ပါး .... ကာမစ္ဆန်ဝရဏကား လောဘ၊ ဗျာပါဒနီဝရဏကား ဒေါသ၊ ထိန မိဒ္ဓနီဝရဏကား ထိနနှင့် မိဒ္ဓ၊ ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏကား ဥဒ္ဓစ္စနှင့် ကုက္ကုစ္စ၊ ဝိစိကိစ္ဆာနီဝရဏကား ဝိစိကိစ္ဆာ၊ အဝိဇ္ဇာနီဝရဏကား မောဟ တည်း။

သတ္တ အနုသယာ ကာမရာဂါနုသယော ဘဝရာဂါနုသယော ပဋိဃာနုသယော မာနာနုသယော ဒိဋ္ဌာနုသယော ဝိစိကိစ္ဆာနုသယော အဝိဇ္ဇာနုသယော။

အနုသယကား ၇ပါး....

၁။ ကာမရာဂါနုသယ၊
၂။ ဘဝရာဂါနုသယ၊
၃။ ပဋိဃာနုသယ၊
၄။ မာနာနုသယ၊
၅။ ဒိဋ္ဌာနုသယ၊
၆။ ဝိစိကိစ္ဆာနုသယ၊
၇။ အဝိဇ္ဇာနုသယ တည်း။

တရားကိုယ်အားဖြင့် ၆-ပါး .. ကာမရာဂါနုသယ ဘဝရာဂါနုသယကား လောဘ၊ ပဋိဃာနုသယကား ဒေါသ၊ မာနာနုသယကားမာန၊ ပဋိဃာနုသယကားဒိဋ္ဌိ၊ ဝိစိကိစ္ဆာနုသယကား ဝိစိကိစ္ဆာ၊ အဝိဇ္ဇာနုသယကား မောဟတည်း။

တရားကိုယ်အားဖြင့် ၃-ပါး၊ အဘိဇ္ဈာကာယဂန္ထကား လောဘ၊ ဗျာပါဒကာယဂန္ထကား ဒေါသ၊ သီလဗ္ဗတပရာမာသ ကာယဂန္ထ ဣဒံသစ္စာဘိနိဝေသကာယဂန္ထကား ဒိဋ္ဌိတည်း။

စတ္တာရိ ဥပါဒါနာနိ ကာမုပါဒါနံ ဒိဋ္ဌုပါဒါနံ သီလဗ္ဗတုပါဒါနံ အတ္တဝါဒုပါဒါနံ။

ဥပါဒါန်ကား လေးပါး....

၁။ ကာမုပါဒါန်၊
၂။ ဒိဋ္ဌုပါဒါန်၊
၃။ သီလဗ္ဗတုပါဒါန်၊
၄။ အတ္တဝါဒုပါဒါန် တည်း။

တရားကိုယ်အားဖြင့် ၂-ပါး၊ ကာမုပါဒါန်ကား လောဘ၊ ဒိဋ္ဌုပါဒါန် သီလဗ္ဗတုပါဒါန် အတ္တဝါဒုပါဒါန်ကား ဒိဋ္ဌိတည်း။

ဆ နိဝရဏာနိ ကာမစ္ဆန္ဒနိဝရဏံ ဗျာပါဒနိဝရဏံ ထိနမိဒ္ဓနိဝရဏံ ဥद္ဓစ္စကုက္ကုစ္စနိဝရဏံ ဝိစိကိစ္ဆာနိဝရဏံ အဝိဇ္ဇာနိဝရဏံ။

နိဝရဏကား ၆-ပါး....

၁။ ကာမစ္ဆန္ဒနိဝရဏ၊
၂။ ဗျာပါဒနိဝရဏ၊
၃။ ထိန မိဒ္ဓနိဝရဏ၊
၄။ ဥဒ္ဓစ္စကုက္ကုစ္စနိဝရဏ၊
၅။ ဝိစိကိစ္ဆာနိဝရဏ၊
၆။ အဝိဇ္ဇာနိဝရဏ တည်း။

တရားကိုယ်အားဖြင့် ၈ - ပါး .... ကာမစ္ဆန်ဝရဏကား လောဘ၊ ဗျာပါဒနိဝရဏကား ဒေါသ၊ ထိန မိဒ္ဓနိဝရဏကား ထိနနှင့် မိဒ္ဓ၊ ဥဒ္ဓစ္စကုက္ကုစ္စနိဝရဏကား ဥဒ္ဓစ္စနှင့် ကုက္ကုစ္စ၊ ဝိစိကိစ္ဆာနိဝရဏကား ဝိစိကိစ္ဆာ၊ အဝိဇ္ဇာနိဝရဏကား မောဟ တည်း။

သတ္တ အနုသယာ ကာမရာဂါနုသယော ဘဝရာဂါနုသယော ပဋိဃာနုသယော မာနာနုသယော ဒိဋ္ဌာနုသယော ဝိစိကိစ္ဆာနုသယော အဝိဇ္ဇာနုသယော။

အနုသယကား ၇ပါး....

၁။ ကာမရာဂါနုသယ၊

၂။ ဘဝရာဂါနုသယ၊

၃။ ပဋိဃာနုသယ၊

၄။ မာနာနုသယ၊

၅။ ဒိဋ္ဌာနုသယ၊

၆။ ဝိစိကိစ္ဆာနုသယ၊

၇။ အဝိဇ္ဇာနုသယ တည်း။

တရားကိုယ်အားဖြင့် ၆-ပါး... ကာမရာဂါနုသယ ဘဝရာဂါနုသယကား လောဘ၊ ပဋိဃာနုသယကား ဒေါသ၊ မာနာနုသယကားမာန၊ ပဋိဃာနုသယကားဒိဋ္ဌိ၊ ဝိစိကိစ္ဆာနုသယကား ဝိစိကိစ္ဆာ၊ အဝိဇ္ဇာနုသယကား မောဟတည်း။

ဒသ သံယောဇနာနိ ကာမရာဂသံယောဇနံ ရူပရာဂ သံယောဇနံ အရူပရာဂသံယောဇနံ ပဋိဃသံယောဇနံ မာန သံယောဇနံ ဒိဋ္ဌိသံယောဇနံ သီလဗ္ဗတပရာမာသသံယောဇနံ ဝိစိကိစ္ဆာသံယောဇနံ ဥဒ္ဓစ္စသံယောဇနံ အဝိဇ္ဇာသံယောဇနံ သုတ္တန္တေ။

သံယောဇဉ်ကား သုတ္တန်နည်းအားဖြင့် ၁၀-ပါး....

၁။ ကာမရာဂသံယောဇဉ်၊
၂။ ရူပရာဂသံယောဇဉ်၊
၃။ အရူပရာဂသံယောဇဉ်၊
၄။ ပဋိဃသံယောဇဉ်၊
၅။ မာနသံယောဇဉ်၊
၆။ ဒိဋ္ဌိသံယောဇဉ်၊
၇။ သီလဗ္ဗတပရာမာသသံယောဇဉ်၊
၈။ ဝိစိကိစ္ဆာသံယောဇဉ်၊
၉။ ဥဒ္ဓစ္စသံယောဇဉ်၊
၁၀။ အဝိဇ္ဇာသံယောဇဉ် တည်း။

တရားကိုယ်အားဖြင့် ၃-ပါး....ကာမရာဂ သံယောဇဉ် ရူပ**ရာ**ဂသံယောဇဉ် အရူပရာဂ**သံ**ယောဇဉ်**ကား** လောဘ။ ပဋိ**ဃ**သံယောဇဉ်**ကား** ဒေါသ၊ **မာ**နသံယောဇဉ်**ကား** **မာ**နေ၊ ဒိ**ဋ္ဌ**သံယောဇဉ် သီလဗ္ဗတ**ပ**ရာ**မာ**သသံယောဇဉ်**ကား** ဒိ**ဋ္ဌ**၊ ဝိ**စိ**ကိ**စ္ဆာ**သံယောဇဉ်**ကား** ဝိ**စိ**ကိ**စ္ဆာ**၊ ဥ**ဒ္ဓ**စ္**စ**သံ**ယော**ဇဉ်**ကား** ဥ**ဒ္ဓ**စ္**စ**၊ **အ**ဝိ**ဇ္ဇာ**သံ**ယော**ဇဉ်**ကား** **ဃော**ဟ **တ**ည်း။

အပရာနိပိ ဒသ သံယောဇနာနိ ကာမရာဂသံယောဇနံ ဘဝရာဂသံယောဇနံ ပဋိဃသံယောဇနံ မာနသံယောဇနံ ဒိဋ္ဌိသံယောဇနံ သီလဗ္ဗတပရာမာသသံယောဇနံ ဝိစိကိစ္ဆာသံယောဇနံ ဣဿာသံယောဇနံ မစ္ဆရိယသံယောဇနံ အဝိဇ္ဇာသံယောဇနံ အဘိဝေမ္မေ။

သံယောဇဉ်ကား အဘိဝေမ္မာနည်းအားဖြင့် ၁၀-ပါး....

၁။ ကာမရာဂသံယောဇဉ်၊
၂။ ဘဝရာဂသံယောဇဉ်၊
၃။ ပဋိဃသံယောဇဉ်၊
၄။ မာနသံယောဇဉ်၊
၅။ ဒိဋ္ဌိသံယောဇဉ်၊
၆။ သီလဗ္ဗတပရာမာသသံယောဇဉ်၊
၇။ ဝိစိကိစ္ဆာသံယောဇဉ်၊
၈။ ဣဿာသံယောဇဉ်၊
၉။ မစ္ဆရိယသံယောဇဉ်၊
၁၀။ အဝိဇ္ဇာသံယောဇဉ် တည်း။

တရားကိုယ်အားဖြင့် ၈-ပါး.... ကာမရာဂသံယောဇဉ် ဘဝရာဂသံယောဇဉ်ကား လောဘ၊ ပဋိဃသံယောဇဉ်ကား ဒေါသ၊ မာနသံယောဇဉ်ကား မာန၊ ဒိဋ္ဌိသံယောဇဉ် သီလဗ္ဗတပရာမာသသံယောဇဉ်ကား ဒိဋ္ဌိ၊ ဝိစိကိစ္ဆာသံယောဇဉ်ကား ဝိစိကိစ္ဆာ၊ ဣဿာသံယောဇဉ်ကား ဣဿာ၊ မစ္ဆရိယသံယောဇဉ်ကား မစ္ဆရိယ၊ အဝိဇ္ဇာသံယောဇဉ်ကား မောဟ တည်း။

ဒသ ကိလေသာ လောဘာ ဒေါသော မောဟာ မာနော ဒိဋ္ဌိ ဝိစိကိစ္ဆာ ထိနံ ဥဒ္ဓစ္စံ အဟိရိကံ အနောတ္တပ္ပံ။

ကိလေသာကား ၁၀-ပါး....

၁။ လောဘ၊

၂။ ဒေါသ၊

၃။ မောဟ၊

၄။ မာန၊

၅။ ဒိဋ္ဌိ၊

၆။ ဝိစိကိစ္ဆာ၊

၇။ ထိန၊

၈။ ဥဒ္ဓစ္စ၊

၉။ အဟိရိက၊

၁၀။ အနောတ္တပ္ပ တည်း။

တရားကိုယ်အားဖြင့် ၎င်း ၁၀-ပါးပင်တည်း။

သင်္ဂဟဂါထာ၌ မှတ်ဖွယ်

အာသဝေါဃာ စ ယောဂါ စ၊တယော ဂန္ထာ စ ဝတ္ထုတောဘ။
ဥပါဒါနာ ဒုဝေ ဝုတ္တာ၊ အဋ္ဌ နီဝရဏာ သိယုံ။
ဆဠေဝါနုသယာ ဟောန္တိ၊ နဝ သံယောဇနာ မတာ။
ကိလေသာ ဒသ ဝုတ္တောယံ၊ နဝမ္ပေါ့ပါ ပသင်္ဂဟော-၌-

နဝဝေဝပါပသင်္ဂဟအရကား....

(၁) အာသဝ၊ (၂) သြဃ၊ (၃) ယောဂ၊ (၄) ဂန္ထ၊ (၅) ဥပါဒါန်၊ (၆) နီဝရဏ၊ (၇) အနုသယ၊ (၈) သံယောဇဉ်၊ (၉) ကိုလေသာ တည်း။

အာသဝေါယောဝ ယောဂါ၀ တယောဂန္ထာ၀ ဝတ္ထုတောဌ်....

အာသဝ သြဃ ယောဂတို့၏ တရားကိုယ်ကား ၃-ပါး၊ လောဘ ဒိဋ္ဌိ မောဟ တည်း။ ဂန္ထ၏ တရားကိုယ်ကား ၃-ပါး၊ လောဘ ဒေါသ ဒိဋ္ဌိ တည်း။

အဌနီဝရဏာသိယုံဌ်....

နီဝရဏ၏ တရားကိုယ်ကား ၈-ပါး၊ လောဘ ဒေါသ ထိန မိဒ္ဓ ဥဒ္ဓစ္စ ကုက္ကုစ္စ ဝိစိကိစ္ဆာ မောဟ တည်း။

ဆဌေ၀ါနုသယာ ဟောန္တိ ဌ်—

အနုသယ၏ တရားကိုယ်ကား ၆-ပါး၊ လောဘ ဒေါသ မာန ဒိဋ္ဌိ ဝိစိကိစ္ဆာ မောဟ တည်း။

နဝသံယောဇနာ မတာ ဌ်—

သံယောဇဉ်၏ တရားကိုယ်ကား ၉-ပါး၊ လောဘ ဒေါသ မာန ဒိဋ္ဌိ ဝိစိကိစ္ဆာ ဥဒ္ဓစ္စ ဣဿာ မစ္ဆရိယ မောဟ တည်း။

ကိုလေသာ ဒသ ဝုတ္တောယံ၌...

ကိုလေသာ၏ တရားကိုယ်ကား ၁၀-ပါး၊ လောဘ ဒေါသ မောဟ မာန ဒိဋ္ဌိ ဝိစိကိစ္ဆာ ထိန ဥဒ္ဓစ္စ အဟိရိက အနောတ္တပ္ပ တည်း။

အကုသလသင်္ဂဟ ပြီး၏။

:-o-:

မိဿကသင်္ဂဟ

(၁) ဟိတ်၊ (၂) ဈာနင်၊ (၃) မဂ္ဂင်၊ (၄) ဇုန္ဒြေ၊ (၅) ဗိုလ်၊ (၆) အဓိပတိ၊ (၇) အာဟာရတို့ကို ကုသိုလ် အကုသိုလ်ဝိပါက်ကြိယာတို့ဖြင့် ရောနှောမ်ု ပြခြင်းသည် မိဿက သင်္ဂဟ မည်၏။ ပြုပုံကား—

မိဿကသင်္ဂဟေ ဆ ဟေတူ လောဘော ဒေါသော မောဟော အလောဘော အဒေါသော အမောဟော။

ဟိတ်ကား ၆-ပါး...

၁။ လောဘ၊
၂။ ဒေါသ၊
၃။ မောဟ၊
၄။ အလောဘ၊
၅။ အဒေါသ၊
၆။ အမောဟ တည်း။

ထိုတွင် ကုသိုလ်စိတ်နှင့်ယှဉ်သော အလောဘ အဒေါသ အမောဟသည် ကုသိုလ်ဟိတ် မည်၏။

အကုသိုလ်စိတ်နှင့်ယှဉ်သော လောဘ ဒေါသ မောဟသည် အ ကုသိုလ်ဟိတ် မည်၏။

သဟိတ်ဝိပါက် သဟိတ်ကြိယာစိတ်နှင့်ယှဉ်သော အလောဘ အဒေါသ အမောဟသည် သဟိတ်ဝိပါက် သဟိတ်ကြိယာဟိတ် မည်၏။

သတ္တ စျာနဂ်ါနိ ဝိတက္ကော ဝိစာရော ပီတိ ကေဂ္ဂတာ သောမနဿံ ဒေါမနဿံ ဥပေက္ခာ။

စျာနင်္ဂါး ၇-ပါး ...

၁။ ဝိတက်၊
၂။ ဝိစာရ၊
၃။ ပီတိ၊
၄။ ကေဂ္ဂတာ၊
၅။ သောမနဿ၊
၆။ ဒေါမနဿ၊
၇။ ဥပေက္ခာ တည်း။

ဆိုတွင် ကာမသောမနဿသဟဂုတ်စိတ် ၁၈-ခုနှင့်ယှဉ်သော ဝိတက် ဝိစာရ ပီတိ သောမနဿ ကေဂ္ဂတာတို့သည် ကုသိုလ်စျ နင် အကုသိုလ်စျာနင် ဝိပါက်စျာနင် ကြိယာစျာနင်တို့ မည်ကုန်၏။

ပဌမစျာန်စိတ် ၁၁-ခုနှင့်ယှဉ်သော ဝိဘက် ဝိစာရ ပီတိ သောမနဿ ကေဋ္ဌတာ စျာနင် ၅-ပါး။ ဒုတိယစျာန်စိတ် ၁၁-ခုနှင့်ယှဉ်သော ဝိစာရ ပီတိ သောမနဿ ကေဋ္ဌတာစျာနင် လေးပါး။ တတိယစျာန်စိတ် ၁၁-ခုနှင့်ယှဉ်သော ပီတိ သောမနဿ ကေဋ္ဌတာစျာနင် သုံးပါး။ စတုတ္ထစျာန်စိတ် ၁၁-ခုနှင့်ယှဉ်သော သောမနဿ ကေဋ္ဌ ၈စျာနင် ၂-ပါးသည် ကုသိုလ်စျာနင် ဝိပါက်စျာနင် ကြိယာစျာနင် မည်၏။

ဒေါသမူဒ္ဒေးနှင့်ယှဉ်သော ပီတိကြဉ်သော စျာနင်လေးပါသည် အကုသိုလ်စျာနင် မည်၏။

လောဘမူဉပေက္ခာသဟဂုတ်စိတ် ၄၊ မောဟမူဒ္ဒေ၊ သမ္ပဋိစ္ဆိန်းဒွေ၊ ဉပေက္ခာသဟဂုတ်သန္တီရဏ်စိတ် ၂၊ အာဝဇ္ဇန်းဒွေ၊ မဟာကုသိုလ်ဉပေက္ခာသဟဂုတ်စိတ် ၄၊ မဟာဝိပါက်ဉပေက္ခာသဟဂုတ်စိတ် ၄၊ မဟာကြိယာဉပေက္ခာသဟဂုတ်စိတ် ၄-ခုနှင့်ယှဉ်သော ပီတိကြဉ်သော စျာနင်လေးပါးသည် ကုသိုလ် အကုသိုလ် ဝိပါက် ကြိယာစျာနင် မည်၏။

[ဒွေးပဋ္ဌိသ္ဌာဏ် ၁၀-နှင့်ယှဉ်သော သုခဝေဒနာ ၁၊ ဒုက္ခဝေဒနာ ၁၊ ဥပေက္ခာဝေဒနာ ၈၊ ကေဋ္ဌတာ ၁၀-သည် ဝိတက်ကင်းသောကြောင့် စျာနင် မမည်။ ပဋ္ဌိသ္ဌာဏောသုစျာနဂ်ါနိ နလဗ္ဘန္တိ။ ထောက်။]

ပဋ္ဌမစျာန်စိတ် ၂၃-ခုနှင့်ယှဉ်သော ဉပေက္ခာ ကေဋ္ဌတာ စျာနင်နှစ်ပါးသည် ကုသိုလ် ဝိပါက် ကြိယာစျာနင် မည်၏။

ဒွါဒသ မဂ္ဂင်္ဂါနိ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ သမ္မာဝါစာ သမ္မာကမ္မန္တော သမ္မာအာဇီဝေါ သမ္မာဝါယာမော သမ္မာသတိ သမ္မာသမာဓိ မိစ္ဆာဒိဋ္ဌိ မိစ္ဆာသင်္ကပ္ပေါ မိစ္ဆာဝါယာမော မိစ္ဆာ သမာဓိ။

မဂ္ဂင်ကား ၁၂-ပါး....

၁။ သမ္မာဒိဋ္ဌိ(ပညာ)
၂။ သမ္မာသင်္ကပ္ပ(ဝိတက်)
၃။ သမ္မာဝါစာ
၄။ သမ္မာကမ္မန္တ
၅။ သမ္မာအာဇီဝ
၆။ သမ္မာဝါယာမ(ဝီရိယ)
၇။ သမ္မာသတိ(သတိ)
၈။ သမ္မာသမာဓိ(ဧကဂ္ဂတာ)
၉။ မိစ္ဆာဒိဋ္ဌိ(ဒိဋ္ဌိ)
၁၀။ မိစ္ဆာသင်္ကပ္ပ(ဝိတက်)
၁၁။ မိစ္ဆာဝါယာမ(ဝီရိယ)
၁၂။ မိစ္ဆာသမာဓိ(ဧကဂ္ဂတာ)တည်း။

ထိုဟူ၍ ကုသိုလ်စိတ်နှင့်ယှဉ်သော ပညာ ဝိတက် သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ ဝီရိယ သတိ ဧကဂ္ဂတာ မဂ္ဂင် ၈-ပါး သည် ကုသိုလ်ဖြင့် ပြီ။

[illegible] ကသမ္ပယုတ်စိတ်လေးခုနှင့် ယှဉ်သော ဝိတက် ဝီရိယ ဧကဂ္ဂတာ ဒီ မဂ္ဂင်လေ ပါး ဒုဿီလ ဘဝ်ယုတ်စိတ်လေးခု ဒေါသ

မူဒေး ဥဒ္ဓစ္စသမ္ပယုတ်စိတ်နှင့်ယှဉ်သော ဝိတက် ဝိရိယ ကေဋ္ဌတာ မဂ္ဂင်သုံးပါး။ဝိစိကိစ္ဆာသမ္ပယုတ်စိတ်နှင့်ယှဉ်သော ဝိတက် ဝိရိယ မဂ္ဂင် ၂-ပါးသည် အကုသိုလ်မဂ္ဂင် မည်၏။

[ဝိစိကိစ္ဆာ သမ္ပယုတ်စိတ်နှင့်ယှဉ်သော ကေဋ္ဌတာသည်မဂ္ဂင် မမည်။ တထာ ဝိစိကိစ္ဆာစိတ္တေ ကေဋ္ဌတာမဂ္ဂိန္ဒြိယ ဗလဘာဝံ နဂစ္ဆတိ၊ ထောက်]

သဟိတ်ဝိပါက် သဟိတ်ကြိယာနှင့်ယှဉ်သောပညာ စိတက် သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ ဝိရိယ သတိ ကေဋ္ဌတာ မဂ္ဂင် ရှစ်ပါးသည် သဟိတ် ဝိပါက် သဟိတ်ကြိယာမဂ္ဂင်မည်၏။ (ဝါ) အဗျာကတမဂ္ဂင်မည်၏။

[သမ္ပဋိစ္ဆိန်း ဒွေ၊ သန္တီရဏစိတ်သုံးခု အဟိတ်ကြိယာသုံးခု နှင့်ယှဉ်သော ဝိတက်စေတသိက် ၈-ခု၊ မနောဒ္ဓါရုဝဇ္ဇန်း၊ ဟသိတုပ္ပါဒ်နှင့်ယှဉ်သော ဝိရိယစေတသိက် ၂-ခု၊ အဟိတ်စိတ် ၁၈-ပါးနှင့်ယှဉ်သော ကေဋ္ဌတာ ၁၈-ခုသည် ဟိတ်နှင့် မယှဉ်သော ကြောင့် မဂ္ဂင်မမည်။ အဟေတု ကေသု မဂ္ဂင်္ဂါနိ နု လဗ္ဘန္တိ၊ ထောက်။]

ဗာဝီသတိန္ဒြိယာနိ စက္ခုန္ဒြိယံ သောတိန္ဒြိယံ ဃာနိန္ဒြိယံ ဇိဝှိန္ဒြိယံ ကာယိန္ဒြိယံ ဣတ္ထိန္ဒြိယံ ပုရိသိန္ဒြိယံ ဇီဝိတိန္ဒြိယံ မနိန္ဒြိယံ သုခိန္ဒြိယံ ဒုက္ခိန္ဒြိယံ သောမနဿိန္ဒြိယံ ဒေါမနဿိန္ဒြိယံ ဥပေက္ခိန္ဒြိ-ယံ သဒ္ဓိန္ဒြိယံ ဝိရိယိန္ဒြိယံ သတိန္ဒြိယံ သမာဓိန္ဒြိယံ ပညိန္ဒြိယံ အနညာတညဿာမိတိန္ဒြိယံ အညိန္ဒြိယံ အညာတာဝိန္ဒြိယံ။

ဣန္ဒြေကား ၂၂-ပါး...

(က) ရူပ်ဣန္ဒြေ ၈-ပါး၊

(ခ) နာမ်ဣန္ဒြေ ၁၅-ပါးတည်း။

[ရူပဇီဝိတိန္ဒြေ နာမ်ဇီဝိတိန္ဒြေကို တခုစီခွဲယူလျှင်ဣန္ဒြေ ၂၁-ပါး ဖြစ်သည်။ ရူပဇီဝိတိန္ဒြေနှင့် နာမ်ဇီဝိတိန္ဒြေကို ဇီဝိတိန္ဒြေဟု သာမည အမည်ကိုတခုတည်းပေါင်းလိုက်လျှင် ဣန္ဒြေ ၂၂-ပါးသာရှိသည်။]

ထိုတွင်...

(၁) စက္ခု ပသာဒရူပ်သည် မြင်မှု ဒဿနကိစ္စ၌ စက္ခု ဝိညာဏဓာတ် စိတ္တုပ္ပါဒ်ကို အစိုးရခြင်းကြောင့် စက္ခုန္ဒြေမည်၏။

(၂) သောတ ပသာဒ ရူပ်သည် နားထောင်ခြင်း သဝန ကိစ္စ၌ သောတဝိညာဏဓာတ် စိတ္တုပ္ပါဒ်ကိုအစိုးရ ခြင်းကြောင့် သောတိန္ဒြေမည်၏။

(၃) ဃာန ပသာဒ ရူပ်သည် နမ်းရှူခြင်း ဃာယနကိစ္စ၌ ဃာန ဝိညာဏဓာတ် စိတ္တပ္ပါဒ်ကို အစိုးရခြင်း ကြောင့် ဃာနိန္ဒြေမည်၏။

(၄) ဇိဝှါပသာဒရူပ်သည် လျှက်မှုသာယနကိစ္စ၌ ဇိဝှါ ဝိညာဏဓာတ် စိတ္တုပ္ပါဒ်ကို အစိုးရခြင်းကြောင့် ဇိဝှိတိန္ဒြေမည်၏။

(၅) ကာယပသာဒရူပ်သည် တွေ့ထိမှု ဖုသနကိစ္စ၌ ကာယ ဝိညာဏဓာတ် စိတ္တုပ္ပါဒ်ကို အစိုးရခြင်းကြောင့် ကာယိန္ဒြေမည်၏။

(၆) ဣတ္ထိဘာဝရုပ်သည် မိန်းမ၏ ရူပကာယခန္ဓာ ကိုယ်၌ အစိုးရခြင်းကြောင့် ဣတ္ထိခြေမည်၏။

(၇) ပုမ္ဘာဝရုပ်သည် ယောကျ်ား၏ ရူပကာယခန္ဓာ ကိုယ်၌ အစိုးရခြင်းကြောင့် ပုရိသိခြေမည်၏။

(၈) ရုပ်ဇီဝိတသည် သဟဇာတ် ဖြစ်သော ရုပ်တရားတို့ကို စောင့်ရှောက်မှုကိစ္စ၌ အစိုးရခြင်းကြောင့် ရုပ်ဇီဝိခြေမည်၏။

(၉) နာမ်ဣန္ဒြေ ၁၅-ပါးတို့တွင် နာမ်ဇီဝိတသည် သဟဇာတ်ဖြစ်သော သမ္ပယုတ်တရားတို့ စောင့်ရှောက်မှုကိစ္စ၌ အစိုးရခြင်းကြောင့် နာမ် ဇီဝိတိခြေမည်၏။

(၁၀) စိတ် ၈၉-ခုသည် သိမှုကိစ္စ၌ သမ္ပယုတ် တရားတို့ကို အစိုးရခြင်းကြောင့် မနိခြေမည်၏။

(၁၁) သုခသဟဂုတ်စိတ်နှင့်ယှဉ်သော ဝေဒနာသည် ဣဋ္ဌ ဖောဋ္ဌဗ္ဗာရုံကို ခံစားခြင်းကိစ္စ၌သမ္ပယုတ်တရားတို့ကို အစိုးရခြင်းကြောင့် သုခိခြေမည်၏။

(၁၂) ဒုက္ခသဟဂုတ်စိတ်နှင့်ယှဉ်သော ဝေဒနာသည် အနိဋ္ဌ ဖောဋ္ဌဗ္ဗာရုံကို ခံစားခြင်းကိစ္စ၌ သမ္ပယုတ်တရားတို့ကို အစိုးရခြင်းကြောင့် ဒုက္ခိခြေမည်၏။

(၁၃) သောမနဿ သဟဂုတ်စိတ် ၆၂-ခုနှင့် ယှဉ်သော ဝေဒနာသည် အာရုံကို ခံစားမှုကိစ္စ၌ သမ္ပယုတ် တရားတို့ကို အစိုးရခြင်းကြောင့် သောမနဿိခြေမည်၏။

(၁၄) ဒေါသမူဒ္ဒေးနှင့် ယှဉ်သော ဝေဒနာသည် အာရုံကို ခံစားမှု ကိုစွဲ၍ သမ္မယုတ် တရားတို့ကို အစိုးရခြင်း ကြောင့် ဒေါမနဿိပ္ပြေမည်၏။

(၁၅) ဥပေက္ခာသဟဂုတ်စိတ် ၅၅-ခုနှင့်ယှဉ်သော ဝေဒနာ စေတသိက်သည် အာရုံကိုခံစားမှု ကိုစွဲ၍ သမ္မယုတ် တရားတို့ကို အစိုးရခြင်း (လစ်လျူရှုခြင်း) ကြောင့် ဥပေက္ခာပြေမည်၏။

(၁၆) သောဘဏစိတ် ၅၉ ခုနှင့်ယှဉ်သော သဒ္ဓါသည် ယုံကြည်မှုကိုစွဲ၍ သမ္မယုတ် တရားတို့ကို အစိုးရခြင်း ကြောင့် သဒ္ဓါပြေမည်၏။

(၁၇) ပဋ္ဌာန်ရာဝဇဉာန်း ဒွေးပဋ္ဌာန်းဝိညာဏ် ၁၀၊ သမ္ပဋိစ္ဆိန်း ဒွေး သန္တီရဏစိတ် သုံးခုကြည်သော စိတ် ၇၃-ခုနှင့် ယှဉ်သော ဝိရိယစေတသိက်သည် ထောက်ပံ့ အားပေးမှုကိုစွဲ၍သမ္မယုတ်ဘရားတို့ကို အစိုးရခြင်းကြောင့် ဝိရိယပြေ မည်၏။

(၁၈) သောဘဏစိတ် ၅၉-ခုနှင့် ယှဉ်သော သတိသည် ကောင်းသောအာရုံကို အောက်မေ့မှုကိုစွဲ၍သမ္မယုတ် တရားတို့ကို အစိုးရခြင်းကြောင့် သတိပြေ မည်၏။

(၁၉) ပဋ္ဌာန်ရာဝဇဉာန်း ဒွေး ပဋ္ဌာန်းဝိညာဏ် ၁၀၊ သမ္ပဋိစ္ဆိန်း ဒွေး သန္တီရဏစိတ် သုံးခု ဝိစိကိစ္ဆာ သဟဂုတ် ကြည်သောစိတ် ၇၂-ခုနှင့်ယှဉ်သော ကေဠုတာသည်

တည်ကြည်ခြင်း မပျံ့လွင့်ခြင်းကိစ္စ၌ သမ္မယုတ်တရား တို့ကို အစိုးရခြင်းကြောင့် သမာဓိဖြစ်မည်၏။

(၂၀) **လော**ကီတိဟိတ်စိတ် ၃၉-ခုနှင့်ယှဉ်သော အမောဟ **သည်** အထူးထူးအပြားပြားသိမှု ကိစ္စ၌ သမ္မယုတ် တရားတို့ကို အစိုးရခြင်းကြောင့် ပညာဖြစ်မည်၏။

(၂၀) သောတာပတ္တိ မဂ်ဉာဏ်သည် နိဗ္ဗာန်ကို အာရုံပြု၍ သံသရာ၌ ကျင်လည်ရစဉ် တကြွမ်ဘခါမျှ မသိ မမြင် ဘူးသေးသော သစ္စာလေးပါးတရားတို့ကို သိခြင်း ကိစ္စ၌ သမ္မယုတ် တရားတို့ကို အစိုးရခြင်းကြောင့် **အ**နည္တဝတ္ထုသိတိုင်းမည်၏။

ဘွေပန သောတာပတ္တိမဂ္ဂဉာဏံ အနည္တဝတ္ထုသိ မိတိုဿိယံ။ ထောက်။

(၂၂) **အ**လယ်လောကုတ္တရာစိတ် ၆-ခုနှင့်ယှဉ်သော ဉာဏ် သည် သောတာပတ္တိ မဂ်ဉာဏ်ဖြင့် သစ္စာလေးပါး တို့ကို သိဘူးပြီးဖြစ်သော်လည်း ကိလေသာတို့ကိုပယ် ခြင်း ကိစ္စ၌ ပြီးဆုံးခြင်းသို့ မရောက်သေးသော ကြောင့် ပြီးဆုံးခြင်းသို့ ရောက်အောင် သစ္စာလေး ပါးတရားတို့ကိုအဖန်တလဲလဲသိခြင်းကိစ္စ၌ သမ္မယုတ် တရားတို့ကို အစိုးရခြင်းကြောင့် အသိပြုမည်၏။ မဗ္ဗေဆဉ္ဇာဏာနိ အသိပြုယာနိတိ။ ထောက်။

(၂၃) အရဟတ္တမဂ်လ်စိတ်နှင့် ယှဉ်သောဉာဏ်သည် မဂ်ဉာဏ် လေးပါးဖြင့် သိဘူးပြီးသော သစ္စာလေးပါးတရား

တို့ကို အကြိမ်များစွာ သိခြင်းကိစ္စ၌ သမ္မယုတ်တရား တို့ကို **အစိုးရခြင်းကြောင့်** အညာတာဝိန္ဒြေမည်၏။

အရဟတ္တဖလဉာဏ်ကံ အညာတာဝိန္ဒြေယံ။ ထောက်။

ထိုနာမ်ဂျန္ဒြေရုပ်ဂျန္ဒြေတို့တွင် တိဟိတ်ကုသိုလ် နာမကွန္ဓာနှင့် ယှဉ်သော ဇီဝိတ စိတ် ဝေဒနာ သဒ္ဓါ ဝီရိယ သတိ ကေဋ္ဌတာ ပညာ နာမ်ဂျန္ဒြေ ၈-ပါး။ ဒ္ဝိဟိတ်ကုသိုလ် **နာမ**ကွန္ဓာနှင့်ယှဉ်သော ပညာကြဉ်သော နာမ်ဂျန္ဒြေ ၇-ပါးတို့သည်ကုသိုလ်ဂျန္ဒြေတို့မည်ကုန်၏။

လောဘမူစိတ် ၈၊ ဒေါသမူစိတ် ၂၊ ဥဒ္ဓစ္စသမ္မယုတ် စိတ်နှင့် ယှဉ်သော ဇီဝိတ စိတ် **ဝေဒနာ** ဝီရိယ ကေဋ္ဌတာ နာမ်ဂျန္ဒြေ ၅-ပါး။ ဝိစိကိစ္ဆာ သဟဂုတ်စိတ်နှင့် ယှဉ်သော ဇီဝိတ စိတ် ဝေဒနာ ဝီရိယ နာမ်ဂျန္ဒြေ လေးပါးတို့သည် **အ**ကုသိုလ် ဂျန္ဒြေတို့မည်ကုန်၏။

[ဝိစိကိစ္ဆာသဟဂုတ်စိတ်နှင့်ယှဉ်သော ကေဋ္ဌတာသည် ဝိစိကိစ္ဆာ၏ နိုဝ်စက်ညှင်းပန်းခြင်းကို ခံနေရသည်၏ အဖြစ်ကြောင့် သမာဓိနှေးမမည်။ တထာ, ဝိစိကိစ္ဆာဓိဋ္ဌေ ကေဋ္ဌတာ မဋ္ဌိန္ဒြိယမဟလဘာဝံ နဂစ္ဆတိ။ ထောက်။]

အကုသလဝိပါက်စိတ် ၇၊ အဟိတ်ကုသလ ဝိပါက်စိတ် ၈၊ ပဋ္ဌဒ္ဓါရုဝင်္ဂန်း နာမကွန္ဓာနှင့်ယှဉ်သော ဇီဝိတ စိတ် ဝေဒနာ နာမ်ဂျန္ဒြေသုံးပါး။ **မ**နောဒ္ဓါရုဝင်္ဂန်း ဟသိတုပ္ပါဒ် **နာ**မကွန္ဓာနှင့်ယှဉ်သောဇီဝိတ စိတ် ဝေဒနာ ဝီရိယ ကေဋ္ဌတာနာမ်ဂျန္ဒြေ

၅-ပါး။ ဒိဋ္ဌိတ်ကာမဝိပါက်လေးခု၊ ဒိဋ္ဌိတ်ကာမကြိယာ လေးခု နာမကွန္ဓာနှင့်ယှဉ်သော ပညာကြဉ်သော နာမ်ဣန္ဒြေ ၇-ပါး။ တိဟိတ်ဝိပါက် တိဟိတ်ကြိယာ နာမကွန္ဓာနှင့် ယှဉ်သော နံဝမ် ဣန္ဒြေ၈-ပါးတို့သည် အဗျာကတ ဣန္ဒြေတို့ မည်ကုန်၏။

[အကုသလဝိပါက်စိတ် ၇၊ အဟိတ်ကုသလဝိပါက်စိတ် ၈၊ ပဉ္စဒ္ဒါရာဝဇ္ဇန်း နာမကွန္ဓာနှင့်ယှဉ်သော ဧကဂ္ဂတာသည် ဝိရိယနှင့်မယှဉ်သောကြောင့် သမာဓိနှေ့ မမည်]။

နဝဗလာနိ သဒ္ဓါဗလं ဝိရိယဗလं သတိဗလံ သမာဓိဗလံ ပညာဗလံ ဟိရိဗလံ ဩတ္တပ္ပဗလံ အဟိရိကဗလံ အနောတ္တပ္ပဗလံ။

ဗိုလ်ကား ၉-ပါး....

၁။ သဒ္ဓါဗိုလ်၊
၂။ ဝီရိယဗိုလ်၊
၃။ သတိဗိုလ်၊
၄။ သမာဓိဗိုလ်၊
၅။ ပညာဗိုလ်၊
၆။ ဟိရိဗိုလ်၊
၇။ ဩတ္တပ္ပဗိုလ်၊
၈။ အဟိရိကဗိုလ်၊
၉။ **အနောတ္တပ္ပဗိုလ်** တည်း။

ထိုတွင် သောဘကစိတ် ၅၉-ခုနှင့် ယှဉ်သော သဒ္ဓါသည် သဒ္ဓါဗိုလ်မည်၏။

ပဋ္ဌာန်ရာဝဇ္ဇန်း, ဒ္ဒေ၊ပဋ္ဌာဝိညာဏ် ၁၀,သမ္ပယုဇ္ဈိန်း ဒ္ဒေ,သန္ဓိ ရဏစိတ် ၃-ခုကြဉ်သောစိတ် ၇၃-ခုနှင့်ယှဉ်သော ဝိရိယသည် ဝိရိယဗိုလ် မည်၏။

သောဘဏစိတ် ၅၉-ခုနှင့်ယှဉ်သော သတိသည် သတိဗိုလ် မည်၏။

ပဋ္ဌာန်ရာဝဇ္ဇန်း ဒ္ဒေ၊ပဋ္ဌာဝိညာဏ် ၁၀၊ သမ္ပယုဇ္ဈိန်း ဒ္ဒေ၊ သန္ဓိ ရဏ စိတ် ၃-ခု ဝိစိကိစ္ဆာ သဟဂုတ်စိတ်ကြဉ်သော ၇၂-ခုနှင့် ယှဉ်သော ဧကဂ္ဂတာသည် သမာဓိဗိုလ်မည်၏။

တိဟိတ်ဝိတ် ၄၇-ခုနှင့် ယှဉ်သော ပညာသည် ပညာဗိုလ် မည်၏။

သောဘဏစိတ် ၅၉-ခုနှင့်ယှဉ်သော ဟိရိနှင့် ဩတ္တပ္ပသည် ဟိရိဗိုလ် ဩတ္တပ္ပဗိုလ် မည်၏။

အကုသိုလ်စိတ် ၁၂-ခုနှင့် ယှဉ်သော အဟိရိက အနောတ္တပ္ပ သည် အဟိရိကဗိုလ် အနောတ္တပ္ပဗိုလ်မည်၏။

ထိုတွင် တိဟိတ် ကုသိုလ်စိတ်နှင့် ယှဉ်သော သဒ္ဓါဝိရိယ သတိ ဧကဂ္ဂတာ ပညာ ဟိရိ ဩတ္တပ္ပဗိုလ် ၇-ပါး။ ဒ္ဝိဟိတ်ကုသိုလ် စိတ်နှင့်ယှဉ်သော ပညာကြဉ်သော ဗိုလ် ၆-ပါးတို့သည် ကုသိုလ် ဗိုလ်တို့ မည်ကုန်၏။

လောဘမူစိတ် ၈-ခု၊ ဒေါသမူဒ္ဒ၊ ဥဒ္ဓစ္စ သမ္ပယုတ်စိတ်နှင့် ယှဉ်သော ဝိရိယ ဧကဂ္ဂတာ အဟိရိက အနောတ္တပ္ပဗိုလ်လေးပါး ဝိစိကိစ္ဆာ သဟဂုတ်စိတ်နှင့် ယှဉ်သော ဝိရိယ အဟိရိက အနော တ္တပ္ပဗိုလ် သုံးပါးတို့သည် အကုသိုလ်ဗိုလ်တို့မည်ကုန်၏။

[ဝိစိကိစ္ဆာသဟဂုတ်စိတ်နှင့်ယှဉ်သော ကေဂ္ဂတာသည် အကုသိုလ်သမာဓိဗိုလ် မမည်။တထာ ဝိစိကိစ္ဆာ စိတ္တေ ကေဂ္ဂတာ မဂ္ဂင်္ဂေယ ဗလဘာဝံ နဂစ္ဆတိ။ ထောက်။]

မနောဒ္ဒါရာဝဇ္ဇန်း ဟသိတုပ္ပါဒ်စိတ်နှင့် ယှဉ်သော ဝိရိယ ကေဂ္ဂတာဗိုလ်နှစ်ပါး။ တိဟိတ်ဝိပါက် တိဟိတ်ကြိယာနှင့် ယှဉ်သော သဒ္ဓါ ဝိရိယ သတိ ကေဂ္ဂတာ ပညာ ဟိရီ ဩတ္တပ္ပ ဗိုလ် ၇-ပါး။ ဒ္ဝိဟိတ်ဝိပါက် ဒ္ဝိဟိတ်ကြိယာစိတ်နှင့်ယှဉ်သော ပညာကြဉ်သော ဗိုလ် ၆-ပါးတို့သည် အဗျာကတဗိုလ် မည်ကုန်၏။

[ပဉ္စဒ္ဒါရာဝဇ္ဇန်း ဒွေး ပဉ္စဝိညာဏ် ၁၀ သမ္ပဋိစ္ဆိန်း ဒွေး သန္တီရဏာစိတ် ၃-ခုနှင့်ယှဉ်သော ကေဂ္ဂတာသည် ဝိရိယနှင့်ယှဉ်သောကြောင့် သမာဓိဗိုလ် မမည်။ အဝိရိယေသု ဗလာနိ နလဘန္တိ။ ထောက်။]

စတ္တာရော အဓိပတီ ဆန္ဒာဓိပတိ ဝိရိယာဓိပတိ စိတ္တာဓိပတိ ဝိမံသာဓိပတိ။

အဓိပတိကား လေးပါး....

၁။ ဆန္ဒာဓိပတိ၊

၂။ ဝိရိယာဓိပတိ၊

၃။ စိတ္တာဓိပတိ၊

၄။ ဝိမံသာဓိပတိ တည်း။

ထိုတွင် မောဟမူလဒ္ဒေးဟသိတုပ္ပါဒ်ဇောကြဉ်သော သာဓိပတိ ဇော ၅၂-ခုနှင့်ယှဉ်သော ဆန္ဒသည် ဆန္ဒာဓိပတိ မည်၏။

ဝိရိယသည် ဝိရိယာဓိပတိ မည်၏။

သာဓိပတိဧာ ၅၂-ခုသည် စိတ္တာဓိပတိ မည်၏။

သာဓိပတိတိဟိတ်ဧာ ၃၄-ခုနှင့်ယှဉ်သော ပညာသည် ဝိမံသာဓိပတိ မည်၏။

ထိုတွင် သာဓိပတိဒ္ဒိဟိတ်ကာမကုသိုလ်ဧာ လေးခုနှင့် ယှဉ်သော ဆန္ဒ ဝိရိယ စိတ်။သာဓိပတိတိဟိတ်ကုသိုလ်ဧာ ၁၇-ခုနှင့် ယှဉ်သော ဆန္ဒ ဝိရိယ စိတ် ဝိမံသ အဓိပတိတရားကိုယ် သုံးပါး လေးပါးတို့တွင် တပါးပါးသည် ကုသိုလ်အဧပတိ မည်၏။

သာဓိပတိလောဘမူဧာနှင့်ယှဉ်သော ဆန္ဒ ဝိရိယ စိတ် အဓိပတိတရားကိုယ် ၃-ပါးတို့တွင် တပါးပါးသည် အကုသိုလ် အဓိပတိ မည်၏။

သာဓိပတိဒ္ဒိဟိတ် ကာမကြိယာဧာ လေးခုနှင့် ယှဉ်သော ဆန္ဒ ဝိရိယ စိတ်။ သာဓိပတိတိဟိတ်ကြိယာဧာ ၁၃-ခု ဖိုလ်ဧာလေးခုနှင့်ယှဉ်သော ဆန္ဒ ဝိရိယ စိတ် ဝိမံသ အဓိပတိတရားကိုယ် သုံးပါး လေးပါးတို့တွင် တပါးပါးသည် အဗျာကတအဓိပတိ မည်၏။

[ဒ္ဒိဟေတု ဂတိဟေတုကဇဝနေသွေဝ ပဝတ္တသမ္ဘဝံ အဓိပတိ ဧကော၀ လဗ္ဘတိ။ ထေရော။]

စတ္တာရော အာဟာရာ ကဗဠီကာရော အာဟာရော ဖဿော ဒုတိယော မနောသဉ္စေတနာ တတိယာ ဝိညာဏံ စတုတ္ထံ။

အာဟာရကား လေးပါး....

၁။ ကဗဠိကာရာဟာရ၊
၂။ ဖဿာဟာရ၊
၃။ စေတနာဟာရ၊
၄။ ဝိညာဏာဟာရ တည်း။

ထိုတွင် ကံ စိတ် ဥတုအာဟာရ အကြောင်းတရား လေးပါး တို့ကြောင့်ဖြစ်သော စတုသမုဋ္ဌာန်ကသြဇာသည် ကဗဠိကာရာဟာရ မည်၏။

စိတ် ၈၄-ခုနှင့်ယှဉ်သော ဖဿသည် ဖဿာဟာရ မည်၏။
စေတနာသည် စေတနာဟာရ မည်၏။
စိတ် ၈၉-ခုသည် ဝိညာဏာဟာရ မည်၏၊
ထိုတွင် ကုသိုလ်နာမကွန္ဓာနှင့်ယှဉ်သော ဖဿ၊ စေတနာ ဝိညာဏ်သည် ကုသိုလ်အာဟာရ မည်၏၊
အကုသိုလ်နာမကွန္ဓာနှင့်ယှဉ်သော ဖဿ စေတနာ ဝိညာဏ်သည် အကုသိုလ်အာဟာရ မည်၏။
စတုသမုဋ္ဌာန်ကသြဇာဝိပါက်ကြိယာနာမကွန္ဓာနှင့်ယှဉ်သော ဖဿ စေတနာ ဝိညာဏ်သည် အဗျာကတအာဟာရမည်၏။

သင်္ဂဟဂါထာ၌ မှတ်ဖွယ်

ဆ ဟေတု ပဋ္ဌာ ဗျာနှင်္ဂါ၊ မဂ္ဂင်္ဂါ နဝ ဝတ္ထုတော။
ဃောဠသ ဣသင်္ခြိယမ္မာ စ၊ ဗလမ္မာ နဝ ဝေ ရိတာ။
စတ္တာရော ဝိပတ်ဝုတ္တာ၊ တထာဟာရာတိ သတ္တမာ။
ကုသလာဒိသမာကိဏ္ဏာ၊ ဝုတ္တော မိဿကသင်္ဂဟော။

ကုသိုလ် အကုသိုလ် ဝိပါက်ကြိယာတို့ဖြင့် ရောပြွမ်းသော မိဿကသင်္ဂဟကား ၇-ပါး၊ (၁) ဆ ဟေတု (၂) ပဋ္ဌာန်၊ (၃) မဂ္ဂင်္ဂါနုဝဝတ္ထုတော (၄) သောဋ္ဌသိန္ဒြိယမမ္မာ စ (၅) ဗလမမ္မာနဝေဒိတာ (၆) စတ္တာရောဝိပတ်ဝတ္ထာ (၇) တထာဟာရတိသတ္တမာ တည်း။

မှတ်ချက်...

စျာန်၈-ပါးတို့တွင် သောမနဿဝေဒနာ ဒေါမနဿဝေဒနာ ဥပေက္ခာဝေဒနာတို့ကို ဝေဒနာတပါး တည်းပြု၍ ပဋ္ဌာန်ဟု ဆိုသည်ဟု မှတ်။

ဤနေ့ ၂၂-ပါးတို့တွင် ဝေဒနိန္ဒြေ ၅-ပါးကို ဝေဒနာတပါးတည်းပြု၍ ပညိန္ဒြေလေးပါးကို ပညာတပါးတည်းပြု၍ သောဋ္ဌသိန္ဒြိယမမ္မာ စ ဟု ဆိုသည်ဟု မှတ်။

မိဿကသင်္ဂဟ ပြီး၏။

:-o-:

ဗောဓိပက္ခိယသင်္ဂဟ

ဗောဓိပက္ခိယသင်္ဂဟော ဧတ္ထာရော သတိပဋ္ဌာနာ ကာယာနုပဿနာ သတိပဋ္ဌာနံ ဝေဒနာနုပဿနာ သတိပဋ္ဌာနံ စိတ္တာနုပဿနာ သတိပဋ္ဌာနံ ဓမ္မာနုပဿနာ သတိပဋ္ဌာနံ။

ဗေဒဓိပက္ခိယသင်္ဂဟ၌သတိပဋ္ဌာန်ကားလေးပါး....

(၁) ကာယာနုပဿနာ သတိပဋ္ဌာန်
(၂) စိတ္တာနုပဿနာ သတိပဋ္ဌာန်
(၃) ဝေဒနာနုပဿနာ သတိပဋ္ဌာန်
(၄) ဓမ္မာနုပဿနာသတိပဋ္ဌာန် တည်း။

တရားကိုယ်အားဖြင့်ကား လောကုတ္တရာ စိတ် ၈-ခုနှင့် ယှဉ်သော သတိသာတည်း။

စတ္တာရော သမ္မပ္ပဓာနာ ဥပ္ပန္နာနံ ပါပကာနံ ပဟာနာယ ဝါယာမော အနုပ္ပန္နာနံ ပါပကာနံ အနုပ္ပါဒါယ ဝါယာမော အနုပ္ပန္နာနံ ကုသလာနံ ဥပ္ပါဒါယ ဝါယာမော ဥပ္ပန္နာနံ ကုသလာနံ ဘိယျောဘာဝါယ ဝါယာမော။

သမ္မပ္ပဓာန်ကားလေးပါး....

(၁) ဖြစ်ပြီးဖြစ်ဆဲ ဖြစ်ကုန်သော အကုသိုလ် တရားတို့ကို အကျိုးပေးခွင့် မရအောင် ပယ်ခြင်းငှါ ကြိုးစားအားထုတ်ခြင်း။
(၂) မဖြစ်ကုန်သေးသော အကုသိုလ်တရားတို့ကို မဖြစ်အောင် ကြိုးစားအားထုတ်ခြင်း။
(၃) မဖြစ်ကုန်သေးသော ကုသိုလ်တရားတို့ကို ဖြစ်ပေါ်လာအောင် ကြိုးစားအားထုတ်ခြင်း။
(၄) ဖြစ်ပြီး ဖြစ်ဆဲ ဖြစ်ကုန်သော ကုသိုလ်တရားတို့ကို တိုးပွါးအောင် ကြိုးစားအားထုတ်ခြင်း တည်း။

တရားကိုယ်အားဖြင့်ကား လောကုတ္တရာစိတ် ၈-ခုနှင့် ယှဉ်သော ဝိရိယသာတည်း။

စတ္တာရော ဣဒ္ဓိပါဒါ ဆန္ဒိဒ္ဓိပါဒေါ ဝိရိယိဒ္ဓိပါဒေါ စိတ္တိဒ္ဓိပါဒေါ ဝိမံသိဒ္ဓိပါဒေါ။

ဣဒ္ဓိပါဒ်ကားလေးပါး....

၁။ ဆန္ဒိဒ္ဓိပါဒ်
၂။ ဝိရိယိဒ္ဓိပါဒ်
၃။ စိတ္တိဒ္ဓိပါဒ်
၄။ ဝိမံသိဒ္ဓိပါဒ် တည်း၊

တရားကိုယ်အားဖြင့်ကား လောကုတ္တရာစိတ် ၈-ခုနှင့် ယှဉ်သော ဆန္ဒ ဝိရိယလောကုတ္တရာစိတ် အမောဟတည်း။

ပဋ္ဌာန်းယာနိ သဒ္ဓိန္ဒြိယံ ဝိရိယိန္ဒြိယံ သတိန္ဒြိယံ သမာဓိန္ဒြိယံ ပညိန္ဒြိယံ။

ဣန္ဒြေကား ၅-ပါး....

၁။ သဒ္ဓိန္ဒြေ
၂။ ဝိရိယိန္ဒြေ
၃။ သတိန္ဒြေ
၄။ သမာဓိန္ဒြေ
၅။ ပညိန္ဒြေ တည်း။

တရားကိုယ်အားဖြင့်ကား လောကုတ္တရာစိတ် ၈-ခုနှင့် ယှဉ်သော သဒ္ဓါဝိရိယ သတိ ကေဋ္ဌတာ အမောဟ တည်း။

ပဠု ဗလာနိ သဒ္ဓါဗလं ဝိရိယဗလं သတိဗလं သမာဓိဗလံ ပညာဗလံ။

ဗိုလ်ကား ၅-ပါး....

၁။ သဒ္ဓါဗိုလ်
၂။ ဝိရိယဗိုလ်
၃။ သတိဗိုလ်
၄။ သမာဓိဗိုလ်
၅။ ပညာဗိုလ် တည်း။

တရားကိုယ်အားဖြင့်ကား လောကုတ္တရာစိတ် ၈-ခုနှင့် ယှဉ်သော သဒ္ဓါဝိရိယ သတိ ကေဋ္ဌတာ အမောဟ တည်း။

သတ္တ ဗောဇ္ဈင်္ဂါ သတိသမ္ဗောဇ္झင်္ဂါ ဓမ္မဝိစယ သမ္ဗောဇ္झင်္ဂါ ဝိရိယ သမ္ဗောဇ္झင်္ဂါ ပီတိသမ္ဗောဇ္झင်္ဂါ ပဿဒ္ဓိ သမ္ဗောဇ္झင်္ဂါ သမာဓိသမ္ဗောဇ္झင်္ဂါ ဥပေက္ခာသမ္ဗောဇ္झင်္ဂါ။

ဗောဇ္ဈင်ကား ၇-ပါး....

၁။ သတိသမ္ဗောဇ္झင်
၂။ ဓမ္မဝိစယသမ္ဗောဇ္झင်
၃။ ဝိရိယသမ္ဗောဇ္झင်
၄။ ပီတိသမ္ဗောဇ္झင်

၅။ ပဿဒ္ဓိသမ္ဗောဇ္ဈင်
၆။ သမာဓိသမ္ဗောဇ္ဈင်
၇။ ဥပေက္ခာသမ္ဗောဇ္ဈင် တည်း။

တရားကိုယ်အားဖြင့်ကား လောကုတ္တရာစိတ် ၈-ခုနှင့် ယှဉ်သော သတိ အမောဟ ဝိရိယ ပီတိ ပဿဒ္ဓိ ကေဂ္ဂတာ တဿမဇ္ဈတ္တတာ တည်း။

အဋ္ဌ မဂ္ဂင်္ဂါနိ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ သမ္မာဝါစာ သမ္မာကမ္မန္တော သမ္မာအာဇီဝေါ သမ္မာဝါယာမော သမ္မာသတိ သမ္မာသမာဓိ။

မဂ္ဂင််ကား ၈-ပါး....

၁။ သမ္မာဒိဋ္ဌိ
၂။ သမ္မာသင်္ကပ္ပ
၃။ သမ္မာဝါစာ
၄။ သမ္မာကမ္မန္တ
၅။ သမ္မာအာဇီဝ
၆။ သမ္မာဝါယာမ
၇။ သမ္မာသတိ
၈။ သမ္မာသမာဓိ တည်း။

တရားကိုယ်အားဖြင့်ကား လောကုတ္တရာစိတ် ၈-ခုနှင့် ယှဉ်သော ပညာ ဝိတက် သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ ဝိရိယ သတိ ကေဂ္ဂတာ တည်း၊

သင်္ဂဟဂါထာ၌ မှတ်ဖွယ်

ဆန္ဒော စိတ္တ မုပေက္ခာ စ၊ သဒ္ဓါ ပဿဒ္ဓိ ပီတိယော။
သမ္မာ ဒိဋ္ဌိ စ သက်ပ္ပေါ၊ ဝါယာမော ဝိရတိတ္တယံ။
သမ္မာသတိ သမာဓိတိ၊ စုဒ္ဒသသဘေ သဘာဝုတောဝ။
သတ္တတိ သိပ္ပဘေဒေန၊ သတ္တဓာ တတ္ထ သင်္ဂဟော။

ဗောဓိပက္ခိယတရား ၃၇-ပါးတို့၏ဘုရားကိုယ်ကား ၁၄-ပါး။ (၁) လောကုတ္တရာစိတ် ၈-ခုနှင့်ယှဉ်သော ဆန္ဒ (၂) လောကုတ္တရာစိတ် (၃) တတြမဇ္ဈတ္တတာ (၄) သဒ္ဓါ (၅) ပဿဒ္ဓိ (၆) ပီတိ (၇) အမောဟ (၈) ဝိတက် (၉) ဝိရိယ (၁၀) သမ္မာဝါစာ (၁၁) ကမ္မာကမ္မန္တ (၁၂) သမ္မာအာဇီဝ (၁၃) သတိ (၁၄) ကေဠိတာ တည်း။

သက်ပ္ပ ပဿဒ္ဓိ စ ပီတု ပေက္ခာ၊
ဆန္ဒော စ စိတ္တံ ဝိရတိတ္တယဉ္စ။
နဝေကဍာနာ ဝိရိယံ နဝဋ္ဌ၊
သတိ သမာဓိ စတု ပဉ္စပညာ။
သဒ္ဓါ ဒုဋ္ဌာနုတ္တမ သတ္တတိ သ၊
ဓမ္မာန မေသော ပဝံရော ဝိဘာဝေါ။

ဗောဓိပက္ခိယတရား ၃၇-ပါးတို့တွင် တကိစ္စ, တဌာန တတ်သောတရားကား ၉-ပါး။ (၁) ဝိဘက် (၂) ပဿဒ္ဓိ (၃) ပီတိ (၄) တတြမဇ္ဈတ္တတာ (၅) ဆန္ဒ (၆) လောကုတ္တရာစိတ် (၇) သမ္မာဝါစာ (၈)သမ္မာကမ္မန္တ (၉) သမ္မာအာဇီဝ တည်း

တကိစ္စတဌာနတပ်ပုံကား...

ဝိတက်သည် သမ္မာသက်ပွမဂ္ဂင်၊ ပဿဒ္ဓိသည် ပဿဒ္ဓိသမ္ဗောဇ္ဈင်၊ ပီတိသည် ပီတိသမ္ဗောဇ္ဈင်၊ တတြမဇ္ဈတ္တတာသည် ဥပေက္ခာသမ္ဗောဇ္ဈင်၊ ဆန္ဒသည် ဆန္ဒိဒ္ဓိပါဒ်၊ လောကုတ္တရာစိတ်သည် စိတ္တိဒ္ဓိပါဒ်၊ သမ္မာဝါစာသည် သမ္မာဝါစာမဂ္ဂင်၊ သမ္မာကမ္မန္တသည် သမ္မာကမ္မန္တမဂ္ဂင်၊ သမ္မာအာဇီဝသည် သမ္မာအာဇီဝမဂ္ဂင် ဟူ၍ တကိစ္စ, တဌာနသာ တပ်၏။

ကိုးကိုစ္စ ကိုးဌာနတပ်သော တရားကား ဝိရိယတပါးသာတည်း။

ကိုးကိစ္စ ကိုးဌာန တပ်ပုံကား....

ဝိရိယသည် သမ္မပ္ပဓာန်လေး၊ ဝိရိယိဒ္ဓိပါဒ်-၁၊ ဝိရိယိန္ဒြေ ၁၊ ဝိရိယဗိုလ် ၁၊ ဝိရိယသမ္ဗောဇ္ဈင် ၁၊ သမ္မာဝါယာမမဂ္ဂင် ၁ ဟူ၍ ကိုးကိစ္စ ကိုးဌာနတပ်၏။

ရှစ်ကိစ္စ ရှစ်ဌာနတပ်သော တရားကား သတိ တပါးသာ တည်း။

ရှစ်ကိစ္စ ရှစ်ဌာန တပ်ပုံကား....

သတိသည် သတိပဋ္ဌာန် လေး၊ သတိန္ဒြေ ၁၊ သတိဗိုလ် ၁၊ သတိသမ္ဗောဇ္ဈင် ၁၊ သမ္မာသတိမဂ္ဂင် ၁ ဟူ၍ ရှစ်ကိစ္စ ရှစ်ဌာန တပ်၏။

လေးကိစ္စ လေးဌာနတပ်သော တရားကား ကေဠာ တပါးသာတည်း။

လေးကိစ္စ လေးဌာန တပ်ပုံကား....

ကေဋ္ဌတာသည် သမာဓိနှေ့၊ သမာဓိဗိုလ်၊သမာဓိသမ္ပေါဇ္ဈင်၊ သမ္မာသမ္မာဓိမဂ္ဂင် ဟူ၍ **လေးကိစ္စ** လေးဌာနတပ်၏။

ငါးကိစ္စ ငါးဌာနတပ်သော် တရားကား ပညာတပါးသာ တည်း။

ငါးကိစ္စ ငါးဌာနတပ်ပုံကား....

ပညာသည် ဝိမံသိဒ္ဓိပါဒ်၊ ပညိန္ဒြေ၊ ပညာဗိုလ်၊ ဓမ္မဝိစယ သမ္ဗောဇ္ဈင်၊ သမ္မာဒိဋ္ဌိမဂ္ဂင် ဟူ၍ ငါးကိစ္စ ငါးဌာနဲ့ယပ်၏။

နှစ်ကိစ္စနှစ်ဌာနတပ်သောတရားကား သဒ္ဓါတပါးသာတည်း။

နှစ်ကိစ္စ နှစ်ဌာနတပ်ပုံကား....

သဒ္ဓါသည် သဒ္ဓိန္ဒြေ၊ သဒ္ဓါဗိုလ် ဟူ၍ **နှစ်ကိစ္စနှစ်ဌာ**နတပ်၏။

သဗ္ဗ **လောကုတ္တရေ ဟောန္တိ...**

လောကုတ္တရာ ပဌမစျာန်စိတ် ၈-ခု၌ ၃၇-ပါးသော ဗောဓိ-ပက္ခိယ တရားတို့ကို ရအောပ်ကုန်၏။

နဝါသက်ပပ **ပီတိယော...**

လောကုတ္တရာ ဒုတိယစျာန်စိတ် ၈-ခု၊ တတိယစျာန်စိတ် ၈-ခုတို့၌ ဝိတက်ကြည် ဗောဓိပက္ခိယတရား ၃၆-ပါးတို့ကို ရအောပ်ကုန်၏။

လောကုတ္တရာ စတုတ္ထစျာန်စိတ် ၈-ခု၊ ပဉ္စမစျာန်စိတ် ၈-ခု တို့၌ ဝိတက် ပီတိကြောင့် ဗောဓိပက္ခိယတရား ၃၅-ပါးတို့ကိုရအပ်ကုန်၏။

(ဒုတိယ တတိယ စတုတ္ထ ပဉ္စမစျာန်စိတ်တို့၌ ဝိတက် မယှဉ်နိုင်သောကြောင့် ဝိတက်ကို တရားကိုယ်ကောက်ရသည့် သမ္မာသက်ပ္ပ မဂ္ဂင်ဗောဓိပက္ခိယတရား မရပါ။ စတုတ္ထစျာန် ပဉ္စမစျာန်တို့၌ ပီတိ မယှဉ်သောကြောင့် ပီတိကိုတရားကိုယ်ကောက်ရသည့် ပီတိသမ္ဗောဇ္ဈင် ဗောဓိပက္ခိယတရား မရပါ။ စေတသိက်ပိုင်း ပြန်ကြည့်)

လောကိ ယေပိ ယထာယောဂံ ၊ ဆဒ္ဓိသုဒ္ဓိ ပဝတ္တိယံ။

လောကီကုသိုလ် ကြိယာစိတ်တို့၌ သီလဝိသုဒ္ဓိ စသော ဝိသုဒ္ဓိ ၆-ပါးဖြစ်သည့်အခါ ဗောဓိပက္ခိယတရားတို့ကို ထိုက်သည် အားလျော်စွာ ရအပ်ကုန်၏။

(ဖိုက်သည်အားလျော်စွာ ရပုံကို ပိဋကပါဠိ မြန်မာအဘိဓာန် ၆-၁၈ ဒုတိယပိုင်း ဗောဓိပက္ခိယပုဒ်ကို ကြည့်ပါ။ ဤ၌ အကျယ်မရေးသာပြီ)

ဗောဓိပက္ခိယသင်္ဂဟ ပြီး၏

:-၉-:

သဗ္ဗသင်္ဂဟ

သဗ္ဗသင်္ဂဟေ ပဋ္ဌာနဿ ရူပက္ခန္ဓော ဝေဒနာက္ခန္ဓော သညာ က္ခန္ဓော သင်္ခါရက္ခန္ဓော ဝိညာဏက္ခန္ဓော။

သဗ္ဗသင်္ဂဟဌ် ခန္ဓာကား ၅-ပါး....

၁။ ရူပက္ခန္ဓာ၊
၂။ ဝေဒနာက္ခန္ဓာ၊
၃။ သညာက္ခန္ဓာ၊
၄။ သင်္ခါရက္ခန္ဓာ၊
၅။ ဝိညာဏက္ခန္ဓာ တည်း။

ဤတွင် ရူပ် ၂၈-ခုသည် ရူပက္ခန္ဓာ မည်၏။ စိတ် ၈၉-ခုနှင့် ယှဉ်သော ဝေဒနာသည် ဝေဒနာက္ခန္ဓာ မည်၏။ သညာသည် သညာက္ခန္ဓာ မည်၏။ ဝေဒနာသညာမှ ကြွင်းသော စေတသိက် ၅၀-သည် သင်္ခါရက္ခန္ဓာ မည်၏။ စိတ် ၈၉-ခုသည် ဝိညာဏက္ခန္ဓာ မည်၏။

ပဋ္ဌာ၊ ပါဒါနက္ခန္ဓာ ရူပုပါဒါနက္ခန္ဓော ဝေဒနုပါဒါနက္ခန္ဓော သညုပါဒါ နက္ခန္ဓော သင်္ခါရုပါဒါ နက္ခန္ဓော ဝိညာဏုပါဒါ နက္ခန္ဓော။

ဥပါဒါနက္ခန္ဓာကား ၅-ပါး....

၁။ ရူပုပါဒါနက္ခန္ဓာ၊
၂။ ဝေဒနုပါဒါနက္ခန္ဓာ၊
၃။ သညုပါဒါနက္ခန္ဓာ၊
၄။ သင်္ခါရုပါဒါနက္ခန္ဓာ၊
၅။ ဝိညာဏုပါဒါနက္ခန္ဓာ တည်း။

ထိုတွင် ရူပ် ၂၈-ခုသည် ရူပုပါဒါနကွန္ဓာ မည်၏။ လောကီစိတ် ၈၁-ခုနှင့် ယှဉ်သော ဝေဒနာသည် ဝေဒနုပါဒါနကွန္ဓာ မည်၏။ သညာသည် သညုပါဒါနကွန္ဓာ မည်၏။ ဝေဒနာသညာမှ ကြွင်းသော စေတသိက် ၅၀-သည် သင်္ခါရုပါဒါနကွန္ဓာ မည်၏။ လောကီစိတ် ၈၁-ခုသည် ဝိညာဏုပါဒါနကွန္ဓာ မည်၏။

ဒ္ဒါဒသာယတနာနိ စက္ခာယတနံ သောတာယတနံ ဃာနာယတနံ ဇိဝှါယတနံ ကာယာယတနံ မနာယတနံ ရူပါယတနံ သဒ္ဒါယတနံ ဂန္ဓာယတနံ ရသာယတနံ ဖောဋ္ဌဗ္ဗာယတနံ ဓမ္မာယတနံ။

အာယတနကား ၁၂-ပါး....

၁။ စက္ခာယတန၊
၂။ သောတာယတန၊
၃။ ဃာနာယတန၊
၄။ ဇိဝှါယတန၊
၅။ ကာယာယတန၊
၆။ မနာယတန၊
၇။ ရူပါယတန၊
၈။ သဒ္ဒါယတန၊
၉။ ဂန္ဓာယတန၊
၁၀။ ရသာယတန၊
၁၁။ ဖောဋ္ဌဗ္ဗာယတန၊
၁၂။ ဓမ္မာယတန တည်း။

ထိုတွင် စက္ခုပသာဒသည် စက္ခာယဘန မည်၏။ သောတပသာဒသည် သောတာယတန မည်၏။ ဃာနပသာဒသည် ဃာနာယတန မည်၏၊ ဇိဝှါပသာဒသည် ဇိဝှါယတန မည်၏။ ကာယပသာဒသည် ကာယာယတန မည်၏။ စိတ် ၈၉-ခုသည် မနာယတန မည်၏။ ရူပါရုံသည် ရူပါယတန မည်၏။ သဒ္ဒါရုံသည် သဒ္ဒါယတန မည်၏။ ဂန္ဓာရုံသည် ဂန္ဓာယတန မည်၏။ ရသာရုံသည် ရသာယတန မည်၏။ ပထဝီ၊ တေဇော၊ ဝါယောဟု ဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗာယတန မည်၏။ စေတသိက် ၅၂၊ သုခုမရူပ် ၁၆၊ နိဗ္ဗာန်သည် ဓမ္မာယတန မည်၏။

အဋ္ဌာရသ ဓာတုယော စက္ခုဓာတု သောတဓာတု ဃာနဓာတု ဇိဝှါဓာတု ကာယဓာတု ရူပဓာတု သဒ္ဒဓာတု ဂန္ဓဓာတု ရသဓာတု ဖောဋ္ဌဗ္ဗဓာတု စက္ခုဝိညာဏဓာတု သောတဝိညာဏဓာတု ဃာနဝိညာဏဓာတု ဇိဝှါဝိညာဏဓာတု ကာယဝိညာဏဓာတု မနောဓာတု မနောဝိညာဏဓာတု ဓမ္မဓာတု။

ဓာတ်ကား ၁၈-ပါး....

၁။ စက္ခုဓာတ်၊
၂။ သောတဓာတ်၊
၃။ ဃာနဓာတ်၊
၄။ ဇိဝှါဓာတ်၊
၅။ ကာယဓာတ်၊
၆။ ရူပဓာတ်၊

၇။ သဒ္ဒဓာတ်၊
၈။ ဂန္ဓဓာတ်၊
၉။ ရသဓာတ်၊
၁၀။ ဖောဋ္ဌဗ္ဗဓာတ်၊
၁၁။ စက္ခုဝိညာဏဓာတ်၊
၁၂။ သောတဝိညာဏဓာတ်၊
၁၃။ ဃာနဝိညာဏဓာတ်၊
၁၄။ ဇိဝှါဝိညာဏဓာတ်၊
၁၅။ ကာယဝိညာဏဓာတ်၊
၁၆။ မနောဓာတ်၊
၁၇။ မနောဝိညာဏဓာတ်၊
၁၈။ ဓမ္မဓာတ် တည်း။

ထိုတွင် စက္ခုပသာဒသည် စက္ခုဓာတ် မည်၏။ သောတပသာဒသည် သောတဓာတ် မည်၏။ ဃာနပသာဒသည် ဃာနဓာတ် မည်၏။ ဇိဝှါပသာဒသည် ဇိဝှါဓာတ် မည်၏။ ကာယပသာဒသည် ကာယဓာတ် မည်၏။ ရူပါရုံသည် ရူပဓာတ်မည်၏။ သဒ္ဒါရုံသည် သဒ္ဒဓာတ် မည်၏။ ဂန္ဓာရုံသည် ဂန္ဓဓာတ် မည်၏။ ရသာရုံသည် ရသဓာတ် မည်၏။ ပထဝီ တေဇော ဝါယော ဟု ဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗဓာတ် မည်၏။ (ဤကား ရူပ်ဓာတ် ၁၀-ပါး)စက္ခုဝိညာဏ်ဒွေးသည် စက္ခုဝိညာဏဓာတ် မည်၏။ သောတဝိညာဏ်ဒွေးသည် သောတဝိညာဏဓာတ် မည်၏။ ဃာနဝိညာဏ်ဒွေးသည် ဃာနဝိညာဏဓာတ် မည်၏။ ဇိဝှါဝိညာဏ်ဒွေးသည် ဇိဝှါဝိညာဏဓာတ် မည်၏။ ကာယ

ဝိညာဏ်ဒွေးသည် ကာယဝိညာဏခေါတ် မည်၏။ ပဉ္စဒ္ဒါရာဝဇ္ဇန်း သမ္ပဋိစ္ဆိန်းဒွေးသည် မနောခေါတ် မည်၏။ ဒွေးပဉ္စဝိညာဏ် ၁၀ မနောခေါတ်သုံးခုမှ ကြွင်းသော စိတ် ၇၆-ခုသည် မနောဝိညာဏခေါတ် မည်၏။ (ဤကား နာမ်ခေါတ် ၇-ပါး)စေတသိက် ၅၂-ခု၊ သုခုမရူပ် ၁၆၊ နိဗ္ဗာန်သည် ဓမ္မခေါတ် မည်၏။ (ရူပ်နာမ် အရော ခေါတ်တပါး)။

စတ္တာရီ အရိယသစ္စာနိ ဒုက္ခံအရိယသံစံ ဒုက္ခသမุဒယော အရိယသံစံ ဒုက္ခနိရောဓော အရိယသံစံ ဒုက္ခနိရောဓဂါမိနိပဋိပဒါ အရိယသစ်။

သစ္စာကား လေးပါး....

၁။ ဒုက္ခသစ္စာ၊
၂။ သမุဒယသစ္စာ၊
၃။ နိရောဓသစ္စာ၊
၄။ မဂ္ဂသစ္စာ တည်း။

ထိုတွင် လောကီစိတ် ၈၁၊ လောဘကြောင့်သော စေတသိက် ၅၁၊ ရူပ် ၂၈-ခုသည် ဒုက္ခသစ္စာမည်၏။ လောဘသည် သမุ-ဒယသစ္စာ မည်၏။ နိဗ္ဗာန်သည် နိရောဓသစ္စာ မည်၏။ မဂ်စိတ် လေးခုနှင့် ယှဉ်သော ပညာ ဝိတက် သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ ဝိရိယ သတိ ဧကဂ္ဂတာ မဂ္ဂင်တရားကိုယ် ၈-ပါး ၇-ပါးသည် မဂ္ဂသစ္စာ မည်၏။ မဂ္ဂင်တရားကိုယ် ၈-ပါး၊ ၇-ပါးမှ ကြွင်းသော မဂ်စိတ်တို့ပြေါ်၌ ၂၉-ခု၊ ဖိုလ်စိတ်တို့ပြေါ်၌ ၃၇-ခု၊ အနိန္ဒြိယဗဒ္ဓရူပ်, ပညတ်တရားတို့သည် သစ္စာလေးပါးမှ လွတ်ကုန်၏။

ဣတ္ထေ ပန စေဘသိက သုခုမ ရူ၊ နိဗ္ဗာနဝသေန ကေ္ကနသတ္တတိ ဓမ္မာ ဓမ္မာယတန ဓမ္မဓာတူတိ သင်္ခ် ဂစ္ဆန္တိ။

ထိုအာယတနဓာတ်တို့တွင် ဓမ္မာယတန် ဓမ္မဓာတ်အရကားဟု ဆိုတတ်ကုန် ၅၂၊ သုခုမရူပ် ၁၆ နိဗ္ဗာန်တည်း။

မနာယတန ဧဝ သတ္တဝိညာဏဓာတုဝသေန ဘိဒ္ဒတိ။

မနာယတနတခုသည်ပင် စက္ခုဝိညာဏ်ဓာတ်၊ သောတဝိညာဏ်ဓာတ်၊ ဃာနဝိညာဏဓာတ်၊ ဇိဝှါဝိညာဏဓာတ်၊ ကာယဝိညာဏ်ဓာတ်၊ မနောဓာတ်၊ မနောဝိညာဏဓာတ် ဟူ၍ ၇-ပါးပြားတ်။

သင်္ဂဟဂါထာ၌ မှတ်ဖွယ်

ရူပဉ္စ ဝေဒနာ သညာ၊ သေသ စေတသိကာ တထာ။
ဝိညာဏမိတိ ပဉ္စေတေ၊ ပဉ္စက္ခန္ဓာတိ ဘာသိတာ။- ၌

ပဉ္စက္ခန္ဓာ အရကား ရူပက္ခန္ဓာ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာ တည်း။

ပဉ္စုပါဒါနက္ခန္ဓာတို့၊ တထာ တေဘူမကာမတာ။

ဘုံသုံးပါး၌ဖြစ်သော လေးကိခန္ဓာ ၅-ပါးတို့သည် ဥပါဒါန်၏ အာရုံဖြစ်သောကြောင့် ပဉ္စုပါဒါနက္ခန္ဓာ တို့ မည်ကုန်၏။

ဘေဒါဘာဝေနနိဗ္ဗာနံ၊ ခန္ဓသင်္ဂဟနိဿိတံ။

နိဗ္ဗာန်သည် ပစ္စုပ္ပန် အတိတ် အနာဂတ် အစ္စတ္တ ပဟိဒ္ဓ ဒူရအာသန္န ဟိန ပဏီတ သုခုမ သြဠာရိက ဟု ဆိုအပ်သော ၁၁-ပါးသော အပြားမရှိခြင်းကြောင့် ခန္ဓာဟူသော အရေအတွက်မှ လွတ်၏။

ဒ္ဒါရာလမ္မနဘေဒေန၊ ဘဝန္ဓ်ာ ယတနာနိစ။
ဒ္ဒါရာလမ္မ တဒုပ္ပန္ဒ၊ ပရိယာဃယန ဓာတုယော။

အာယတနတို့သည် ဒ္ဒါရအာရုံ ပြားသောကြောင့် ၁၂-ပါး အပြားရှိကုန်၏။ ဓာတ်တို့သည်လည်း ဒ္ဒါရ ၆-ပါး အာရုံ ၆-ပါး ထိုဒ္ဒါရအာရုံကိုမှီ၍ ဖြစ်သော ဝိညာဏ် ၆-ပါးတို့၏ အစဉ်ဖြင့် ၁၈-ပါး အပြားရှိကုန်၏။

ဒုက္ခံ တေဘူမကံ ဝဋ္ဋံ၊ တဏှာ သမုဒယော ဘဝေ။
နိရောဓော နာမ နိဗ္ဗာနံ၊ မဂ္ဂေါ လောကုတ္တရော မတော။

ဘုံသုံးပါးဌဿဖြစ်သော လောကီစိတ် ၈၁၊ လောဘကြဉ်သော စေတသိက် ၅၁၊ ရူပ် ၂၈-ဟု ဆိုအပ်သော ဝဋ္ဋဘရားသည် ဒုက္ခသစ္စာ မည်၏။ တဏှာ=လောဘသည် သမုဒယသစ္စာ မည်၏။ နိဗ္ဗာန်သည် နိရောဓသစ္စာ မည်၏။ မဂ်စိတ်လေးခုနှင့် ယှဉ်သော ပညာ ဝိတက် သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ ဝိရိယ သတိ ဧကဂ္ဂတာ မဂ်င်တရားကိုယ် ၈-ပါး ၇-ပါးသည် မဂ္ဂသစ္စာ မည်၏။

မဂ္ဂယုတ္တာ ဖလာစေဝ၊ စတုသစ္စ ဝိနိဿဋာ။
ဣတိ ပဋ္ဌပေဘေဒေန၊ ပဝုတ္တော သဗ္ဗသင်္ဂဟော။

မင်း စိတ္တုပ္ပါဒ် ၂၉-ခု၊ ဖိုလ်စိတ္တုပ္ပါဒ် ၃၇-ခု၊ အနိန္ဒြိယ-ပဒ္ဓရူပ်၊ ပညတ်တရားတို့သည် သစ္စာလေးပါးမှ လွတ်ကုန်၏။

သဗ္ဗသင်္ဂဟဌ် ပြုဆိုသော တရားတို့သည်ကား ၅-ပါး။ (၁) ခန္ဓာ (၂) ဥပါဒါနက္ခန္ဓာ (၃) အာယတန (၄) ဓာတ် (၅) သစ္စာ တို့တည်း။

သမုန္ဒည်းမိုင်း ပြီး၏။

မှာထားချက်

သောဓိတေ ပေတ္ထ ဝိရေန၊
ပမာဒေန ဘမေန ဝါ။
ခလိတာ ယဒိ ပဿန္တိ၊
တေ သောဒေန္တေ ဟိတတ္ထိကာ။

ပါဠိဆရာ ဦးအောင်တင်

ပြင်ဆင်ချက်

အမှား	အမှန်	မျက်နှာ	ကြောင်းရေ
မနောဒ္ဓါရဌ် ဝိသယပ ဝတ္ထိကား	မနောဒ္ဓါရဌ် ဝိသယပ္ပ ဝတ္ထိကား	၄	၁၁
အပ္ပဟေန္တာ	အပ္ပဟောန္တာ	၉	၁၅
ပဠုဒ္ဓါရာဝဇ္ဇာန်း	ပဠုဒ္ဓါရာဝဇ္ဇန်း	၁၀	၄
ဤဝိထိတ္ထိသည်ကာ၊	ဤဝိထိတ္ထိသည်ကားပ	၁၅	၁၂
ဥပါခဏနှင့်	ဥပါဒ်ခဏနှင့်	၁၆	၁ဂ
ဘဝင်ဘဝင်ဟု	ဘဝင်ဘဝင်ဟု	၃၁	၂၁
ဒုက္ခဘ သတ္တ ဝါပညတ်	ဒုက္ခတ သတ္တ ဝါပညတ်	၃၂	၁ဂ
မနောဒ္ဓါရဝဇ္ဇန်း-	မနောဒ္ဓါရာဝဇ္ဇန်း	၃၅	၁ဇ
ဟေဋ္ဌမဇ္ဈ	ဟေဋ္ဌိမဇ္ဈ	၃ဂ	၁၄
တဒါရမ္မဏနိယမ	တဒါရမ္မဏနိယမ	၄၂	၁၄
အတိဋ္ဌပဠုရုံကို	အတိဋ္ဌပဠုဝရုံကို	၄၄	၁၀
အတိဋ္ဌဝရုံနှင့်ဓမ္မဝရုံကို	အတိဋ္ဌဓမ္မဝရုံကို	၄၄	၁ဇ
မရဏကာလသိသု	မရဏကာလသီသု	၄၅	၁ဂ
မရဏသန္ဓေသည်	မရဏာသန္ဓေဘိုသည်	၄၅	၂၀
အာဒ်ကံမ္မိကဿ	အာဒိကမ္မိကဿ	၄ဖ	၉
နိရောဓံဖု သတိ။	နိရောဓံ ဖုသတိ။	၄ဖ	၂၀
ဘဝဂ်ဝါတော ဝ	ဘဝဂ်ပါတောဝ	၄ဂ	၅
ဘဝဂ်သော တောဝိယ	ဘဝဂ်သောတော ဝိယ	၄ဂ	၇

ပြင်ဆင်ချက်

အမှား	အမှန်	မျက်နှာ	လိုင်းရေ
သကိ့မတ	သကိ်ုမတာ။	၄၇	၁၀
ဇဝနနိ်ယာမ ပြီး၏	ဇဝနနိ်ယမ ပြီး၏။	၄၀	၅
မဟာနိ်ပါကာနိ	မဟာဝိ်ပါကာနိ	၄၀	၁၀
ဒုဂ္ဂတိအဟိက်	ဒုဂ္ဂတိအဟိတ်	၄၀	၁၁
အရိယာ နမေဝ	အရိယာန မေဝ	၄၉	၁၂
သတ္ဘာဝိဓာဟေပတိ	သ့ဘ္ဘာဝိဓာ ဟောတ့ိ	၅၆	၁၁
ဝသဝတ္တိဘုံတည်။	ဝသဝတ္တိ ဘုံတည်။	၅၆	၁၉
မေကာဒသဝိဓာပိ	မေကဒသဝိဓာပိ	၅၆	၂၀
ပဋိသန္ဓိဘဝ၀်	ပဋိသန္ဓိဘဝ၀်	၆၅	၂
ဗြဟ္မပါရိသဇ္ဇာဘုံ၌	ဗြဟ္မပါရိသဇ္ဇာဘုံ၌	၆၇	၁
ပရိတ္တာဘုံ၌	ပရိတ္တာဘာဘုံ၌	၆၇	၁၀
သုတကိဏ္ဏာဘုံ၌	သုဘကိဏ္ဏာဘုံ၌	၆၀	၄
နေ၀သညာနာသာ ယတန	နေ၀သညာနာသညာ ယတန	၇၀	၁
သဋ္ဌိကပ္ပသဟဿာနိ	သဋ္ဌိကပ္ပသဟဿာနိ	၇၀	၁၇
ဥပ္ပဿတကက်	ဥပ္ပဿာဘကက်	၇၂	၁၂
ကံ့ာမကုသိုတ်ကံ	ကာမကုသိုလ်ကံ	၇၉	၁၀
ဒ္ဒိဟိတ်ဥဿ ၌	ဒ္ဒိဟိတ်ဥက္ကဿ ၌	၈၀	၁၇
ကာနသုဂတိ	ကာမသုဂတိ	၈၀	၁၀
ဒသာ ၌ စ	ဒသာ ၌ စ	၈၂	၁
အဟိက်ကုသလ	အဟိတ်ကုသလ	၈၂	၇

ပြင်ဆင်ချက်

အမှား	အမှန်	မျက်နှာ	လိုင်းရေ
တတိယဈာနဥ္စ	တတိယဈာနဥ္စ	၈၃	၁၇
အရူပါဝစရ	အရူပါဝစရ	၈၆	၇
ပရိနိဗ္ဗာန်ပြုရဟန္တာ	ပရိနိဗ္ဗာန်ပြုသောရဟန္တာ	၁၂၀	၆
ဟသိတုပ္ပဇ္ဇော	ဟသိတုပ္ပါဒ်ဇော	၁၂၀	၁၈
နောဒ္ဓါရာဝဇ္ဇန်း	မနောဒ္ဓါရာဝဇ္ဇန်း	၁၂၁	၁၁
ပရိသောသာန	ပရိယောသာန	၁၂၂	၁၂
ရူပပဋိသန္ဓေ	အရူပပဋိသန္ဓေ	၁၂၃	၁၅
အာတိဠ္ဌည်ာယတန	အာကိဠ္ဌည်ာယတန	၁၂၄	၂၀
မန္ဒုံ	မဒ္ဒုံ	၁၃၀	၁၉
ဇိုဝိဘာဟာရ	ဇိုဝိတာဟာရ	၁၃၁	၁၄
အနိန္ဒြိယ ၂၀	အနိန္ဒြိယ ၂၀	၁၃၇	၁၃
တရုံဝိနိဿောဝဂရူပံ	ဒုတရုံဝိနိဿောဝဂရူပံ	၁၃၉	၁၇
စိတ္တသ မုဌ္ဌာန	စိတ္တ သမုဌ္ဌာန	၁၄၁	၆
ဒကသ	ဒသက	၁၅၃	၁၀
ပဋိဃာနုသယကား ဒိဋ္ဌိ	ဒိဋ္ဌာနုသယကား ဒိဋ္ဌိ	၁၆၉	၁၉
ဝုဏ္ဏောယံ	ဝုဏ္ဏောယံ	၁၇၂	၁၉

ဒုတိယ ပြင်ဆင်ချက်

မှား	မှန်	မျက်နှာ	ကြောင်းရေ
ဒွါဒသောပေက္ခာကာ	ဒွါဒသောပေက္ခကာ	၃၈	၂
ပုထုဇ္ဇနာသေက္ခာနံ	ပုထုဇ္ဇနာ နဲ့ သေက္ခာနံ	၃၈	၄
သတ္ထာပိ	တတ္ထာပိ	၃၈	၁၃
ကာမဂတိယံ	ကာမသုဂတိယံ	၆၁	၁၁
အသင်္ခေ်ယျကပ် နှစ်ကပ်တည်း	မဟာကပ်နှစ်ကပ်တည်း	၆၇	၁၁
ဂ-ခု မဟာဝိပါက်ဉာဏ ဝိပ္ပယုတ်	ဂ-ခုကာမသုဂတိခုနစ်ဘုံ၌ အဟိတ်ကုသလဝိပါက် ဂ-ခု၊ မဟာဝိပါက် ဉာဏဝိပ္ပယုတ်	၈၀	၂၁
သေသောရှိသူဖြစ်အံ့	သေသောသူဖြစ်အံ့	၁၀၀	၁၆
ဘဝ၏သစ်	ဘဝသစ်	၁၀၆	၁၄
ပထကသိုဏ်း	ပထဝီကသိုဏ်း	၁၂၁	၅
အဝိနိဗ္ဘောဂရုပ် ဂ၊ သဒ္ဒရုပ် ၁၊	သဒ္ဒရုပ် ၁-ကို ဖျက်ပါ	၁၅၀	၁၃
ပဝတ္တိကာလေ ကမေန	ပဝတ္တိကာလေ ကမ္မေန	၁၅၄	၆
သမ္ဘာဝါစာ၊ သမ္ဘာကမ္မန် သမ္ဘာအာဇီဝ	(၃-ခုလုံးကို ဖျက်ပါ)	၁၇၈	၈
ဝိရိယနှင့် ယှဉ်သော ကြောင့်	ဝိရိယနှင့်ယှဉ်သော ကြောင့်	၁၈၆	၁၁
ငါးဌာနယပ်၏	ငါးဌာနတပ်၏	၁၉၆	၈

နိုးဆော်စာ

ဤအလယ်တန်းသင်္ဂြိုဟ်၌ ကျေးဇူးရှင် မစိုးရိမ်ဆရာတော် ဘုရားကြီး သည် သတ္တဝါတို့ သန္တာန်၌ ဖြစ်ပေါ် လာသမျှ သော စိတ်တို့၏ နိယာမအစဉ်အလာကို မခိုမကပ်စေ့ငေးအောင် သင်ပြထားသည်ကို လည်းကောင်း၊ သုတ္တန်ပိဋကတ် အဘိဓမ္မာ ပိဋကဟူသော ပိဋက ၂-ပုံတို့၌ရှိသော တရားသဘော တို့၏ သရုပ်တရားကိုယ် မျှားကို ထိထိမိမိသိရှိကြရလေအောင် သင်ပြထားသည် ကို လည်းကောင်း လေ့လာ ကြည့်ရှု နိုင်ကြပါ သည်။

ယင်းသို့ အဆင့်အတန်းမြင့်မားသည့် ကျမ်းစာကို ကလျာ ဏနွယ်ဝင်သူတော်စဉ်အပေါင်းတို့သည် သဗ္ဗဒါနာနံ ဓမ္မဒါနံ ဇိနာတိ - ဟူသော ဒေသနာတော်အရ အလှူအမျိုးမျိုးတို့တွင် တရားအလှူ က အကောင်မြင်နိုင်ဆုံး ဖြစ်ကြောင်း နားလည် ကြပြီးဖြစ်သည်အားလျော်စွာ တတ်အားသမျှ ကုသိုလ်ပါဝင် တော် မူကြပါမည့်အကြောင်း စေတနာကောင်းဖြင့် နှိုးဆော် တိုက်တွန်းလိုက်ပါသည် သူတော်စဉ်အပေါင်းတို့ ခင်ဗျား။

မစိုးရိမ်သာသနဟိတကာရီ အသင်း

အမှတ် ၂၂၊ ကံဘဲ့ဘုရားရုံလမ်း၊ ရန်ကင်း၊

ရန်ကုန်မြို့။